


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၀၆၀၁၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၁၄၀၁၀၉

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ကျပ်

BURMESE CLASSIC .com

## မာတိကာ

| စဉ် | စာစဉ်အညွှန်း | စာမျက်နှာ |
|---|---|---|
| ၁။ | သရဲမကြောက်အူးဆိုတဲ့ ကိုပိန္နဲ့<br>**မောင်ညိုမှိုင်း (သန်လျင်)** | ၁ |
| ၂။ | မြေကြမ်း ရေကြမ်း အတွေးဆန်း<br>**ထောင်မှူးကြီးသိန်းဝင်း** | ၃၅ |
| ၃။ | ကိုခြောက်စောင်းနှင့် မကျီးကန်းတို့ရဲ့ ပစ္စုပ္ပန်ဝင့်ကြွေး<br>**နတ်လူဦး** | ၅၂ |
| ၄။ | ၄ ဂဏန်းနဲ့လူ<br>**သီဟထိပ်တင်စော** | ၆၉ |
| ၅။ | နံကသူလိုက်ဂူတော်<br>**ဆရာကြီးအရိန္ဒမာ** | ၁၁၀ |

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

❐

ထန်းရည်ဆိုင်ပိုင်ရှင်ဦးပိန်ခွဲကို ကျွန်တော်တို့အရပ်က အသောက်သမားများက "ဦးကပ်စေးနဲ" ဟု ခေါ်ကြ၏။ သောက်မြင်လည်း အလွန်ကပ်ကြ၏။

ဒါပေမယ့် သူ့ထန်းရည်ဆိုင်နှင့် မကာင်းနိုင်ကြ။

သူသည် ဒီအရပ်ဒေသကလေးမှာ ထန်းအပင် (၄၀)ကျော် လိုင်စင်စီရထား၏။ ထန်းရည်ဆိုင်ကလည်း သည်ဝန်းကျင်မှာ သူတစ်ဦးတည်းသာရှိ၍ မသောက်မနေနိုင်သူများက ဖောက်သည်လို သောက်နေရ၏။

လူက စည်းကမ်းကြီးသည် ပြောရမည်လား စနစ်ကျသည် ပြောရမည်လား ဒါမှမဟုတ် ကပ်စေးနဲသည်ဟု ဆိုရမည်လား။





ထန်းရည်တက်၊ ထန်းရည်ခံသူ သူ့အလုပ်သမား ကိုကုလားကြီးကို အပင်ပေါ်မှာ ထန်းရည်မသောက်ရဟု ပြောထား၏။

ဘာလို့လဲဟုမေးလျှင်

အပေါ်မှာ မူးယစ်ပြီးပြုတ်ကျ၍ သေမှာစိုးလို့ဟု ပြော၏။

ကိုကုလားကြီး အလျင်တက်သော ထန်းသမားနှစ်ဦး သို့ကလို လုပ်၍ အပင်ပေါ်မှ ပြုတ်ကျပြီး သေခဲ့ဖူးသည်ဟုဆို၏။

ဒါဖြင့် အောက်ရောက်မှ သောက်ရင်ရမလားဟု အတွန့်မတက်နှင့်

"မင်းကို ထန်းပင်တက်ခ ပေးထားတာ မင်းအလုပ်က ထန်းရည်ခံပေးဖို့၊ ထန်းရည်အတွက်ကောင်းအောင် ထန်းနို့လှီးဖို့၊ ထန်းနှင်းပြုပြင်ဖို့ ထန်းရည်သောက်ချင်ရင် ပိုက်ဆံပေးဝယ်သောက်"

ဒီလိုကို အားမနာပါးမနာ ပြောပစ်လေ့ရှိသည်။

သို့ဖြစ်၍ ကိုကုလားကြီးခမျာ ထန်းအပင်လေးဆယ်ကျော် မနက်ည တက်ပေးရသည့်တိုင် ထန်းရည်တစ်ခွက် အလကားသောက်ခွင့်မရ။

ကိုကုလားကြီးက ပင်ကျရည်လေးသောက်ချင်၏။

ပင်ကျရည်ဆိုသည်မှာ ထန်းပင်ပေါ်ရှိ ထန်းရည်ချိုလိုကျနေသော ထန်းစမှ အခါးအိုးချိတ်ဆွဲခြင်းဖြင့် ရရှိသော ထန်းရည်ကိုဆိုလို၏။ "အခါးအိုး" ဟူသည်ကား ထန်းရည်အလျင် (ထန်းရည်ခါးအနည်းငယ်) ထည့်ထားသော မြူအိုးဖြစ်၏။

ထန်းစမှ တစ်စက်ချင်းကျနေသော ထန်းရည်ချိုတို့သည် ထန်းရည်အလျင်နှင့်တွေ့သောအခါ ထန်းရည်ခါးအဖြစ် တဖြည်းဖြည်း ပြောင်းလဲလာ၏။ နံနက်ပိုင်းကျမှ ထန်းသမားက ဖြုတ်ယူရ၏။ ၎င်းထန်းရည်ကို "ပင်ကျရည်" ဟုခေါ်၏။

သီချင်းတောင်ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထန်းပင်ကျရည် xxx ထန်းပင်ကျရည် xxx ချိုတမြမြခါး သလေဗျ

တစ်ခွက်သောက်တော့မြူး xxx နှစ်ခွက်သောက်တော့ထူး xxx သုံးခွက်သောက်တော့ရူး xxx ဟား ဟား ဟား ဟား

ဒီသီချင်းကို ကက်ဆက်၊ ပြဇာတ်များ ခေတ်ကောင်းစဉ်က ကက်ဆက်ခွေများကြားရ၏။ ဇာတ်သဘင်အဆိုများကြားရ၏။ ပင်ကျရည်ကား တကယ်လည်းကောင်းလေ၏။

ပင်ကျရည်မှာတောင် (၄) မျိုးထပ်ခွဲလိုက်သေး၏။

(၁) ရဟန်းကြီးကြိုက်

(၂) ပုစွန်ဆိတ်ခုန်

(၃) အနည်ကိုင်ပင်ကျရည်

(၄) ပင်ကျနေကျော် ဟူလေ၏။

ပင်ကျရည်တို့သဘောကား ပထမသုံးမျိုးသည် ထန်းပင်ပေါ်မှ ချစဖြစ်၍ အချိုဓါတ်ရှိနေသေး၏။ အရသာစူးရှခြင်းမရှိသေး။ အချိုနှင့် အခါးရောနှောနေ၍ ချိုခါးလေးဖြစ်၏။

ပင်ကျနေကျော်ဟူသည်ကား

ထန်းပင်ပေါ်မှ ချလာသည့်အခါးအိုးကို ချချခြင်း မသောက်သေးဘဲ အရိပ်ရှိရာမှာ ညနေ နေစောင်းသည်အထိ ထားခြင်းဖြစ်၏။ ညနေချိန်သို့ရောက်သော် ပင်ကျရည်သည် ငှက်ခါးတောင် အရောင် အသွေးကဲ့သို့ ပြောင်းလာ၏။

၎င်းငှက်ခါးတောင်ပင်ကျရည်ကား သောက်လိုက်ရင်ချို၊ မြိုလိုက်ရင်ခါး၊ မင်းအမေ ငါမေ့တယ်၊ ဂွမ်းစွေ့အောင်ခါး အမူးသမားကြိုက် ထန်းရည်ဖြစ်၏။

၎င်းပင်ကျရည် (၄)မျိုးကို ထန်းရည်ဆိုင်ပိုင်ရှင် ဦးပိန္နဲသည် အထူးအစီအစဉ်နှင့် ရောင်းလေ၏။

---

စိတ်ကူးသစ်စာပေ



၎င်းပင်ကျရည်အပင်ကောင်းသည် သူ့ထန်းတောမှာ နှစ်ပင် ရှိလေ၏။

ယင်းနှစ်ပင်ကို အထူးဂရုစိုက်၍ ထန်းရည်ခံစေ၏။ သူကိုယ်တိုင် မြူအိုးကောက်လိုက်၏။ အလုပ်သမားတစ်ဦးက သိမ်းရ၏။

အိမ်ရောက်မှ စောင့်ကြည့်စစ်ဆေး၏။

ပြီး ငှက်ခါးတောင်ဖောက်၍ ဈေးကြီးကြီးနှင့်ရောင်းလေ၏။

ဈေးကြီး၍ တော်ယုံလူမသောက်နိုင်ကြ။ နှစ်ပင်ပဲ "ရှယ်"ရ၍ သီးသန့်ဖောက်သည် အော်ဒါမှာထားသူများကိုသာ ရောင်းလေ၏။

ကျန်အသောက်သမားတို့ကား "ဖောက်ရည်" ကိုသာဝယ်၍ သောက်ရ၏။

ဖောက်ရည်မှာလည်း ထန်းသမား အခေါ်အရ ပင်ပေါ်ဖောက်ရည်နှင့် တည်လောင်းဖောက်ရည် နှစ်မျိုးရှိ၏။

ပင်ပေါ်ဖောက်ရည်ဆိုသည်မှာ

ထန်းရည်အလျှင်ရှိသော မြူအိုးတွင် ထန်းရည်တစ်ဝက်ခန့် လောင်းထည့်ပြီး ထန်းစတွင် ချိတ်ဆွဲထားခြင်း ဖြစ်သည်။ ကျန်တစ်ဝက်ကား ထန်းစမှ တစ်စက်ချင်းကျသည့် အရည်ဖြစ်၏။

တည်လောင်းဖောက်ရည်ဆိုသည်ကား

ထန်းပင်အောက်မှာပဲ ထန်းရည်ခါး အလျှင်အိုးမှာ အပင်ပေါ်ကျ ထန်းရည်ကို လောင်းထည့်ပြီး ဖောက်ခြင်းဖြစ်သည်။

အခါးထည့်ရောင်းသူတိုင်း ဒီနည်းကိုသုံးလေ့ရှိကြ၏။

တည်လောင်းဖောက်ရည်ကိုမှ

"ဖောက်ရည်လတ်"၊ "ဖောက်ရည်ကြမ်း" "ဘုတ်ရည်" ဟူ၍ ထပ်ဆင့်ကြပြန်၏။ ပင်ပေါ်ဖောက်ရည်နှင့် တည်လောင်းဖောက်ရည်မှာ အရသာခြင်းကွဲကြ၏။ ပင်ပေါ်ဖောက်ရည်က အရသာချိုမြ၏။ အနံ့ မွှေးသင်း၏။ နူးလွယ်၏။

---

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တည်ကောင်းဖောက်ရည်ကား အရသာခါးသည်။ အမူးဒီဂရီ ပျော့သည်။ များများသောက်မှ မူးယစ်၏။ အသောက်များသော် ဝမ်းဗိုက် ကယ်၏။ တကယ်ထန်းရည်ကြိုက်သူများက ၎င်းထန်းရည်ကို မနှစ်သက် ကြ။

ပြီး ထန်းရည်ခါးဆိုတာရှိသေး၏။

ထန်းရည်ခါးသည် "ထန်းဖို" ရည်ထက် "ထန်းမ" ရည်က ပိုကောင်းသည်ဟု ဆို၏။ ထန်းသမားများ အညောင်းပြေ အညာပြေ သောက်သည့် ထန်းရည်ဖြစ်၏။

ထန်းဖိုညှပ်ချိန်တွင် (ထန်းမန)ရည်ရနေသောကြောင့် ၎င်း အရည်ကို စိတ်ကြိုက် "ဖောက်" ကြရ၏။ ၎င်း ယောင်ရည် (ဦးရည်) သည် အမူးစံချိန်မီ၏။ ထန်းသမားသုံးလက်ရွေးစင် ထန်းရည်ခါး ဖြစ်၏။

"ထန်းရည်ခါး"ကို သင့်တင့်ယုံသောက်လျှင် ဆီးရွှင်သည်၊ လေသက်သည်။ ဝမ်းကိုလည်းမှန်စေ၍ လူကိုလည်း ကျန်းမာဝဖြိုးစေ ၏။

ဆိုရလျှင်

ဦးပိန္နဲသည် ထန်းရည်ကို အမျိုးမျိုးဖောက်၍ ဈေးအမျိုးမျိုးနှင့် ရောင်းရကား စီးပွားအလွန်ဖြစ်လေ၏။

မယားကြီး မယားငယ် နှစ်ယောက်ရှိ၏။

မယားကြီးသည် အညာသူစစ်စစ် ညိုချော၊ ဖြောင့်ဖြောင့် တောင့်တောင့်ကြီးဖြစ်၏။ သို့သော် ကလေးတစ်ယောက်မှ မမွေး။

သို့နှင့်

ဖြူဖြူချောချော အသက်ငယ်ငယ် ကောင်မလေးတစ်ယောက် ကို ထပ်ယူ၏။ နှစ်ဦးစလုံးကို ရွှေငွေ လက်ဝတ်လက်စား အပြည့်ဆင် ၏။





အိမ်ဖော်နှင့်ထား၏။

ဦးပိန္နဲထက် အသက်ထက်ဝက်ခန့်ငယ်သော မယားငယ်လည်း ကလေးလုံးဝမရ။ ဦးပိန္နဲက မရလေကြိုက်လေဖြစ်၏။

ထန်းရည်မူးလျှင်

"ငါ့မိန်းမနှစ်ဦးစလုံးက အပျိုအတိုင်းပဲ" ဟု ကြွားလေ့ရှိ၏။

✻ ✻ ✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

□

လှူရေးတန်းရေးများ၌ အလွန်ကပ်စေးနှဲ၏။ ရပ်ရွာအတွက် သာရေး၊ နာရေးအတွက် အလှူခံလျှင် ညည်းညူပြီးမှ ငါးမူးတစ်ကျပ်ကို တဖျစ်တောက်တောက် ရေရွတ်ပြီး မလှူချင်လှူချင်လှူ၏။

အသုဘနှင့် မင်္ဂလာဆောင်ဖိတ်လျှင်မသွား။ အကူလက်မဖွဲ့။ ဆွမ်းကျွေးနှင့် စတုဒိသာဖိတ်လျှင် ရှုံ့သောခန္ဓာကိုယ်ပေါ်မှာ အကျႌအနဆင်ယင်၍ ရေမွှေးများဖြန်းပြီးသွား၏။

ခေါင်းရင်းခန်းမှာထိုင်၏။ တဝတပြတီး၏။ လက်ဖက်ရည်ဝိုင်းရှိ မုန့်ပဲသရေစာများကို မဆံ့ရင်ကယ်စား၏။

စားပြီးဝသည်နှင့် ပြန်ခါနီးဆုပေးလေ့ရှိ၏။

"သာဓုဗျာ... သာဓု... သာဓု ပုသိမ်မောင်သောင်းယဉ်တို့





ယခုလို လှူရသည့် အကျိုးကြောင့် ဘဝဆက်တိုင်း ကျန်းမာချမ်းသာပြီး စည်းစိမ်ဥစ္စာရတနာ (၇)သွယ်နှင့် ပြည့်ဝပြီး ဒီထက်မက လှူနိုင်တန်းနိုင်ပါစေဗျာ သွားမဟော့ ပုသိမ်မောင်သောင်းယဉ်နဲ့ မကျူလီယာစိန်ရေအား... အား ... ငါ့ကိုထူပေးကြပါဦးဟ အား"

ဒီလိုလူစားတည်း။

သူ့အိမ်မှာ ဘုန်ကြီးဆွမ်းတစ်ခါမှ မကပ်။

ဝါဆိုသင်္ကန်းလှူဖူးခြင်းမရှိ။

ဥပုသ်တစ်ခါမှ မစောင့်ဖူး။

သူ့အိမ်သို့ လာသူကား ဆေးဆရာများပဲရှိ၏။

ဆရာတို့သည် ဦးပိန္နဲအား မင်းတရားကြီးဆေး၊ ဂေါ်ဖီလာခြောက်သောင်းအားတိုးဆေး၊ ဝါးပိုးဝါးကြီးဆေး စသည့် ကျားအားတိုးဆေးများကိုက လာစပ်ဟပ်ရောင်းလေ့ရှိ၏။

ထိုဆရာများကိုသာ အလေးဂရုပြု၏။

အထူးသဖြင့် ဆရာကြီးဦးမင်းကြည်လှိုင်နှင့် အလွမ်းသင့်၏။ ဆရာကြီးဦးမင်းကြည်လှိုင်သည် ကိုယ်ခံစွမ်းအားမြင့် ကျားအားတိုးဆေးကို ဖော်စပ်၍ရောင်း၏။ ဆေး၏အမည်မှာ ဂေါ်ဖီလာခြောက်သောင်းအားတိုးဆေးမည်၏။ ဆရာကိုယ်နှိုက်က မိန်းမလေးယောက်ရ၏။ နှစ်ယောက်သေ၏။ လက်ရှိနှစ်ယောက်ပေါင်းနေ၏။ တစ်ယောက်ကား ယဲ့ယဲ့လေးမျှသာကျန်၏။

ဦးပိန္နဲကလည်း နုပျိုသောမယားနှစ်ယောက်ရှိ၍ ဆရာကြီးဦးမင်းကြည်လှိုင်နှင့် အလွမ်းသင့်၏။ အားကိုး၏။ မဟာမိတ် အစဉ်ပြု၏။

ကျန်လူများကား သူ့ဆီမှ ခြူးတစ်ပြား လာချူလို့မရ။

ထန်းရည်ရောင်းလို့ရသမျှ မယားနှစ်ယောက်ကို ညသာနေအောင်ဆင်၏။ သူ့မယားနှစ်ယောက်အနီးသို့ မည်သူမျှမကပ်ရ။ စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောရ။

တစ်ခါက ဘုရားတကာ မှဆိုးဖိုကြီး ဦးမှိုင်းညို သူ့မယားနှစ်ယောက်ကို သူခြံထွက် ငွေပန်းနှင့် ရွှေပန်းများလက်ဆောင်ပေးခဲ့၏။

ငွေပန်းကို မယားကြီး အညာသူ လုံးကြီးပေါက်လှ မညိုညိုမြကပန်၏။ ရွှေပန်းကို အသားဖြူချော ဖွံ့ဖွံ့ကားကား မယားငယ် အေးကြည်လှလေးက ပန်၏။

"အံမာ မင်းတို့က ရွှေပန်းငွေပန်းတွေနဲ့ လှလို့ပါလားကွဟေ ဒါနဲ့နေပါအုံး ဒီပန်းဘယ်ကရသတုံးကွဲ့"

ဒီမှာမယားကြီး မညိုညိုမြက ပြောလိုက်၏။

"အစ်ကို့သူငယ်ချင်း ဘုရားတကာကြီး ဦးမှိုင်းညိုက ပေးလို့လေ"

ဒီမှာမယားငယ်အေးကြည်လှကလည်း ဝင်၍ပြောလိုက်၏။

"ဟုတ်တယ် အစ်ကိုကြီးရဲ့ ဦးမှိုင်းညိုကြီးက လွှတ်သဘောကောင်းတာပဲ ညီမတို့ပန်းကြိုက်မှန်းသိလို့တဲ့ အဲဒါ"

"ဘာ မှိုင်းညို ဟုတ်လား"

"အင်းလေ ဟိုဘုရားတကာ မုဆိုးဖိုကြီး"

"ထွီ... ဒီကောင်ကများ ငါ့မယားတွေကို ငါမသိဘဲ ရွှေပန်းနဲ့ငွေပန်းလာပေးသတဲ့ တောက်... တွေ့ရောပေါ့ မှိုင်းညိုရာ"

ဦးပိန္နဲကြားလိုက်ရသည့် စကားအဆုံး ငယ်ထိပ်ကို နန္ဒောပနန္ဒနဂါးမင်း အပေါက်ခံရသကဲ့သို့ ခံစားချက်ဖြစ်ကာ ငှက်ကြီးတောင်ဓားကိုပြေးဆွဲတော့၏။

"အစ်ကို... အစ်ကို ဘာ... ဘာလုပ်မလို့လဲ"

"ဖယ်... မင်းဖယ်... ညိုမြ"

"အစ်ကိုကြီး... ဓားက ဘာလုပ်မလို့လဲဟင်"

"နင်ပါဖယ် အေးကြည်... ဒင်းကို ငါ အခု သွားသတ်မယ်"





"အို မလုပ်ပါနဲ့... မလုပ်ပါနဲ့"

"အစ်ကိုကြီး စိတ်ကိုထိန်းပါ ... အစ်ကိုကြီးရယ် ... ဟီး"

"ဖယ်... ဒီကောင်မှိုင်းညိုဟာ အကြံသမား၊ ဘုရားတကာလူလိမ်၊ ဒီကောင့်အကြံငါသိတယ် ငါ့မယားနှစ်ယောက်ကို ကြံကူလီရိုက်မလို့ ဒင်း... ကြံတာဖန်တာ ဒင်းကိုငါသတ်မယ် ဒီနေ့သတ်မယ်။ ဟေ့ မှိုင်းညို... ပိန္နဲကွ တစ်နဲ့ထဲရှိတယ်... ဖယ်"

မယားငယ်နဲ့ မယားကြီး ဦးပိန္နဲကို မနည်းဆွဲကြရသည်။ ဓါးတရမ်းရမ်းနှင့် ခုတ်မလို့လုပ်၍ ကယ်ကြပါဦး ... ကယ်ကြပါဦး အသံကုန်အော်ရသည်။ အလုပ်သမားများနှင့် အိမ်နီးနားချင်းများ ထန်းရည်သောက်သူများ ဝိုင်းဆွဲနားချ ဓားလုကြမှ နည်းနည်းငြိမ်သွား၏။

"နင်... မှိုင်းညိုအကြောင်းမသိဘူးလား"

"မ... မသိလို့ပါ အစ်... အစ်ကိုရယ်"

"ဒီကောင်က ဆံပင်ကျဆံပင်စား၊ ခြေထောက်ကျ ခြေထောက်စားဟ... ထွီ"

ဒီလိုဒေါသထွက် ပေါက်ကွဲပြီး ပြောချင်ရာပြော ဒေါပွနေချိန်မှာပဲ ထန်းရည်သမားဇော်ဖေက မူးမူးနှင့် ဝင်ပြောလိုက်၏။

"ဦးပိန္နဲ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစားပါဗျ"

"မင်း ဝင်မရှုပ်နဲ့ ငါ့ကိုဆရာမလုပ်နဲ့ ဇော်ဖေ မင်းပါ မှိုင်းညိုအစား ဓားနဲ့ အခုတ်ခံချင်လို့လား"

"စကားပုံ အစစ်အမှန်ကို ပြော... ပြော"

"တယ်... ကိုင်းဟာ"

"အို... အစ်ကိုကြီး"

ဇော်ဖေလည်း ဦးပိန္နဲကြီး ခြေကန်ချက်ဝဲလာရော ထပြေးပါ



www.burmeseclassic.com

www.burmeseclassic.com



လေရော။

"အစ်ကို . . . အစ်ကို လုပ်ကြပါဦးရှင် တော်ပါတော့ အစ်ကို ရယ် နောင်ကို ဒီလူကြီး ပန်းလာပေးရင် မ . . . မယူတော့ပါဘူး. . . အစ်ကို"

"ဟော့ကောင် ကုလားကြီး"

"ဗျာ . . . ဆရာကြီး"

"မင်း . . . ခုချက်ချင်း မှိုင်းညိုအိမ်ကိုသွား"

"ဘာသွားလုပ်ရမှာလဲ ဆရာကြီး"

"နောက်တစ်ခါ ငါ့ခြံပိုင်းထဲကို လုံးဝခြေမကျူးနဲ့၊ ပန်းမပေးနဲ့၊ ငါ့မယားတွေကို စကားမပြောနဲ့ အဲဒါလုပ်လာရင် အကုန်ဖြတ်ပစ်မယ် လို့ သွားပြော . . . သွားလေကွာ . . . ခွေးမသားက တုံ့နေးတုံ့နေးနဲ့ ငါလေ"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာကြီး ဒါနဲ့ ဘယ်သူ"

"မှိုင်းညို. . . ကွ. . . မှိုင်းညို"

"ညိုမှိုင်း ဟုတ်လား ဆရာကြီး"

"ညိုမှိုင်းက မင်းအမေ့လင်နှစ်ဝမ်းကွဲ မှိုင်း . . . ညို . . . မှိုင်းညို ကိုးတောင်ပြည့်ဘုရားတည်တုန်းက ပိုက်ဆံ (၆၅)ပြား လှူပြီး သူ့ကိုယ်သူ ဘုရားတကာလေး ဘာလေးနဲ့ ရပ်တကာ ရွာတကာ လည့်လေကြီးနေတဲ့ အူကြောင်ကျားကြီးပြောနေတာ လူလွန်မသားရ ထွီ"

"ဟုတ်. . . ဟုတ်ကဲ့ သေသေချာချာ မှတ်သွားပါ့မယ်ခင်ဗျာ ဘုရားတကာကြီး ညိုမှိုင်း. . . အဲလေ. . . မှိုင်းညို ဦး. . . မှိုင်း. . . ညို ဒါနဲ့ဆရာ"

"ဘာလဲ. . . ဘာလဲ"

"ဘယ်သူက ပြော. . . ပြော. . . တယ်လို့. . . ပြော. . .





ပြောရ မ. . . မလဲဟင်"

"ဟ မျိုးမစစ်ရ လဒူရ သုံးမကျတဲ့ ငနွားရူး မင်းပထွေး ထန်းရည်ဆိုင်ပိုင်ရှင် ငါ. . . ဦးပိန်နဲ့ကလို့ ပြောရမှာဟ . . . လူလွန်မ သားရ။ သေလိုက်ပါတော့ ငါမြန်မြန်သေ အဲလေ မှိုင်းညိုရော မင်းရော မြန်မြန်သေပါတော့"

အနီးရှိကြသူများက သူတို့ဆရာတပည့်ကိုကြည့်၍ ရယ်ကြ၏။ အိမ်နီးနားချင်းများကား နှုတ်ခမ်းကိုမဲ့ကြ၏။ ထန်းရည်သောက်သူများက "ကောင်းလိုက်တာ"ဟု အော်ကြသောအခါ

"ဘာကောင်းတာလဲကွ . . . ဟိုလူတိရစ္ဆာန်ကောင်"

"အို . . . အစ်ကိုရယ် . . . "

"ထန်းရည်ကောင်းတယ်လို့ . . .ပြောတာပါ ဦး . . .ဦးပိန်းများ အဲ . . . အဲ ဦးပိန်နဲ့ရ . . . အော့ . . . အော့ . . . အော့"

"ဟင် . . . ရှိသဲ့သဲ့ . . . ထော့တော့တော့နဲ့ လာမစမ်းနဲ့ကွ နော် . . ပိန်းများသီ . . . အဲ . . . ပိန်နဲ့ကွ . . . ပိန်နဲ့မှအပျော့မဟုတ် ဘူး . . . အမာ"

"သိပါတယ် ဦး. . . လေး. . . ရ. . . အော့. . . အော့ မ. . . မ. . . ယား နှစ်ယောက်ကြီးများတောင်. . . ဥ. . . ဥ. . . ဥစ္စာ အော့ အော. . . ဟော့"

မယားနှစ်ယောက်ကား ရှက်လွန်း၍ ငိုကြ၏။

ဆိုရလျှင် ဦးပိန်နဲ့သည် ကပ်စေးနဲ့ရုံမက သဝန်လည်းကြောင် လေ၏။ သူ့ဘက်ကကြည့်ပြန်လျှင် ဘုရားတကာကြီး ဦးမှိုင်းညိုကို ဒီလိုမျိုး ဓါးကြိမ်း မိုးကြိမ်းလေးကြိမ်းပေးမှ သင့်လျော်သည်ဟု ကျွန်တော်တို့ ယူဆမိပါ၏။

အကြောင်းကား

ဘုရားတကာကြီး ဦးမှိုင်းညိုကလည်း လက်ကမြန်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တည်း။

ယနေ့ အသက် (၆၀)မှာ မိန်းမငါးယောက်ရဖူးသူတည်း။ ၎င်း မိန်းမ မယားများသည် မြေကြီးထဲသို့ နှစ်နှစ်ခြား သုံးနှစ်ခြား အောင်းကုန် ကြ၏။ ယခု သူလည်း မုဆိုးဖိုဖြစ်နေ၏။

❋ ❋ ❋ ❋ ❋

□

တစ်နေ့သောအခါ ထန်းရည်ဆိုင်ပိုင်ရှင် ဦးပိန္နဲ့ အကြီးအကျယ် ဒေါ်ပွပေါက်ကွဲခဲ့ပြန်လေ၏။

အကြောင်းကား ဤသို့တည်း။

သူ့ထန်းတောမှ ရှယ်ပင်ကျရည်ကောင်း အပင်နှစ်ပင်မှ ထန်းရည်များ အခိုးခံရသောကြောင့်ဖြစ်၏။ ထိုနေ့က ကိုကုလားကြီး ရှယ်ပင်နှစ်ပင် ပေါ်သို့တက်၏။ ဦးပိန္နက အောက်ကစောင့်၏။ ကိုကုလား ကြီး အပင်ပေါ်မှ ဆင်းလာသောအခါ ထန်းရည်တစ်စက်မှမပါ။

''ဘယ်လိုဖြစ်ရတာလဲကွ ကုလားကြီးရ''

''မပြောတတ်ဘူး ဆ . . . ဆရာ''

''ထန်းနို့ကရော အရည်ကျရဲ့လား''

''ကျ . . . ကျတယ်ခံ ခံ . . . ဗျ''



www.burmeseclassic.com

www.burmeseclassic.com



ကိုကုလားကြီးက အထစ် အထစ်နှင့် ပြော၏။

''ကျရင် မြူအိုးပြည့်ရမှာပေါ့ကွ မှန်းစမ်း မင်းပါးစပ်''

ဦးပိန္နဲက ကိုကုလားကြီးကို ပါးစပ်ဟာနိုင်းပြီး နှာခေါင်းနှင့်အနံ့ခံ၏။ ကွမ်းနံ့မှလွဲ၍ ထန်းရည်နံ့မရ။

''တောက် . . . မင်း ထန်းဦးရော မှန်မှန်လှီးရဲ့လား ကုလားကြီးရာ ဟင်''

''အ . . . အ . . . အခုပဲ ထပ် . . . ထပ် . . . လှီး . . . အဲ . . . အဲ လှီးခဲ့ပါတယ် ခမျ''

''နောက်နေ့ကြည့်ကြသေးတာပေါ့ကွာ။ တောက် . . . ဟင်း''

သို့နှင့် အခြားအပင်များသို့ ဆက်တက်ခဲ့ကြ၊ ထန်းရည်သိမ်းကြ၏။

နောက်နေ့များမှာလည်း နံနက်ပိုင်း တက်သောအခါ ရှယ်ပင်ကျရည်ကောင်းနှစ်ပင်မှ ထန်းရည်လုံးဝမရ။

''ဟုတ်ပြီ ဒါဆို ထန်းရည်အခိုးခံရပြီ''

''ကုလားကြီး''

''ခမျာ . . . ဆရာ . . . ကြီး''

''မင်း ရင်းထောင်ကို သေသေချာချာသိမ်းရဲ့လား''

''ဆရာကြီးအိမ်ရှေ့မှာပဲ ထားတာဥစ္စာ''

''တွေ့ကြသေးတာပေါ့ကွာ ဒီမှာဟေ့ ကုလားကြီး''

''ဗျာ . . . ဆရာကြီး''

''နေ . . . နေကွာ ငါ့ဘာသာ စီစဉ်လိုက်ပါ့မယ်''

သူက သူ့အကြံနှင့်သူမို့ . . . ဆက်မပြောဘဲ ရပ်လိုက်၏။ နောက်နေ့ရောက်သောအခါ အလျှင်ခံအိုးထဲမှာ အလျှင်ရည်နှင့် ကနစိုမှုန့်ရောရ၍ ကုလားကြီးမသိအောင် ပေးလိုက်၏။ ကုလားကြီးက ၎င်းအလျှင်ရည်မြူအိုးကို ရှယ်ပင်ထန်းနို့မှာခံ၍ ချိတ်ခဲ့၏။

---

စိတ်ကူးသစ်စာပေ



နောက်နေ့သွားဖြုတ်ချတော့

ထန်းရည်လေးမဆိုသာလောက်သာ ကျန်နေ၏။

သွားပြီ။ ခွေးမသားတွေ ထန်းရည်နှင့်ကနစိုရောထားတာသောက်ပြီး ဝမ်းတော်လား၍ သေကြရော့မည်။

ဦးပိန္နဲ . ရွာရပ်ကိုတစ်ပတ်လှည့်၍ ဝမ်းလျှောသူများသတင်းကို စုံစမ်းခဲ့၏။

''ဟေ့ . . . အောင်ပွေးဆင့်''

''ဟာ . . . ဦးလေး ပိန္နဲပါလား . . . ဘာကိစ္စလဲဗျ''

''မင်းတို့ . . . ဝန်းကျင်မှာ ဝမ်းလျှောတဲ့သူ ရှိသလားဟေ့''

''ဗျာ . . . ဝမ်းလျှောတဲ့လူ''

''အေးကွ . . . ရှိသလား . . . ''

''မရှိပါဘူးဦးလေးရ . . . ဘာလုပ်မလို့လဲဟင်''

''ဆေးဝါးများ လှူဒါန်းချင်လို့ပါ ပွေးဆင့်ရာ အဟဲ. . . ဟဲ''

''ဗျာ''

''သွားမဟေ့ . . . ရှိရင်ငါ့ကိုလာပြောနော် . . . ထန်းရည်အလကားတိုက်မယ် သိလား''

''ဟုတ် . . . ဟုတ်ကဲ့ . . . ခင်ဗျာ''

ပွေးဆင့်အရမ်းကို အံ့သြနေ၏။

ဝမ်းသွားတဲ့လူရှိသလား

ဆေးလှူဒါန်းချင်လို့ပါ

ငါ့ကိုလာပြောနော်

ထန်းရည် မင်းကိုအလကားတိုက်မယ်

ကြားသားမိုးကြိုး ဒီလူကပ်စေးနဲကြီး မယားရှူး ဦးသဝန်ရှောင်ကြီးသည် ဘယ်လိုစိတ်ကူးပေါက်၍များ သဒ္ဓါတရားတွေ အရှော်ထွက်နေပါလိမ့်၊ စဉ်းစားလို့မရ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် တစ်လမ်းပြီး တစ်လမ်း တစ်ရပ်ပြီးတစ်ရပ် ဝမ်းလျှော သူ လူနာကို စုံစမ်းပါသော်လည်း စုံစမ်းလို့မရ။

''ဒီရွာကကောင်တွေ ငါ့ထန်းရည်ခိုးတာမှ ဟုတ်ရဲ့လား အခြားရွာ ကများလား''

နောက်နေ့ရောက်တော့ သူစဉ်းစားပြန်သည်။ ပင်ကျအိုးမှာ ''ကနဲ့'' ခတ်တာလည်း သောက်သူတရားခံမပေါ်။

သို့နှင့် သူအလျှင်အိုးထဲသို့ ပဒိုင်းသီးအပွင့်နှင့် အမှုန့်များ ခတ်ထားပြီး ကုလားကြီးကို အပင်ပေါ်မှာ ချိတ်ခိုင်းခဲ့၏။

ပဒိုင်းသီး အပွင့်မှုန့်များခတ်ထားသည့် ထန်းရည်ကို ခိုးသောက်မိသူများသည် သောက်မိသည်နှင့် မကြာခင် ရူးသလိုလို နှမ်းသလို ဖြစ်ကိုဖြစ်ရမည်။ ပဒိုင်းသီးအပွင့် အမှုန့်သည် လူ၏စိတ်ကို ကယောင်ချောက်ချားဖြစ်စေသည်ကိုး။

နောက်နေ့ ထန်းရည်အိုးချသောအခါ မြူအိုးမှာ ထန်းရည် အစက်အနည်းငယ်ပဲ ရှိနေသည်။ ဟုတ်ပြီ ခိုးပြန်ပြီ။

သူဝမ်းသာသွားသည်။

ပဒိုင်းပွင့် အမှုန့်ထန်းရည်သောက်ပြီး စိတ်ဖောက်ပြန်သည့်သူ များသတင်းကို တစ်နေကုန်လိုက်စုံစမ်းသည်။

တွေ့ရင်တော့လားကွာ အားရပါးရတီးပစ်ပြီး ရဲစခန်းကိုပို့မည်။ ဒါသူ့ကိုပြောင်စော်ကားနေတာ၊ သူ့စီးပွားရေးကို လျော့ကျအောင်လုပ်နေ တာ၊ သူချမ်းသာနေတာကို မနာလိုလို့လုပ်ကြနေကြတာ။

မည်သို့ပင်စုံစမ်းပါသော်လည်း

တရားခံကို မမိခဲ့။

ထန်းရည်များ သူ့ဟာသူယုတ်ရော့သလား

ဒါမှမဟုတ် ဒီထန်းပင်ပေါ်က ကျသေခဲ့သည့် ထန်းသမားတစ္ဆေ များ ခိုးသောက်နေရော့သလား။





ရင်းထောင်ရော၊ ရင်းဆွဲရော ဒီအပင်များမှ ပြုတ်ထားခဲ့သည့်မှာ အခိုးခံရသည့်နေ့မှစ၍ဖြစ်၏။

တော်ယုံလူ မကျွမ်းကျင်ဘဲနှင့် တက်လို့မရ။

ကိုကုလားကြီးပဲတက်နိုင်သည်။ ဒီဝန်းကျင်မှာ ထန်းပင်တက်သူ ပင်မရှိ။ ဟူး စဉ်းစားရ ကျပ်လိုက်ပါဘိ။

အတန်တန်စဉ်းစားသောအခါ

အချက်သုံးချက်ကို သွားတွေ့သည်။

တစ်အချက် ထန်းပင်တက် ကျွမ်းကျင်သူတစ်ဦးတစ်ဖွဲ့ အကြံ နှင့် ခိုးနေတာဖြစ်မည်။

နှစ်အချက် ထန်းပင်ပေါ်က ကျသေခဲ့သူ ထန်းတက်သမား နှစ်ဦးသည် ဒီရှယ်ပင်ကျရည်ပင် နှစ်ပင်မှ ထန်းရည်ကို မက်မက်မောမော သောက်ခဲ့၊ ကြိုက်ခဲ့သူများဖြစ်၏။

ဒီတစ္ဆေနှစ်ကောင်များ ခိုးသောက်ရော့သလား။

ဒီတစ္ဆေနှစ်ကောင်ကို ပယောဂဆရာကြီး ရေအောက်အစိစိ သုံးကြိမ်ပြန်ဆရာကြီး ဦးပွေးရင်းနှင့် နှင်ခဲ့ပြီးပြီဥစ္စာ။

နောက်ဆုံးအချက် . . .၊

ဟိုကောင်ကြီး မှိုင်းညို . . .၊

ဒီဘုရားတကာ ငမှိုင်းညိုရဲ့ လက်ချက်များလား။ ဒီကောင်ကြီး က သူ့မယားနှစ်ဦးကို ပန်းပေးသည့်ကိစ္စနှင့် မိမိကခါးကြိမ်းကြိမ်း ထား၍များ တစ်စုံတစ်ဦးကို ပိုက်ဆံပေးခိုင်းပြီး လုပ်ကြဖျက်ဆီးလေရော့ သလား။

ကုလားကြီး . . .၊

ဒီကောင်က ကိုယ့်တပည့်ထန်းတက်သမားမှန်၏။

သင်းကလည်း ဒီအပင်က ပင်ကျရည်အမျိုးမျိုးကို သောက်ချင် ၏။ ဈေးကြီး၍မသောက်နိုင်။ မိမိကလည်း ငွေမျက်နှာတစ်ခုထည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ လက်ရင်းတပည့်ကို အလကားသောက်ဖို့ တစ်ခွက်တစ်ဖလား မတိုက်ခဲ့ဖူးခဲ့။

ဒါကိုနာကြည်းပြီး သူ့ရန်သူ ဘုရားတကာ ငမိုင်းညိုနှင့် လှိုဝက်ပူးပေါင်းပြီး ထန်းရည်များဖျောင်နေရော့သလား၊ သွန်ပစ်နေရော့သလား။

ဒီရင်းထောင်ရင်းဆွဲနှင့် လုပ်ရသည့်အလုပ်ကို ကျွမ်းကျင်ပိုင်နိုင်တာ ဒီအရပ်မှာ ကုလားကြီးတစ်ကောင်ပဲရှိနေသည့်ဥစ္စာ။

သူစဉ်းစားပြီးနောက်

လက်ဖျောက်တစ်ချက်တီးလိုက်သည်။

ဟုတ်ပြီ

ဒီလိုလုပ်ရင် ကျိန်းသေအောင်မြင်ရမည်။

ဒီသူခိုးကောင်ကို သူကိုယ်တိုင်လက်ရဖမ်းပြီးမှ ဒီထန်းပင်နှစ်ပင်မှာ ကြိုးနဲ့ကပ်ချည်ပြီး လိပ်ကျောက်မြီးနှင့် အရေစုတ်အောင်၊ အသားနီလန်အောင်ရိုက်မည်။ ပြီးမှ အချုပ်ထဲထည့် ထောင်နှစ်ကြီးကြီးကျအောင်လုပ်။

"ဟား ... ဟား ဟား ဟား ပိန္နဲကို ကျောလို့ရရင် ခဏာပေါ့ကွာ မကြာခင် မင်းတို့ ပိန္နဲသီးအကြောင်းသိရမယ်ဟေ့ ဟား ဟား ဟား ဟား ဟား"

✳ ✳ ✳ ✳ ✳

▢

ဦးပိန္နဲ လူသူမမြင်ချိန်မှာ သချိုင်းကုန်းသို့သွားခဲ့၏။ ပြီး စဏ္ဍာလကြီး ဦးကျိုးထူနှင့် သွားတွေ့လိုက်၏။ စဏ္ဍာလဦးကျိုးထူသည် သူ့ကိုတွေ့တော့ အံ့ဩနေ၏။

"ကျိုးထူ"

"ဗျာ ဆရာကြီးပါလား ဘယ်သူသေလို့လဲဟင်"

"မင်း မေကလွှား ဖွ ... ဖွ ... တောက် ကျက်သရေမရှိတဲ့ ပါးစပ်ပုပ်ကြီးနဲ့ကွာ ဘယ်သူမှမသေဘူးကွ ခွေးမသားရ"

"ဟင် ... ဘွား ... ဘွား ဆရာကြီးခင်ဗျာ ဒါနဲ့ ဘာကိစ္စရှိလို့ပါလဲခင်ဗျ"

"မင်းကို ခိုင်းစရာရှိလို့ကွ"

"ခိုင်းပါ ဆရာကြီး ခိုင်းပါခင်ဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"မင်း ထန်းရည်ကြိုက်လား"

"ကြိုက်တာပေါ့ ဆရာကြီးရာ ဝယ်မသောက်နိုင်လို့ တောချက်အရက် အနံ့ပြင်းကြီးကိုပဲ မှိုဝဲနေရတာပေါ့ဗျာ"

"အေး . . . မင်းကိုငါ ထန်းရည်တစ်ဝတိုက်မယ်"

"တကယ်"

"ပြီး မုန့်ဖိုးလည်း ပေးဦးမယ်ကွ"

"အို . . . ပြော ဆရာကြီး ပြော ကြိုက်တာလုပ်ခိုင်းဗျာ"

"ဒီမှာကိုးထူ ငါလူအရိုးခြောက် အပြည့်အစုံတစ်ဆင်စာ လိုချင်တယ်ကွ"

"ဗျာ လူသေကောင်အရိုးခြောက် တစ်ဆင်စာ"

"အေး"

"ဘာ. . . ဘာလုပ်ဖို့လဲဟင် မျက်လှည့်ပြစားမလို့လားဟင် ဆရာကြီး"

"မို့. . . ခွေးမသားကလည်း လျှာကိုရှည်တယ် အဲဒါ ရနိုင်အောင် လုပ်ပေးနိုင်မလား ဒါပဲပြော"

"ပေါပေါပဲဥစ္စာ ဆရာကြီးရာ ဘယ်နေ့လိုချင်လို့လဲ"

"ဒီနေ့ည ငါလိုချင်တယ်"

"ရတယ်ဗျာ စိတ်ချ ဘယ်ကိုပို့ရမလဲ အိမ်ကိုပို့ရမလား"

"ဟ . . . ဟ . . . မလုပ်နဲ့ . . . မ . . . လုပ်နဲ့ လူလွန်မသားရဲ့ ငါ့မိန်းမနှစ်ယောက်တွေ့ပြီး. လန့်သေသွားလိမ့်မယ် . . . ဟိုရွာဖျားက ရှယ်ပင်ကျပင် နှစ်ပင်သိလား"

"သိတယ်"

"အဲဒီအောက်ကို ည (၁၀)နာရီလာပို့လှည့် ဒါနဲ့ မင်းလူသေကောင်အရိုးစုကို ကမ္ဗည္တာန်းခြောက်လို သံကြိုးနဲ့ချည်ပြီး ဆင်တတ်သလားကိုးထူ"





"သိပ်ရတာပေါ့ ဆရာကြီးရာ သိပ်ရတာပေါ့"

"အဲဒါ မင်းဆင်ပေးရမယ် ပြီးရင် ငါပိုက်ဆံပို့ပေးမယ် နောက်နေ့ ထန်းရည်လာသောက်လှည့်"

"စိတ်သာချနေဆရာကြီး ည (၁၀)နာရီ တစ်ခါတည်းဆင်ပြီး ယူလာခဲ့မယ်"

ဦးပိန္နဲ သင်္ချိုင်းကုန်းမှာ စဏ္ဍာလကိုးထူနှင့်တွေ့ပြီး ပြန်လာခဲ့လိုက်သည်။ ည (၁၀)နာရီခန့်မှာ သူလက်နှိပ်မီးကိုင်၍ ထန်းပင်နှစ်ပင်အောက်မှ စောင့်နေလိုက်၏။ မကြာခင် လူရိပ်တစ်ခုကို မြင်လိုက်ရသည်။

"ကိုးထူလားဟေ့"

"ဟုတ်တယ် ဆရာကြီး"

"ပစ္စည်းရော အဆင်ပြေရဲ့လား"

"ပြေတယ်ခင်ဗျ ဒီမှာရော့"

"အမလေး"

သူပစ္စည်းကို ကြည့်၍ လန့်သွား၏။ ကြည့်စမ်း ကိုးထူသည် အရိုးခေါင်းအပါအဝင် လူကမ္ဗည္တာန်းအရိုးစုများကို အင်္ဂါစုံ သံနန်းကြိုးနှင့်ဆက်၍ ချည်ထားပြီး ခေါင်းမှမြောက်ကိုင်လိုက်သောအခါ လူသေကောင်ကမ္ဗည္တာန်း အရိုးစုကြီးသည် လှုပ်လီလှုပ်လဲ့နှင့် ကစားသလို ရှိနေရကား အသည်းထိတ်စရာ ကောင်းလှ၏။ ကြက်သီးများပင် ထသွားခဲ့၏။

"အေး ကောင်းတယ်။ သိပ်ကိုကောင်းပေါ့ကွာ အဟေ့ဟေ"

"ကိုးထူ"

"ဗျာ ဆရာကြီး"

"ငါ ဒီအရိုးစု ကမ္ဗည္တာန်းကောင်ကြီးကို ထန်းပင်ပေါ်မှာ တက်ချိတ်မယ်၊ မင်းအောက်ကနေ ခဏလေးစောင့်ပေး"

"ဘာလုပ်ဖို့ချိတ်ရတာလည်း ဆရာကြီးရာဟင် ကြံကြံစီရာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအလုပ်မပါဘူး ဂျိုးထူ ငါပြောတဲ့အတိုင်းသာ ခဏလေးနေ မင်းကို ငါပိုက်ဆံပိုပေးပါ့မယ်ကွာ"

"လုပ်ဗျာ စောင့်နေပါမယ်"

သည့်နောက် ဦးပိန္နဲသည် ဓါးသိုင်းကြိုးနှင့် ခြေသိုင်းကြိုးကို ထန်းပင်မှာ ကိုယ်နှင့်ကပ်၍ ဆင်လိုက်ပြီး ကြိုးတစ်ချောင်းနှင့် အရိုးစုကိုချည်ထားခဲ့ကာ အပင်ပေါ်သို့ တက်သွားလိုက်၏။ အပင်မတပ်ဘဲ သူများကို ခိုင်းစားနေတာကြာ၍ ချွေးစို့နေ၏။

မကြာခင် ထန်းပလက်များပေါ် ခြေချမိသွား၏။

သည့်နောက် ကြိုးကိုဆွဲလိုက်သည်။ အရိုးစုဆက်ကြီး အပင်ပေါ်သို့ရောက်လာသည်။ သူအရိုးစုကို ထန်းပင်အလက်များပေါ်မှာ ငုပ်တုတ်ထိုင်နေဟန် ကြိုးနှင့် ချည်ထားလိုက်၏။

ကြိုးကိုလည်း ကိုင်မိသည်နှင့် အရိုးစုကြီးပြုတ်ကျလာအောင် ဖွဆင်ထားလိုက်ပြီး ပြန်ဆင်းလာလိုက်သည်။

"ဂျိုးထူ"

"ခင်ဗျာ"

"ရော့ ပိုက်ဆံ ဒီည ငါလုပ်ခဲ့တာကို မင်းဘယ်သူ့မှ မပြောနဲ့နော်"

စဏ္ဍာလဂျိုးထူသည် ပိုက်ဆံများရ၍ ဝမ်းသာနေ၏။

"စိတ်ချပါဆရာကြီးရ မပြောပါဘူး"

"ပြောခဲ့ရင် မင်းသင်္ချိုင်းမှာ မင်းကိုငါကိုယ်တိုင် မြှုပ်ပစ်မယ် ကြားလား"

"စိတ်ချစမ်းပါ ဆရာကြီးရာ ဆရာကြီး မနက်ဖြန် ကျွန်တော် ထန်းရည်အခမဲ့ လာသောက်မယ်နော်"

"အေး . . . ပြန်တော့"

စဏ္ဍာလကြီးဂျိုးထူ မှောင်ရိပ်ထဲမှ ပျောက်သွား၏။ ဦးပိန္နဲ





အပင်ပေါ်ကို မော့ကြည့်လိုက်၏။ ပြီး မီးနှင့်ထိုးကြည့်လိုက်ရာ

"အိုကေ. . ."

အရိုးစုကြီးသည် ထန်းလက်များပေါ်မှာ ငုတ်တုတ်ကြီး မျက်ကွင်းဟောက်ပက်ကြီးနှင့် သူ့ကိုစိုက်ကြည့်သလို ရှိနေ၍ ကျောမှ ကြက်သီးများ တဖြည်းဖြည်းထပြီး ခေါင်းကြီးသွား၏။

ဒီမှာ အရိုးစုကြီး၏ လက်တစ်ဖက်လေတိုက်၍ လှုပ်ယမ်းနေပုံကား "ပိန္နဲ" မင်းလာခဲ့ဟု ခေါ်နေသယောင်ရှိ၏။ မီးကို ကပျာကယာ ပိတ်ပြီး အမြန်သုတ်ခြေတင် အိမ်ပြန်လာခဲ့လိုက်၏။

အိမ်ခြံဝရောက်တော့ "ဖွဖွ" ဟု လုပ်လိုက်ရသေး၏။ မတော် အပမှီပြီးလိုက်လာလျှင် မယားကြီးရော မယားငယ်ပါ သွက်သွက်ခါ လန့်လိမ့်မည်တည်း။

✻✻✻✻✻

www.burmeseclassic.com

www.burmeseclassic.com

❐

မိုးလင်းတော့ ကုလားကြီးကို အဲဒီအပင်နှစ်ပင်မတက်နဲ့ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဆရာကြီး ခါတိုင်းတက်စစ်နေကျမဟုတ်လား"

"အေး. . . ဒီနေ့မစစ်နဲ့ နောက်နေ့မနက်ကျမှ စစ်ဆေးကြ မယ် လာ အခြားအပင်ကို သွားတက်တော့"

ကုလားကြီး သူ့ဆရာကိုကြည့်ပြီး ဘယ်လိုဖြစ်ပြန်ပါလိမ့်ဟု တွေးလိုက်၏။ သူတို့တစ်မနက်ခင်းလုံး ထန်းပင်များတက်၍ ထန်းရည် စုကြ၏။

ပြီးနောက် သယ်ယူလာပြီး ဦးပိန္နဲက အလုပ်သမားများနှင့် ရောတန်တာရော ဖောက်တန်တာဖောက်၊ သီးသန့်ဖယ်တန်တာဖယ်နှင့် နိုင်းစေလုပ်ကိုင်နေလိုက်၏။





ဒီလိုနှင့် ညဘက်သို့ရောက်ခဲ့၏။

ဦးပိန္နဲနာရီကို ကြည့်လိုက်၏။ ည (၁၂)နာရီ။

အဝေးမှ သန်းခေါင်ကြက်များတွန်သံကြားရ၏။ သူအသာ အိပ်ယာမှ ထလိုက်စဉ် မယားငယ်လေးနိုးသွား၏။

"အစ်ကိုကြီး ဘာလုပ်မလို့လဲ"

"အလေးသွားမလို့ပါ ညီမရဲ့"

"မြန်မြန်လာနော်. . . လို့"

"အေးပါကွာ. . . အဟဲ"

"အို. . . သွား. . . သွား"

သူ့မယားငယ်လေးရဲ့ပါးကို တစ်ချက်နမ်းလိုက်ပြီး လက်နှိပ်မီး ကို ယူလိုက်၏။ ပြီးနောက် ငှက်ကြီးတောင်ဓါးကို လွယ်လိုက်၏။

သည့်နောက် မီးမဖွင့်ဘဲ ရှယ်ထန်းပင်နှစ်ပင်ရှိရာသို့ မှောင်ရိပ် ခို၍ လှမ်းအကဲခတ်လိုက်၏။

လာရောင်က ထိန်ထိန်သာနေ၏။

ထန်းပင်များ နံဘေးမှာ ချုံပုတ်များရှိနေ၍ အသာအယာ ကွယ်ယူ ရင်း ချဉ်းကပ်လာခဲ့လိုက်၏။ သူခိုးများ ထန်းပင်ပေါ်တက်ရင်း အရိုးစု ကမ္ဘာ့ဝန်းကောင်ကြီးနှင့် တွေ့ပြီး အပင်ပေါ်မှ ပြုတ်ကျသေနေရော သလား ဒါသိချင်သည်။

ပြီး. . . သူခိုးဘယ်သူလဲ သိချင်သည်။

ဘယ်သူ့လက်ချက်လည်း တရားခံဖော်ချင်သည်။

မှိုင်းညို့နှင့် ကုလားကြီးလက်ချက်သာ မှန်ပါက ဒီညတွင်း ချင်းပဲ အကြောင်းပြလိုက်မည်။ လိပ်ကျောက်မြီးနှင့် ကြိုးလည်းပါလာ သည်လေ။

သူထန်းပင်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ လူခြေသံကို ကြားလိုက်ရ၏။ သို့နှင့်ချုံကွယ်မှာကပ်၍ နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာမည်းမည်းကြီးတစ်ကောင်သည် အရိုးစုချိတ်ထားသည့် ထန်းပင်ကို မော့ကြည့်နေ၏။ ဟုတ်ပြီ ဒါသူနိုးပဲ။

သူဝမ်းသာသွားသည်။ ဒါနှင့်အတူ ငှက်ကြီးတောင်ဓါးရှည်ကို ဖွင့်၍ အသင့်ပြင်နေလိုက်သည်။

မည်းမည်းကြီးသည် ပထမ ထန်းပင်ကိုမော့ကြည့်၏။ ပြီးနောက် ထန်းပင်ပေါ်ကို တက်လေ၏။

တက်ပြီး တစ်ဝက်ခန့်ရောက်သောအခါ ဆက်မတက်ဘဲ ပြန်ဆင်းလာသည်ကို သူတွေ့လိုက်ရ၏။ မည်းမည်းကြီးသည် တောင်မြောက်ဝဲယာကို ကြည့်လိုက်ပြီး ခါးတောင်းကြိုက်ကြီးနှင့် ချုံတစ်ခု နံဘေးသို့ ဝင်သွား၏။

မီမီများ မြင်သွားလို့လား၊ သူအတန်ကြာ စိုက်၍ကြည့်နေလိုက်၏။ (၁၅) မိနစ်ခန့်ကြာသည့်တိုင် လူမည်းမည်းကြီးကို မတွေ့ရ။ ဒီမှာလေပြင်းတိုက်လေ၏။ ထန်းပင်ခြင်းရိုက်သံများ ကြားရ၏။

မည်းမည်းအကောင် ထန်းရည်သူခိုးသည် လူလား၊ သရဲလား၊ ဝက်ဝံလား၊ ဒီအရပ်မှာ ဝက်ဝံမရှိ၊ မျောက်မရှိ။

ဒါဖြင့်ဘာလဲ . . . ၊

တစ္ဆေလား . . . ၊

သူဓါးကို ညာလက်ကကိုင်ပြီး ဘယ်လက်က လက်နှိပ်မီးကို ကိုင်ကာ မည်းကြီးဝင်သွားရာ ချုံနံဘေးသို့ ကပ်လိုက်၏။

"အင်း . . . ဟင်း . . . ဟင်း"

"အလို ညည်းသံကြီးပါလား"

"ဟင်း . . . အင်း . . . ဟင်း"

အသံက ဒီထန်းပင်ဝန်းကျင်က . . . ၊

"ရှပ် . . . ရှပ် . . . ရှပ်"

"ဟင်"





"ဖလပ် . . . ဖလပ် . . . ဖလပ်"

လမ်းလျှောက်သံလိုလို ပွတ်တိုက်သံလိုလို

သူမီးထိုး၍ ရှာလိုက်သည်။ လူမည်းသူခိုးလည်းမတွေ့။ အခြားဘာမှမတွေ့။ သူနေရာအနှံ့ မီးထိုးရှာ၏။

"အူ . . . ဝူ . . . ဝူ . . . ဝူး"

"အူ . . . ဝူ . . . ဝူ . . . ဝူး"

"ဘုရား . . . ဘုရား"

ခွေးအူသံများ စ၍ကြားလိုက်ရသည်။ ခွေးအူသံများ မကြာခင် ဆက်၍ဆက်၍ အူလာကြသည်။ အူသံက လူမြင်၍ အူသည့်အသံမျိုးမဟုတ်။ မကောင်းဆိုးဝါး တစ်ယောက်ယောက်ကို မြင်၍အူသည့်အသံမျိုး။

သူကြက်သီးဖြန်းခနဲ ထသွား၏။

"ဂီး . . . ဂီး"

"ဟာ . . . "

"ဘုရား . . . ဘုရား"

ငှက်ဆိုးထိုးသံ။ ငှက်ဆိုးဟာ သူ့ခေါင်းပေါ်မှ ထိုး၍ပျံသွား၏။ သူလက်နှိပ်မီးရောင်နှင့် ခြောက်၍လှန့်လိုက်၏။ ဒီမှာလေပြင်းများတိုက်လာသည်။ ချုံများသစ်ပင်များ လှုပ်ခါလာသည်။

"ဝုန်း"

"အမလေး"

သူ့အနီးသို့ ကျလာသည့် ပစ္စည်းကြောင့် လန့်အော်ပြီး ဓါးရှည်နှင့် ရမ်းခုတ်လိုက်သည်။

"ဟူး . . . "

တော်ပါသေးရဲ့။ ထန်းလက်ခြောက်တစ်ခု လေတိုက်၍ သူ့နံဘေးသို့ ပြုတ်ကျလာခြင်းရယ်။ ရင်ဖိုသော်လည်း ခြောက်စိတ်နည်းနည်းလျော့သွား၏။ သို့နှင့် ဟိုဟိုဒီဒီ မီးထိုးရှာကြည့်၍ ပြန်ရန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်သည်။

"ဝုန်း"

"အမလေး . . . အား"

"အမလေး လာကြပါဦး လာ . . . ကြ . . . ပါ . . . ဦး . . . အမလေးဗျ"

လေတိုက်သံများနှင့်အတူ သူ့နောက်ကျောဘက်သို့ လေးလံအေးစက်သော ပစ္စည်းတစ်ခု ခုန်ချလိုက်သည်။

သူအလန့်တကြား မီးထိုး၍ကြည့်လိုက်သောအခါ အရိုးစုလက်ကြီးနှစ်ချောင်းသည် သူ့ရင်ဘတ်ပေါ်မှာ တွဲလောင်းကျပြီး လှုပ်ရမ်းနေသည်။ သူလန့်၍ အော်လိုက်စဉ်မှာပင် အရိုးခေါင်းကြီးသည် သူ့နားရွက်အနီးမှရင်ဘတ်ရှေ့သို့ ဖက်ကျုံးပြီးကျနေ၏။

"အား . . . "

"အမလေး . . . "

"လာ . . . ကြ . . . ပါဦး . . . သရဲ . . . သရဲ . . . သ . . . ရဲ"

"သ . . . ရဲကြီး . . . သ . . . ရဲ . . . ကြီး . . . အား"

လူကရုန်းခါ၍ချ၏။ ရုန်းခါချလေ အရိုးစုကြီးက သူ့အင်္ကျီနှင့်ငြိငြိဖက်ထားသလို ကန်ကြောက်သလို ရှိနေရကား သူလန့်အော်ပြီး ပျော့လဲကျသွားတော့သည်။

သူကုန်းထကြည့်သည်။ ထလို့မရ။ အရိုးစုခန္ဓာကြီးက သူ့ပေါ်မှာဖိဖက်ထားသလို ရှိနေရကား သူငယ်သံပါအောင်အော်ရင်း . . . ။

❋ ❋ ❋ ❋ ❋

□

မနက်မိုးလင်းသောအခါ သူ့အလောင်းကို ရှယ်ပင်ကျရည်ထန်းပင်အောက်မှာ သူ့တပည့်ကုလားကြီးနှင့် လမ်းသွားလမ်းလာများ ဦးစွာတွေ့လိုက်ကြရသည်။

ဦးပိန္နဲ အသက်မရှိတော့။ သူ့ကိုယ်ပေါ်မှာ သံကြိုးများနှင့်ချည်ဆက်ထားသည့် ထူးဆန်းချောက်ချားစရာကောင်းသည့် လူအရိုးစုကမ္ဘာ့ဌာန်းကောင်ကြီးကို မြင်လိုက်ကြရသောအခါ . . .

အားလုံးတုန်လှုပ်ချောက်ချားပြီး လန့်ပြေးကုန်ကြ၏။

ဆိုးရွားလှသော ဖြစ်ရပ်သတင်းကြောင့် ရွာလူကြီးအဖွဲ့ဝင်များနှင့်အတူ ဦးပိန္နဲ၏မယား နှစ်ယောက်လည်း ငိုကြီးချက်မနှင့် အပြေးရောက်လာကြ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မယားနှစ်ယောက်သည် သူတို့လင်ယောကျ်ား၏ ကြောက်မက်ဖွယ်ရာ သေနေပုံကို မြင်လိုက်ရသောအခါ လန့်၍ သတိလစ်သွားခဲ့ကြသည်။

ရွာလူကြီးသည် ထူးဆန်းလှစွာ အရိုးခြောက်ကြီး ပိဖက်၍ သေနေသော ထန်းရည်ဆိုင်ပိုင်ရှင် ဦးပိန္နဲ၏ သေမှုသေခင်းကို ချက်ချင်းစုံစမ်းစစ်ဆေးလိုက်သောအခါ . . .

ထန်းရည်အိုးခံနေရ၍ ထန်းရည်သူခိုးကို နေ့စဉ်နည်းအမျိုးမျိုးနှင့် လုပ်ကြံချောင်းမြောင်းနေသည့်သတင်းကို ကိုကုလားကြီးထံမှလည်းကောင်း၊

ထူးဆန်းချောက်ချားစရာ အရိုးစု ကမ္ဗလာခြုံ ကောင်းကြီးကို ထန်းပင်ပေါ်တင်ပြီး သူခိုးဖမ်းသည့် အကြောင်းအား ရွာသချိုင်းမှ စဏ္ဍာလကြီး ဦးဂိုးတူထံမှလည်းကောင်း ကြားသိကြရသောအခါ. . .။

* * * * *

စဏ္ဍာလကြီး ဦးဂိုးတူသည် သူ၏ကျေးဇူးရှင်ကြီး အလောင်းကို ကျကျနနမြေမြှုပ်သင်္ဂြိုဟ်ပေး၏။

ဒီလူကြီး ကပ်စေးနှဲမှန်း၊ ရတနာသုံးပါး မကြည်ညိုမှန်း၊ လူ့ဂုဏ်တန်းရမှာ တွန့်တိုမှန်း၊ လူလူချင်းညှာတာမှုကင်းမဲ့မှန်း၊ ရာဂတဏှာ စိတ်ကြီးမှန်းကို အခုကြားသိရသော်လည်း

သူ . . . သူ့အပေါ် ငွေကြေးစပေးခဲ့ဖူး၏။

သူအရမ်းသောက်ချင်သည့် ထန်းရည်ကို အလကားအခမဲ့တိုက်ခဲ့၏။ ဒီကျေးဇူးလေးများကို ထောက်မ၍ အလောင်းကို ကျကျနနရေချိုးပေး၏။ မြေမြှုပ်ကာနီး အုန်းရေနှင့် မျက်နှာသစ်ပေးခဲ့၏။

မယားနှစ်ယောက်က မြေကြီးခဲများ ပစ်ထည့်ပြီး ရှိုက်ငိုကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အချို့က စိတ်မကောင်းကြ . . .
အချို့က ဝမ်းသာကြ . . .
အချို့က မေးငေါ့ကြ . . .
အချို့က တရားနှင့်ဖြေကြ . . .

ဦးကျီးထူ ထိုညတုန်းက ဦးပိန္နဲပြောသည့်စကားကို ပြန်ကြားမိ၏။ ဒီအကြောင်းလျှောက်ပြောရင် မင်းအလောင်းကို မင်းသချိုင်းမှာ ငါကိုယ်တိုင်မြှုပ်မှာသိလားကျီးထူ ကဲ. . . အခု. . . သူ့ကျေးဇူးရှင် လူကပ်စေးနဲ လူ့အတ္တ၊ လူ့ဘဝ္ဂစာကြီး၏ ရုပ်အလောင်းကို ဦးကျီးထူကိုယ်တိုင် မြေမြှုပ်ပေးခဲ့ရလေပြီတကား။

မောင်ညိုမှိုင်း(သန်လျင်)

မှတ်ချက်
ကျမ်းကိုး
ထန်းနှင့်ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ
စာရေးသူ - အောင်လင်းသူ (ညောင်ဦး)

❊ ❊ ❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

□

၁၉၇၉ ခုနှစ်တွင် ကျွန်ုပ် ရှေ့တန်းစခန်းများမှ လှေလှော်အင်း ရဲဘက်စခန်း (၃)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ စခန်းတာဝန်ခံ ထောင်ပိုင်ကြီးမှာ ဦးတင်မောင်နွဲ့ဖြစ်ပြီး ထောင်မှူးကြီးမှာ ကျွန်ုပ်နှင့် အင်းစိန်ထောင်တွင် တွဲဘက်တာဝန်ထမ်းဆောင်ခဲ့သော ရသေ့ကြီး ဦးစံသိန်းဖြစ်သည်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ မျက်နှာရှည်ရှည်ဖြစ်၍ ရသေ့ကြီးနှင့် တူလှသောကြောင့် ရသေ့ကြီးဦးစံသိန်းဟု နာမည်ပြောင်ခေါ်ကြသည်။

လှေလှော်အင်း (၃) စခန်းမှာ သွတ်ဆူးကြိုးကာ ခြေကျင်းရဲဘက်စခန်းဖြစ်သည်။ အထက်စခန်းများကတော့ သံဆူးကြိုးမကာသော ခြေကျင်းရဲဘက်အလုပ်စခန်းများဖြစ်ကြသည်။





လှေလှော်အင်း ရဲဘက်စခန်း (၃)မှာ ပေ (၆၀၀) ကျယ်သော ရန်ကုန်–မန္တလေး အမြန်လမ်းအနီးတွင်ရှိပြီး အနီးတွင် လှေလှော်အင်း ဝက်စခန်း (၁)နှင့် (၂)ရှိပြီး စာဘူးတောင်းရွာ၊ ညောင်ရွာ၊ ကြို့ကုန်းရွာ တို့နှင့် အတန်နီးသည်။ စခန်းမှာ ဂဝံကျောက်ကုန်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ထောင်ပိုင်အိမ်က တောင်ကုန်းထိပ်တွင် ရုံးခန်းနှင့် တွဲဆောက်ထားပြီး ဘယ်ဘက်တွင် ရဲဆူးကြိုးဝင်း၊ ညာဘက်တွင် ရိက္ခာဂိုဒေါင်နှင့် ဝန်ထမ်းအိမ်ယာများရှိပြီး ကျွန်ုပ်တို့ထောင်မှူးများ တဲအိမ်ကလေးများနှင့် ရဲဘက်ဖိုကြီးကတော့ စခန်းအဝင် အရှေ့ဘက်မြေနိမ့်ပိုင်းတွင် ရှိကြသည်။

ထောင်မှူးကြီးအိမ်မှာ ဝန်ထမ်းဘားတိုက်များအနီး ထန်းပင်ကြီးအောက်တွင် သီးခြားဆောက်ထားသည်။ ရှေ့တန်းစခန်းများမှာ တောစခန်းများဖြစ်ပြီး အေးချမ်းလှသည်။ ဤစခန်းမှာတော့ မြို့ရွာနှင့် နီးပြီး သစ်ပင်များ အရိပ်မရှိသဖြင့် အလွန်ပူလှသည်။

ဤလိုရာသီ တပေါင်းလတွင် နေ့လယ်နေ့ခင်း နေစရာပင်မရှိ။ ဓနိမိုးတဲကလေးများဖြစ်သော်လည်း အလွန်ပူလောင်လှသည်။ အရှေ့ဘက်တွင်လည်း ပေ (၆၀၀) ကျယ် အမြန်လမ်း (မြေသားလမ်း)ကြီးဖြစ်၍ ကားကြီးများဖြတ်သွားလျှင် ဖုန်အလုံးလိုက် စခန်းထဲသို့ဝင်လာပြီး လေပူကြီးတိုက်သဖြင့် အလွန်နေထိုင်ရဆိုးဝါးလှသည်။

နေ့လယ်နေ့ခင်း အားချိန်တွင် တဲကလေးများအတွင်း အနားယူ အိပ်စက် လိုသော်လည်း အပူရှိန်ပြင်းထန်လှသဖြင့် မအိပ်နိုင်။ ရေနီးပြီး ဝါးရုံပင် များအရိပ်ရှိသော ရဲဘက်ဖိုကြီးအနီးသို့ သွား၍နားနေကြရသည်။

ဤစခန်းတွင် ကျွန်ုပ်က ထောက်ဌာနတာဝန်ခံ၊ ရိက္ခာထောင်မှူးဖြစ်သည်။ ဦးဌာနတာဝန်ခံမှာ ထောင်မှူးဦးမောင်မောင်၊ ရေးဌာနတာဝန်ခံမှာ ထောင်မှူးဖက်တီးသန်းနိုင်၊ လုပ်ငန်းတာဝန်ခံမှာတော့ ဆေးမှူးကပြောင်းလာသည့် ရမ်ဒီအို ဦးမောင်မောင်ဖြစ်သည်။ ကျွန်ုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်မှာ တဲကလေးတစ်ခုတွင် အတူနေကြခြင်းဖြစ်သည်။

ဤစခန်းမှာ ဖုန်းဆိုးမြေတွင် တည်ဆောက်ထားသော စခန်းဖြစ်၍ မြေကြမ်းသဖြင့် ရဲဘက်နှင့် ဝန်ထမ်းများ မကြာခဏဖျားနာကြပြီး လန့်၍အော်ခြင်း၊ သရဲပူးခြင်းများ မကြာခဏဖြစ်တတ်သည်။ တောနက်ထဲတွင် ကျွန်ုပ်တို့နှစ်အတန်ကြာ နေထိုင်ခဲ့သော်လည်း တောတိရစ္ဆာန်များ အန္တရာယ်မှလွဲ၍ ဤကဲ့သို့ ပရလောကနှင့် သက်ဆိုင်သော ကိစ္စများ မကြုံဖူးခဲ့ပါ။

တစ်ညတွင်ဖြစ်သည်။ ထောင်မှူးကြီး ဦးစံသိန်းတဲဘက်မှ အော်သံဟစ်သံများကြားရသဖြင့် ကျွန်ုပ်တို့အပြေးအလွှားသွားရောက်ကြည့်ရှုရာ ထောင်မှူးကြီး၏တပည့် ကတ္တရာခေါ် ကုလားလေးအား သရဲဝင်ပူးခြင်း ဖြစ်သည်။

ထောင်ပိုင်ကြီးရောက်လာ၍ ရေမန်းတိုက်သော်လည်း မပျောက်သဖြင့် အနီးနားရှိလယ်ထဲမှ အသက် (၇၀)ကျော် အဘိုးဦးလှရွှေအား ပင့်ရတော့သည်။ အဘိုးဦးလှရွှေမှာ ပယောဂကုဆရာကြီး ဖြစ်သည်။ အဘိုးရောက်လာပြီးနောက် ကတ္တရာ၏နဖူးပေါ်သို့ လက်ဝါးအုပ်၍ မေတ္တာပို့ပြီး မေးမြန်းရာ

"ကဲ ဘယ်သူဝင်ပူးတာလဲ ဘာအလိုရှိသလဲပြောပါ"

"ငါ ထန်းပင်စောင့်သရဲ ထိပ်နီ၊ ဒီကုလားလေးက ငါ့ထန်းပင်ကို သေးနဲ့ပန်းတယ်၊ ငါမကျေနပ်ဘူး"

"ဟုတ်ပါပြီ ကျုပ်တောင်းပန်ပါတယ်။ အမိုက်အမဲမို့ ဓမ္မမယူပါနဲ့ ကျေနပ်အောင် ဘယ်လိုတောင်းပန်ရမလဲ ပြောပါ"

"ကြက်ကြော်နဲ့ အရက်တစ်လုံးဆက်ပါ။ ထန်းပင်အောက်ကို ရေစင်အောင် ဆေးပေးပါ။ နောက်တစ်ခါလုပ်ရင် ငါ့ကိုအပြစ်မဆိုနဲ့ အသေလုပ်မယ်"

"လုပ်ပေးပါ့မယ်၊ ကလေးကိုမနှောင့်ယှက်ပါနဲ့တော့"





"အခုချက်ချင်းလုပ်ပေးပါ လုပ်ပေးမှငါထွက်မယ်"

"ကျုပ် ဆရာတစ်ယောက်ပါ ကတိပေးပါတယ် အခုချက်ချင်း လုပ်ပေးပါမယ်၊ ထွက်ပါတော့"

သရဲထွက်သွားသော်လည်း ကတ္တရာမှာ သတိမေ့နေ၍ နာနပ် ပြုစုရသေးသည်။ သရဲမှာ အကောင်ကြီးသဖြင့် အပူးခံရသူမှာ ဒဏ်မခံနိုင်ဟု ဆရာကြီးကပြောသည်။ ချက်ချင်းပင် ထောင်မှူးကြီးအိမ်မှ အိပ်တန်းတက်နေသော ကြက်တစ်ကောင်ကိုဖမ်း၍ ရိုက်ပြီး အကောင်လိုက်ကြော်ရသည်။

တပည့်နှစ်ဦးကလည်း ကြို့ကုန်းရွာသို့ ညဘက်ကြီး အရက်သွားရာဝယ်ရသည်။ ပြီးနောက် ပယောဂဆရာကြီး ဦးလှရွှေ၏ အစီအမံအတိုင်း ထန်းပင်အောက်တွင် ခုံခင်း၍ တင်မြှောက်ပသရသည်။

တစ်မျိုးပြီးတော့ တစ်မျိုးပေါ်လာပြန်သည်။ ဆူးကြိုးဝင်းအတွင်းရှိ ရဲဘက်တစ်ဦးဗိုက်အောင့်၍ အော်နေခြင်းဖြစ်သည်။ ဆေးမှူး ဦးမောင်မောင်ပြုစုသော်လည်း မသက်သာ၍ လှေလှော်အင်းဝက်စခန်းမှ ကားခေါ်ပြီး လှည်းကူးဆေးရုံကြီးသို့ ပို့ရသည်။ အူအတက်ပေါက်ခြင်း ဖြစ်ကြောင်းသိရသည်။

အချိန်မီဆေးကုသမှု ခံယူနိုင်သဖြင့် အသက် အန္တရာယ်တော့ မရှိပါ။ ကျွန်ုပ်မှာ ယခုည တာဝန်မှူးဖြစ်၍ ဦးဆောင် လုပ်ကိုင်နေရသည်။

စခန်းပြန်ရောက်၍ ဆူးကြိုးဝင်းအားလှည့်ပတ် စစ်ဆေးစဉ် ထောင်ပိုင်ကြီးအိမ်ပေါ်မှ "အဘား အဘား"ဟူသော ကျယ်လောင်လှသည့် အော်သံကြီးကို ကြားရပြန်သဖြင့် စုံစမ်းရာ ထောင်မှူးကြီး ဦးစံသိန်းနှင့် တာဝန်လွှဲပြောင်းရန် ရောက်ရှိနေသော ထောင်မှူးကြီး ဦးကျော်ဝင်း၊ ကုလားကျော်ဝင်းယောင်၍ လမ်းလျှောက်ပြီးအော်နေကြောင်း သိရတော့သည်။

ငင်းသူမှာ နေ့စဉ်အရက်သောက်လေ့ မရှိသော်လည်း အရက်



www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီးအိပ်လျှင် ညဦးသန်းခေါင်ရောက်သည်နှင့် ကိုယ်တုံးလုံးချွတ်ခါ ထသွား၍ အော်နေတတ်ကြောင်း သိရသည်။ စိတ်ဝေဒနာတစ်မျိုးပင် ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တဲအိမ်ပြန်ရောက်၍ ခေတ္တနား၊ အိပ်စက်ရန်ပြင်နေစဉ် ထောင်ပိုင်ကြီး အသက်ရှူကြပ်နေ၍ ဆေးမှူးခေါ်ခိုင်းကြောင်း သိရသဖြင့် ကျွန်ုပ်နှင့် ရမ်ဒီအိုဆေးမှူးဦးမောင်မောင်တို့ သွားရောက်ပြုစုရပြန်သည်။ မနက်(၄)နာရီခန့်မှ အိပ်ယာဝင်ဖြစ်တော့သည်။

အိပ်ပျော်လုလုတွင် တဲရှေ့မှ ကျွန်ုပ်၏အမည်အား ခေါ်သံကြားရသည်။

''ဦးသိန်းဝင်း ထ ထ၊ ဆူးကြိုးဝင်းဘက်ကိုသွား''

ချက်ချင်းထ၍ လက်နှိပ်ဓါတ်မီးနှင့် သေနတ်ယူ၍ ရဲဘက်ဆူးကြိုးဝင်းဘက်၊ အပြေးသွားရာ မှောင်မဲနေသဖြင့် ဆူးကြိုးဝင်းထောင့်အား မီးနှင့်အထိုးတွင်–

ရဲဘက်တစ်ဦး ခြေကျင်းကြီးနှင့် ခုန်ချလာသည်နှင့် တိုးတော့သည်။

''ဟော့ကောင်ရပ်စမ်း လက်မြှောက်ထားလိုက်''ဟု ကျွန်ုပ်အမိန့်ပေးပြီး သေနတ်ကြီးအား ချောက်ခနဲမောင်းတင်လိုက်ပါသည်။ ရဲဘက်ပြေးမှာ အလွန်ကြောက်ရွံ့နေပြီး၊ လက်နှစ်ဖက်ခေါင်းပေါ်တင်၍ ငုတ်တုတ်ထိုင်နေပြီး–

''ဆရာကြီး၊ ချမ်းသာပေးပါ၊ ကျွန်တော်မှားပါပြီ''

''အေး အေး အဲဒါတွေနောက်မှပြော သွားစမ်းဘူးတံခါးဝကို၊ အေးအေးဆေးဆေးသွား၊ လှုပ်တာနဲ့မောင်းအဖြုတ်ပဲ''

စခန်းတစ်ခုလုံး အလန့်တကြား မဖြစ်စေရန်အတွက် ကျွန်ုပ်ရဲဘက်ပြေးအား ဆူးရိုးဝင်းအတွင်း ပြန်သွင်းပြီး၊ အမည်နှင့်ထောင်နံပါတ်များအား မှတ်ထားလိုက်သည်။ ကိစ္စများပြီးတော့ မနက်(၅)နာရီထိုးပြီ။





မနက်(၆)နာရီတွင် ထောင်ဖွင့်ရမည်ဖြစ်ပြီး၊ အစီရင်ခံစာရေးခြင်း၊ ရဲဘက်ပြေးအားလည်း ဒေါက်ခြေကျင်းခတ်၍ လှည်းကူးရဲစခန်းတွင် ရဲဘက်ပြေးမှု ပုဒ်မ ၂၂၄ဖြင့် အမှုဖွင့်ခြင်းများ ပြုလုပ်ရမည်ဖြစ်သဖြင့် မိုးလင်းသော်လည်း ကျွန်ုပ်အနားရမည်မဟုတ်ပါ။

မနက်(၆)နာရီတွင် ထောင်ဖွင့် လူပေါင်းစာရင်းယူပြီး လှေလှော်အင်းမှ ကားခေါ်၍ ရဲဘက်ပြေးအား လှည်းကူးရဲစခန်းသို့အပ်ခါ အမှုဖွင့်ရတော့သည်။ ကျွန်ုပ်တို့စခန်း(၃)သို့ ပြန်အရောက် နေ့လယ်စာ ထမင်းစားပြီးစဉ်ပင် လုပ်ငန်းခွင်မှ ရဲဘက်(၃)ဦး ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းရရှိပြန်သဖြင့် အဖွဲ့များခွဲကာ လိုက်ရပြန်သည်။ ဝန်ထမ်းအဖွဲ့(၄)ဖွဲ့ခွဲ၍လိုက်သော်လည်း ပြန်လည်မဖမ်းမိပါ။

သို့နှင့် ကျွန်ုပ်တို့ ညောင်ပင်ရွာကားဆိပ်၊ ကြို့ကုန်းရွာကားဆိပ်နှင့် ဖေါင်ကြီး၊ မင်းကုန်း၊ လှည်းကူးဂိတ်များအထိ ကင်းချ၍စောင့်ရတော့သည်။ မမိပါ။ အရိပ်အယောင်ပင် မတွေ့ရ။ ကြို့ကုန်းရွာနှင့် ညောင်ပင်ရွာအတွင်းလည်း အနံ့ရှာပြီးပြီ။ ညဘက်တွင်လည်း ကင်းပုန်းချဝပ်သော်လည်း ထွက်မလာပါ။ ကျွန်ုပ်တို့ စဉ်းစားရပြီ၊ ရဲဘက်ပြေးများမှာ ဝပ်ကျင်းကောင်းကောင်း ရနေဟန်ရှိသည်။

နောက်တစ်နေ့မနက်တွင်လည်း အဖွဲ့လေးဖွဲ့ခွဲ၍ ထောင်မှူးလေးဦးခေါင်းဆောင်ကာ လိုက်ရပြန်သည်။ ကျွန်ုပ်ကတော့ ညကတည်းက စဉ်းစားထားသည့်အတိုင်း ဝန်ထမ်းလေးဦးကိုခေါ်၍ ပြေးလမ်းအတိုင်း လိုက်ခဲ့ကြသည်။ လမ်းတွင် ကိုင်းတောများ၊ ကျူတောများ၊ ရွှံ့နွံရေအိုင်နှင့် အင်တိုင်းတောချုံများအား ဖြတ်ခဲ့သော်လည်း သဲလွန်စပင်မရခဲ့ပါ။

ကိုင်းတောနှင့် ရေအိုင်များဆုံးတော့ ကြို့ကုန်းရွာအနီးရှိ လယ်ကွင်းသို့ရောက်သည်။ ထိုအချိန်က စပါးရိတ်သိမ်းပြီးဖြစ်၍ စပါးပင်များမရှိတော့။ ဖရဲပင်များနှင့် နေကြာပင်၊ မြေပဲစိုက်ခင်းများသာ လယ်ကွင်းအတွင်း၌ စိမ်းညို့နေသည်။ ပုန်းအောင်းရန် လူတွေပိုင်စာချုံ



www.burmeseclassic.com

www.burmeseclassic.com



ပင်မရှိပါ။ ဖရဲသီးကြီးများကတော့ မြေပေါ်တွင် တုံးလုံးလဲပြီး ပြန့်ကျဲနေသည်။

ကျွန်ုပ်ခေါင်းထဲသို့ လက်ခနဲ အတွေးတစ်ခုဝင်လာသည်။ ဤနေရာတွင် လမ်းနယ်နှင့် နီးသဖြင့် တောလည်းမရှိတော့။ ရွာရှိအိမ်များကလည်း စခန်းနှင့်နီးသဖြင့် ရဲဘက်ပြေးများအား လက်ခံရဲကြမည်မဟုတ်။ တစ်နေ့နှင့်တစ်ညလုံးလုံး အစာရေစာရနိုင်မည့်နေရာကို ကျွန်ုပ်စဉ်းစားမိသွားစဉ် အဝေးတစ်နေရာ၊ လယ်ကွင်းထောင့် ဖရဲခင်းအတွင်းမှ ဖရဲသီးကြီးတစ်လုံး လှုပ်သွားသည်ကို မြင်လိုက်ရသည်။

လယ်ကွင်းပြင်ဖြစ်၍ လေတိုက်သောကြောင့် ဖရဲရွက်နှင့်နွယ်ကြာပွင့်များလှုပ်ရှားနေသည်ကို ကျွန်ုပ်လက်ခံနိုင်ပါသည်။ ဖရဲသီးကြီးလှုပ်သွားအောင်တော့ လေကမပြင်းပါ။ ထို့ကြောင့် ဝန်ထမ်း(၄)ဦးအား သေနတ်မောင်းတင်ခိုင်းပြီး ကျွန်ုပ်အော်ဟစ်အမိန့်ပေးရတော့သည်။

''ဟေ့ကောင် တောကျော်နဲ့အဖွဲ့ ထွက်ခဲ့တော့။ မင်းတို့ကို ငါတို့ ဝိုင်းထားပြီ။ ထွက်ပြေးရင်တော့ အသေပဲ။ လက်တွေခေါင်းပေါ်တင်ပြီး ကျင်းထဲက ထွက်ခဲ့တော့''

ဖရဲရွက်များ လှုပ်ရှားသွားပြီး ခေါင်းကလေးများ ကိုယ်စီပေါ်လာသည်။ သကောင့်သားများမှာ ရေလည်းမလို၊ ထမင်းလည်းမလို၊ ဖရဲသီးမှည့်များအား တစ်ဝစားပြီး၊ ဖရဲရွက်များအရိပ်ကိုခိုကာ တွင်းအောင်းနေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဘက်မှ အေးဆေးသွားသောအချိန်မှ ပုန်းကျင်းကထွက်ပြီး လွတ်ရာကျွတ်ရာသို့ ပြေးကြမည်ဖြစ်သည်။ အကျဉ်းထောင်ဥပဒေအရ ရဲဘက်ပြေးများအား သေနတ်နှင့်ပစ်ဖမ်းပိုင်ခွင့်ရှိပါသည်။ ကျွန်ုပ်မပစ်ပါ။ ဝန်ထမ်းများအားလည်း ပစ်ခွင့်မပေးပါ။ ပါလာသည့် ကြိုးများနှင့်လက်ပြန်တုပ်ပြီး၊ စခန်းသို့တန်းစီခေါ်ဆောင်လာခဲ့သည်။

စခန်းအနီး၊ ဝါးရုံတောအရောက်တွင် ရဲဘက်ပြေးမမိသဖြင့်





စိတ်ပျက်လက်ပျက်နှင့် အနားယူနေကြသော ထောင်မှူးဦးသန်းနိုင်ဦးစီးသည့် ဝန်ထမ်း(၄)ဦးအဖွဲ့နှင့် ဘွားခနဲဆုံတော့သည်။ ဦးသန်းနိုင်ကနေရာမှထ၍–

''အော် ဆရာဦးသိန်းဝင်းတို့အဖွဲ့က (၃)ယောက်စလုံးကို မိလာပြီကိုး ဘယ်ကမိလာတာလဲဆရာ''

''ဖရဲခင်းထဲကပါ။ ဒီကောင်တွေ ဖရဲသီးစားပြီး တွင်းအောင်းနေတာ''

ထိုစဉ် မပြောမဆို ဦးသန်းနိုင်၏ ဝန်ထမ်းလေးဦးက ကျွန်ုပ်ဖမ်းမိလာသည့် ရဲဘက်ပြေးလေးဦးအား ရုတ်တရက်ဝင်၍ ဝါးနှင့်ခုတ်၊ သေနတ်နှင့် ထုတော့သည်။ ကျွန်ုပ်အပြေးအလွှားတားဆီး၍ အော်ဟစ်အမိန့်ပေးရတော့သည်။

''ဟေ့ကောင်တွေ အခုချက်ချင်းရပ်၊ မင်းတို့နဲ့ဘာဆိုင်သလဲ။ မင်းတို့ဖမ်းမိရင် မင်းတို့ကြိုက်သလိုလုပ်၊ အခု ငါကိုယ်တိုင်ဖမ်းမိတာဘာလဲ ငါ့ကို ကြောတာလား၊ မလေးမစားလုပ်တာလား''

ကျွန်ုပ်အမိန့်ကြောင့် ချက်ချင်းရပ်သွားသော်လည်း ရဲဘက်ပြေးလေးဦးစလုံး ဦးခေါင်းနှင့်ပခုံးများတွင် အသီးသီးဒဏ်ရာများ ရသွားကြသည်။ စခန်းသို့ရောက်သော် ကျွန်ုပ် ထောင်ပိုင်အားသတင်းပို့၊ ကားခေါ်၍ ရဲဘက်ပြေးလေးဦးနှင့်တကွ၊ ထိုးခုတ်သူ ဝန်ထမ်းလေးဦးအား အစောင့်များခြံရံ၍ လှည်းကူးရဲစခန်းပို့ပြီး၊ အမှုဖွင့်တော့သည်။

နောက်ပိုင်းတွင် ရဲဘက်ပြေးလေးဦးမှာ ရဲဘက်ပြေးမှုပုဒ်မ ၂၂၄ အရ ထောင်ဒဏ်(၂)နှစ်စီ ထပ်တိုးပြီး၊ မူလကျခံရသော ပြစ်ဒဏ်မှခံစားခွင့်ရရှိထားသော လျှော့ရက်များအား အဖြတ်ခံရသည်။ ဓါးခုတ်၊ ရိုက်နှက်သူ ဝန်ထမ်း(၄)ဦးကတော့ ထောင်(၂)လစီကျခံရပြီး အလုပ်ပြုတ်တော့သည်။ ထောင်ပိုင်တင်မက ဝန်ထမ်းများက ကျွန်ုပ်အား အပြစ်မဆိုကြပါ။ မျှတသောလုပ်ရပ်ဖြစ်သဖြင့် ရဲဘက်များက ကျွန်ုပ်အား လေးစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချီးကျူးကြသည်။

မြေကြမ်း၊ ရေကြမ်း၊ ဤစခန်းတွင် ကျွန်ုပ်မပျော်ပါ။ ရန်ကုန်နှင့် နီးပြီး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် တစ်လ ဝါစ်ကြိမ်၊ နှစ်ကြိမ်ခန့် အိမ်ပြန်ရခြင်းသာ အကျိုးအမြတ်ရှိသည်။ မနေပူပူ၊ လေပူပူ၊ ဖုန်ထူသော ဤစခန်းတွင် မည်သူပျော်ပါမည်နည်း။ ဝန်ထမ်းဖြစ်၍သာ ထားရာနေ စေရာသွား၊ တာဝန်များထမ်းဆောင်ရင်း၊ ပျော်ရာမှာမနေ၊ တော်ရာမှာ နေကြရခြင်းဖြစ်ပေသည်။

စခန်း(၃)တွင် (၆)လခန့်နေပြီးနောက် ကျွန်ုပ်အား တောင်ငူထောင်သို့ ယာယီပြောင်းရွှေ့ခြင်းခံရသည်။ လုပ်ငန်းတာဝန်မှာ HINO (TE) ကားကြီး (၄)စီး၊ ဝန်ထမ်း (၂၀)ဦးဖြင့် အထက်မြန်မာပြည်မှ ရောက်ရှိလာသော ရဲဘက်သစ်များအား ရိုးမ(၂)စခန်း (တောင်ပေါ် (၁၄)ရွာ)စခန်းသို့ သယ်ယူပို့ဆောင်ပေးရန် တာဝန်ဖြစ်သည်။ ဝန်ထမ်းများမှာ အပြန်လမ်း၊ စခန်းအသီးသီးမှဖြစ်၍ အုပ်ချုပ်ရသည်မှာတော့ ခက်ခဲသည်။ သို့သော် ကျွန်ုပ်၏ ရဲဘက်ပြေးဖမ်းဆီးရာတွင် ဝန်ထမ်းများကိုပါ အရေးယူသောအမှုကို သိကြသဖြင့် အတော်ရှိန်ကြသည်။

စည်းကမ်းပျက်သည်ကတော့ ကားသမားများဖြစ်ကြသည်။ ခရီးဝေးအား နေ့စဉ်သွားနေရ၍ သူတို့ဆီပိုကျန်သည်။ ဆီပိုကျန်တော့ ပိုက်ဆံပေါကြသည်။ ဟင်းဟင်းများ တောင်ငူထောင်မှ အလှူပယ် ကျွေးမွေးသဖြင့် ဝယ်စားရန်မလို။ မနက်ခင်း လက်ဖက်ရည်သောက်ရန်အဟွက်လည်း တောင်ငူထောင်ပိုင် ဦးသိန်းမြင့်(နုတ်ခမ်းမွေး)က သပ်သပ်ပေးသေးသည်။

ရိုးမ(၂)စခန်းရောက်တော့လည်း ထောင်ပိုင်ဦးညီစိန်က တောကောင်သားများနှင့် အလှူပယ်ကျွေးပြန်သည်။ ပိုက်ဆံအပိုဝင်သော ကားသမားများကတော့ အရက်၊ မိန်းမ၊ ဖဲ မုံတော့သည်။ ကျွန်ုပ်တို့ ယာယီစခန်းချတည်းခိုရသည်မှာ ထောင်အနောက်ဘက်အနီးရှိ ပျဉ်အိမ်





ညှော်ဂေဟာကြီးတွင်ဖြစ်သည်။ ကျွန်ုပ်တို့အလုပ်က ပုံမှန်မဟုတ်၊ STAND BY ဖြစ်သည်။ တောင်ငူမြို့ထဲ လည်ပတ်ခွင့်မရှိ။ အချိန်မရွေး ရောက်ရှိလာသော ရဲဘက်များပါလာသည့် ရထားများအား နေ့/ည ဘူတာဆင်း၍ကြိုရသည်။

တစ်နေ့မနက် (၃)နာရီခန့်တွင် ဖြစ်သည်။ ထောင်ပိုင်ဦးသိန်းမြင့် ကိုယ်တိုင် ကျွန်ုပ်အားလာနှိုးသည်။

''ဦးသိန်းဝင်း၊ ဦးသိန်းဝင်း ထပါဦးဗျို့၊ မုံရွာက ရဲဘက်တွေ ရထားနဲ့ဝင်လာတယ်။ ကြိုပေးပါဦး''

''ဟုတ်ကဲ့ဆရာ၊ အင်အားဘယ်လောက်ရှိသလဲ''

''(၁၀၀)ထဲပါဗျာ၊ ခင်ဗျား TE ကားနှစ်စီးဆိုရင် ရပါတယ်။ လေးစီးလုံးသုံးစရာ မလိုပါဘူး''

''ဟုတ်ကဲ့ဆရာ ကျွန်တော်အခုပဲ သွားကြိုလိုက်ပါ့မယ်''

တော်ပါသေးသည်။ ကားသမား သိန်းဟန်နှင့် တင်ဝင်းက ညကတည်းကမရှိ။ ကိုမောင်မောင်နှင့် ကိုလှမြင့်သာရှိသဖြင့် ကားတစ်စီး (၅၀)ယောက်နှုန်းနှင့် အဆင်ပြေသွားသည်။ ကျွန်ုပ်တို့အဖွဲ့အသင့်ပြင်၍ တောင်ငူဘူတာသို့ ထွက်ခဲ့ကြသည်။

ဘူတာရောက်တော့ အစောင့်ဝန်ထမ်းများလည်းပါသဖြင့် ကားနှစ်စီးကြပ်ကြပ်တည်းတည်းစီး၍ ပြန်လာခဲ့ရသည်။ ရဲဘက်များအား ထောင်တွင်းသွင်း၍ အပ်နှံပြီးသော် ကျွန်ုပ်တို့ရိုးမ (၂)စခန်းထွက်ရန် အသင့်ပြင်ရပြီး၊ ကားသမား တင်ဝင်းနှင့် သိန်းဟန်အား လိုက်ရှာရပြန်သည်။ တော်ပါသေးသည်။ အကြောင်းသိ ဝန်ထမ်းကရှာပေးသဖြင့် တည်းခိုခန်းတစ်ခုက နိုး၍ခေါ်လာရသည်။

မနက် (၆)နာရီ ထောင်ဖွင့်ပြီးသည်နှင့် မနက်ရောက်သော မုံရွာရဲဘက် (၁၀၀)နှင့် ရောက်နှင့်ပြီးသော မန္တလေးရဲဘက် (၁၀၀)အား တောင်ပေါ် (၁၄)ရွာစခန်းကိုကျော်ပြီး ကျောက်လမ်းကြမ်းကြီးအား



www.burmeseclassic.com

www.burmeseclassic.com



မောင်းခဲ့ရသည်။ ကားများမှာ အသစ်များဖြစ်၍ တော်သေးသည်။ တောင်ခြေ ခလရ (၃၃) တွင် ခေတ္တနား၊ အပေါ့၊ အလေးသွားစေပြီး မတ်စောက်သည့် တောင်တက်မြေလမ်း၊ တောကြမ်းခရီးအား စတင်တက်ခဲ့ရတော့သည်။

ကညင်ကုန်း၊ ဖိုးပြန်တောင်၊ စိန်တောင်၊ ဝံအူတောင်များအား ကျော်တော့ တောင်ပေါ် (၁၄)ရွာ ရှီးမစခန်း(၂)သို့ ရောက်သည်။ မူလကရွာဟောင်းဖြစ်၍ တောတောင်အလယ်တွင် အုန်းပင်၊ ထန်းပင်ကြီးများရှိနေသည်။ ကျွန်ုပ်တို့ရဲဘက်(၂၀၀)အား အပ်ပြီးသော် နေ့လယ် (၁၂)နာရီခန့်ရှိပြီဖြစ်၍ စခန်းက ထမင်းကျွေးသည်။ ချေသားဟင်းနှင့် တောဝက်သားဟင်းအပြင် ဝက်ဝံသားပါ ပါသည်။ မစားဖူး၍ စားကြည့်ရာ ကျွဲသားကဲ့သို့ အမျှင်ကြီးပြီး ညှီလှသဖြင့် ကျွန်ုပ်မစားတော့ပါ။ ဤကဲ့သို့ပင် တောကောင်အမျိုးမျိုးရတတ်ကြောင်း မှုံဆိုးခေါင်းဆောင် ထောင်မှူးဦးဉာဏ်ကြီးက ပြောသည်။

ကျွန်ုပ်က "ဆရာဦးဉာဏ်ကြီး ဆတ်တို့၊ ဖွတ်တို့ရော မရဘူးလားဗျ"

"ရတတ်ပါတယ် ဆရာ၊ မနက်က ဆင်တောင်တွေ့ခဲ့တယ်။ ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှာ ဆင်တွေအိပ်နေကြတုန်း ကျွန်တော်တို့အဖွဲ့ကလည်း တောလည်ပြီးအပြန် ညောင်ပင်အောက်ဝင်နားရင်း တိုးကြတာ။ သူတို့ကလည်း လန့်ပြီးအပြေး၊ ကျွန်တော်တို့ကလည်း အပြေးနဲ့ လူကွဲသွားလို့ တပ်ကြပ်ဖိုးကျော်တို့အဖွဲ့တောင် ပြန်မရောက်ကြသေးဘူး"

"ဆင်အုပ်က အတော်များသလားဗျ"

"များသပေါ့ဆရာရယ်၊ အကောင် (၂၀)လောက်ရှိတယ်၊ စွယ်စုံဆင်ကြီးက ခေါင်းဆောင်ပေါ့၊ ဆင်မတွေရော၊ ဆင်ပေါက်တွေရော အစုံပဲ ဆရာ။ ဝါသနာပါရင် တစ်နေ့လောက် စခန်းမှာညအိပ်ပြီး တောလည်ပါ





လားဆရာ၊ ဒီမှာ သားကောင်မရတဲ့နေ့ကို မရှိဘူး၊ နေ့တိုင်းရတာပဲ"

"ဝါသနာတော့ပါပါရဲ့ဗျာ၊ ဒါပေမဲ့ ညအိပ်လို့တော့မဖြစ်ဘူး။ ကျွန်တော့်တာဝန်က (၂၄)နာရီပဲ၊ ကျွန်တော်မရှိရင် မဖြစ်ဘူးဗျ။ ကျွန်တော်နဲ့တွဲတဲ့ တပ်ကြပ်ကြီး ဦးချစ်အောင်က ခပ်ပျော့ပျော့ရယ်၊ ရဲဘက်တွေအချိန်မီ မကြိုနိုင်လို့ DE, PE အစစ်ခံနေရပါဦးမယ်ဗျာ၊ မဖြစ်သေးပါဘူး"

"အဲ့ဒါဆိုလည်း ကျွန်တော့်ပစ်ထားပါ့မယ်၊ ဆရာစားချင်တာက ဖွတ်နဲ့ဆတ်နော်၊ မနက်ဖြန်စားရစေ့မယ်၊ စိတ်သာချဆရာရေ"

ကျွန်ုပ်တို့တောင်ပေါ်မှဆင်း၍ တောင်ငူထောင်သို့ပြန်ခဲ့ကြသည်။ တောင်ပေါ်အဆင်းလမ်းတွင် တောယုန်များ၊ ချေနှင့် တောဝက်များဖြတ်ပြေးသည်ကို မကြာခဏကြုံရသည်။ ကားပေါ်မှဖြစ်၍ ပစ်ခွင့်မသာပါ။

ညနေစောင်းတွင် တောင်ငူထောင်ဧည့်ဂေဟာသို့ ကျွန်ုပ်တို့ ပြန်ရောက်သည်။ ကျွန်ုပ် ခေတ္တအနားယူပြီး ရေချိုးနေစဉ် ဧည့်သည်လာသည်ဟု တပည့်တစ်ဦးက လာသတင်းပို့သည်။ ကျွန်ုပ် အလွန်အံ့သြသွားသည်။ တောင်ငူထောင်မှာ ကျွန်ုပ်တို့ ယာယီတာဝန်ထမ်းဆောင်ရခြင်းသာဖြစ်၍ ကျွန်ုပ်မိသားစုနှင့် အထက်လူကြီးများသာသိသည်။ ကျွန်ုပ် အဝတ်အစားလဲ၍ ဧည့်ခန်းသို့ ထွက်ခဲ့ရာ ရှေးရိုးရင်ဖုံးအကျီလက်ရှည်နှင့် သားနားခန့်ညားသော မိန်းမကြီးတစ်ဦးနှင့် ရင်စေ့အကျီဝတ်ဆင်ထားပြီး ရှည်လျားသောဆံပင်ကို ဖြန့်ချထားသော မိန်းမပျိုတစ်ဦးအား တွေ့ရသည်။ ကျွန်ုပ် သူတို့နှစ်ဦးစလုံးကို မသိပါ။ ဧည့်ခန်းတွင် ဝင်ထိုင်စဉ် စကားဝါပန်းနံ့ကို ရှူရှိုက်မိသည်။ သူတို့နှစ်ဦးစလုံး ပန်းပန်ထားခြင်းမရှိပါ။

"ဘာကိစ္စများပါလဲခင်ဗျာ၊ ကျွန်တော်ထောင်မှူးသိန်းဝင်းပါ"

အပျိုမ – "ဟုတ်ကဲ့ ဆရာနဲ့တွေ့ဖို့ လာတာပါ၊ ဆရာကဒီအဖွဲ့က ခေါင်းဆောင်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ပြောစရာရှိရင် ပြောနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က ဒီကပါပဲ၊ ဆရာ့တပည့်တွေ ဒီည့ဂေဟာမှာ အရက်သောက်၊ ဖဲရိုက်၊ မိန်းမရှုပ်နေကြတာ၊ ကျွန်မတို့မကြိုက်ပါဘူး။ အဲ့ဒါဆင်ခြင်ဖို့ ခေါင်းဆောင်ဆရာကို လာတိုင်တာပါ။ ဆက်လုပ်နေရင်တော့ ကျွန်မတို့က ခွင့်လွှတ်မှာ မဟုတ်ဘူးနော်"

တပည့်များ ဖဲရိုက်၊ အရက်သောက်ကြသည်ကိုတော့ ကျွန်ုပ်သိပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ပင်ပန်းသောနေ့များတွင် သောက်တတ်သည်။ ထောင်ပိုင်ကတော်ကို ကျွန်ုပ်သိပါသည်။ သူလည်းမဟုတ်၊ ညွှန်မှူးကတော်နှင့်သမီးများ ဖြစ်နေမလားဟု စဉ်းစားမိသဖြင့် မမေးရဲခဲ့ပါ။ ထို့ကြောင့်–

"ဟုတ်ကဲ့ ခင်ဗျာ ဟုတ်ကဲ့။ ကျွန်တော့်တပည့်တွေကို ဆုံးမထားပါ့မယ်။ ကျွန်တော်တို့လည်း ခဏတည်းခိုကြတာပါ။ နောက်တစ်ပတ်ဆိုရင် တာဝန်ပြီးလို့ စခန်းအသီးသီးပြန်ကြရမှာပါ"

အဒေါ်ကြီး– "ညည့်သည်တွေမို့ ခွင့်လွှတ်ထားတာ၊ ဒီဒေသသားဆိုရင် အပြစ်ပေးပြီးတာကြာလှပေါ့၊ ဆင်ဆင်ခြင်ခြင်နေပါ။ မင်းက ခေါင်းဆောင်မို့လို့လာသတိပေးတာ။ ကိုယ့်လူကိုယ်နိုင်အောင်ထိန်း၊ နောက်တစ်ခါဆိုရင် ငါတို့ တာဝန်မယူနိုင်ဘူး သတိထားပါ"

"သည်းခံပါခင်ဗျာ။ ကျွန်တော်ထိန်းပါ့မယ်"

သူတို့သားအမိထင်ပါရဲ့၊ ပြန်သွားကြသည်။ ကျွန်ုပ်လည်း ဘာမှန်းညာမှန်းမသိ အဆူအပူခံရ၍ အတော်စိတ်ညစ်သွားမိသည်။ တပည့်များ အရက်သောက်၊ ဖဲရိုက်သည်ကို သိသော်လည်း မိန်းမရှုပ်သည့် ကိစ္စကိုတော့ ကျွန်ုပ်မသိပါ။ ကျွန်ုပ်လည်း သောက်တတ်ပါသည်။ သို့သော် အလွန်ပူသော ရာသီဥတုကြောင့် ကျွန်ုပ်အရက်မသောက်သည်မှာ ကြာချေပြီ။

အဝတ်အစားလဲပြီး ကျွန်ုပ်ထောင်ရှေ့သို့ ထွက်ခဲ့သည်။ ထောင်ပိုင်ဦးသိန်းမြင့်နှင့် ညွှန်မှူးအိမ်မှာ ထောင်အရှေ့ခြမ်းတွင်ရှိသည်။





ကျွန်ုပ်ရောက်သည်နှင့် ထောင်ပိုင်ဦးသိန်းမြင့်က လှိုက်လှဲစွာကြိုဆိုသည်။

"ဦးသိန်းဝင်းလာဗျို့ ညနေစာထမင်းစားမလား။ ကျွန်တော့်ဆီမှာ အရက်တော့မရှိဘူးဗျို့။ သောက်ချင်ရင်တော့ ညွှန်မှူးအိမ်လိုက်ပို့မယ်။ ညွှန်မှူးကြီးက ညနေဆိုအဖော်ရှာနေတာ"

"ညနေစာစားဖို့လည်းမဟုတ်၊ အရက်သောက်ဖို့လည်းမဟုတ်ပါဘူး ဆရာရယ်။ ဒါပေမဲ့ ညွှန်မှူးအိမ်ကိုတော့ ဆရာနဲ့အတူသွားချင်တယ်"

"အဲဒါဆိုရင် အတော်ပါပဲ။ ခင်ဗျားကိုလည်း ညွှန်မှူးကြီးကတွေ့ချင်နေတယ်။ သူလည်းရိုးမ (၂) သွားချင်တာ၊ စခန်းအကြောင်းသိချင်လို့တဲ့"

ထိုစဉ်တွင် ထောင်ပိုင်ကြီးကတော်က ကော်ဖီနှင့်မုန့်များလာချသည်။

"ကိုသိန်းဝင်း တည့်ရဲ့လား၊ ခင်ဗျား ညွှန်မှူးအိမ်သွားချင်တယ်ဆို"

"တည့်ပါတယ်ဆရာ၊ ကျွန်တော်နေပူလွန်းလို့ မသောက်တာကြာပါပြီ။ ဒါနဲ့ဆရာ ညွှန်မှူးကြီးက အရက်သောက်တယ်ဆိုတော့ သူ့မိန်းမနဲ့ သူ့သမီးကကြိုက်ရဲ့လား။ နောက်ပြီး ကျွန်တော့်ဝန်ထမ်းတွေ အရက်သောက်တာတော့ မကြိုက်ကြဘူးထင်တယ်"

"ခင်ဗျားတို့က ညည့်သည်တွေပဲ။ ပင်ပန်းကြလို့သောက်ကြစားကြတာ ဘာဖြစ်သလဲ။ ကျွန်တော်က မသောက်တတ်ပေမဲ့ ကိုယ်ချင်းစာပါတယ်။ ဒီထောင်ကအရာရှိတွေတောင် မပင်ပန်းဘဲ သောက်နေကြတာပဲ။ ဒါနဲ့ ခင်ဗျားပြောလိုက်တာ ဘာတဲ့။ သူ့မိန်းမနဲ့ သူ့သမီးဆိုတာ ညွှန်မှူးကြီးက တစ်ယောက်တည်းခဏလာနေတာဗျ။ မိန်းမနဲ့သမီးမပါလာဘူး"

"ဟာဗျာ ရှုပ်ကုန်ပြီထင်တယ်။ အစောကလေးတင် သားသား



www.burmeseclassic.com

www.burmeseclassic.com



နားနားမိန်းမကြီးတစ်ယောက်နဲ့ သူ့သမီးထင်ပါရဲ့။ ကျွန်တော်တို့ ညှို့ရိပ်သာကို လာတယ်ဗျ။ ညှို့ရိပ်သာပေါ်မှာ အရက်သောက်၊ ဖဲရိုက်၊ မိန်းမရှုပ်တာ မကြိုက်ဘူးတဲ့။ ကျွန်တော်ကို အဖွဲ့ခေါင်းဆောင်ဆိုပြီး လာသတိပေးသွားတယ်''

''ခင်ဗျားဟာက ဘာလဲဗျ။ ဘယ်သူက လာပြောမှာလဲ၊ မဟုတ်သေးပါဘူး။ ကျွန်တော်တို့လည်း သိတာပဲ၊ ညှို့ဂေဟာမှာ ဒီလိုပဲ လွတ်လွတ်လပ်လပ် နေကြတာပဲဟာကို''–

ထိုစဉ်တွင် ထောင်ပိုင်ကတော်မှ ဝင်ပြောလာသည်။

''ဒီလိုထင်တယ် ဆရာရဲ့၊ အဲဒီညှို့ဂေဟာ ညှို့ခန်းဆောင်မှာ တောင်ပို့ကြီးရှိတယ်လေ။ အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေ ထွန်းပြီး တောင် ပူဇော်ထားတာတွေ့မိတယ်။ အဲဒါကြောင့်လားမသိဘူး။

''မင်းကလည်းကွာ၊ ဒါတွေယုံနေပြန်ပြီ၊ ငါတို့ရောက်မှ ဘာမှ မလုပ်ဖြစ်ပါဘူး''

''ရှင်ကသာမယုံတာ။ အဲ့ဒီညှို့ဂေဟာနားမှာနေတဲ့ ထောင်မှူးကြီးဦးအေးမြင့်ကတော်က ညနေတိုင်း ဖယောင်းတိုင်အမွှေးတိုင်တွေနဲ့ ပူဇော်နေတာ၊ အခု ဆရာတို့အဖွဲ့ရောက်မှ ရပ်ထားတာ''

ကျွန်ုပ် ''ဟုတ်မယ်ထင်တယ်ဆရာ၊ အဲ့ဒီတောင်ပို့ကြီးပေါ်မှာ ဖယောင်းတိုင်အမွှေးတိုင် ငုတ်တိုတွေတွေ့ရတာ၊ ကျွန်တော်လည်း အခုမှ သတိထားမိတယ်''

''ကဲ လာ ကိုသိန်းဝင်း ညွှန်မှူးအိမ်သွားကြမယ်''

ကျွန်ုပ်တို့ ညွှန်မှူးအိမ်ရောက်တော့ ညွှန်မှူးကြီးက ညနေဝိုင်းလုပ်ရန်စီစဉ်နေသည်။ ကျွန်ုပ်တို့ကိုမြင်တော့ –

''ကဲ လာကြဗျို့၊ ကျုပ်လည်း တစ်ယောက်တည်းသောက်ရမှာ ပျင်းလွန်းလို့ အဖော်မျှော်နေတာ၊ ရှီးမ(၂)စခန်းက ကိုညီစိန်တို့ ပို့လိုက်တဲ့ တောကောင်သားဟင်းတွေနဲ့ အမြည်းကောင်းပါတယ်။ လာထိုင်





ကိုသိန်းဝင်း၊ ဦးသိန်းမြင့်ကတော့ မိန်းမကြောက်လို့မသောက်ရဲဘူးဗျ''

ဦးသိန်းမြင့် ''ကျွန်တော်က အရင်ကတည်းက မသောက်တာပါညွှန်မှူး။ မိန်းမကြောက်လို့မဟုတ်ပါဘူး''

ကိုယ့်အထက်အရာရှိက လိုက်လှဲစွာခေါ်သဖြင့် ကျွန်ုပ်တို့ ညွှန်မှူးညှို့ခံသော အကောင်းစားအရက်နှင့် တောကောင်သားများ တစ်ဝစားကြသည်။ ရှီးမ(၂)စခန်းအကြောင်းလည်း ပြောကြသည်။ ခရီးလမ်းကြောင်းကိုလည်း ကျွန်ုပ်ကရှင်းပြရသည်။ နောက်ဆုံး ညှို့ဂေဟာမှ ခြတောင်ပို့ကြီးအကြောင်းရှင်းပြရာ ညွှန်မှူးက အလွန်အံ့သြနေပါသည်။

ညွှန်မှူးက ''ကိုသိန်းဝင်း ခင်ဗျားယုံသလား။ ဂရုစိုက်မနေနဲ့ လုပ်ရမဲ့အလုပ်ဆက်လုပ်၊ ဒီထောင်မှာ ကျုပ်ကအကြီးဆုံးပဲ။ ဦးသိန်းမြင့်ကလည်း ခွင့်ပြုပါတယ်။ ခင်ဗျားတို့က ညှို့သည်တွေပဲ။ အိမ်ရှင်ခွင့်ပြုရင် ကြိုက်သလိုနေနိုင်တယ်။ ဆက်လုပ်''–

စားသောက်ပြီးနောက် ကျွန်ုပ်တို့ ညွှန်မှူးအားအလေးပြုနှုတ်ဆက်ပြီးနောက် ပြန်ခဲ့ကြသည်။ နောက်တစ်ပါတ်အတွင်း အလုပ်ရှုပ်လှသဖြင့် ကျွန်ုပ်လည်း ခြတောင်ပို့ကြီးအား သတိမရတော့ပါ။ နှစ်ပတ်ပြည့်၍ လုပ်ငန်းတာဝန်များပြီးဆုံးတော့ ကျွန်ုပ်တို့ပြန်ရန်ပြင်ဆင်ရပါသည်။

ပစ္စည်းများသိမ်းဆည်းနေစဉ် ကျွန်ုပ်ရှီးမ(၂)စခန်းမှ လက်ဆောင်ရခဲ့သော ရတနာရွှေခွက်၊ သစ်ခွပန်းအုံမှ သစ်ကိုင်းစမှာ ခြတောင်ပို့အတွင်းနစ်ဝင်နေပြီး မြေဇာအသစ်များဖြင့် သစ်ကိုင်းအား ငုံထားသဖြင့် ကျွန်ုပ်မယူတော့ဘဲ သစ်ခွပန်းကိုင်းအား ခြတောင်ပို့အစောင့်များအတွက် လက်ဆောင်အဖြစ် ချန်ထားခဲ့ပါတော့သတည်း။

❊ ❊ ❊ ❊ ❊

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



❑

ကျွန်တော်တို့ ငယ်ရွယ်စဉ်အခါက တောထဲငှက်ပစ်ထွက်ရတာ အလွန်ပျော်သည်။ ကျွန်တော်တို့က လောက်လေးဂွနှင့် အစ်ကိုဝမ်းကွဲများက လေသေနတ်နှင့်ဖြစ်၏။ အချို့ငှက်များကို အသေရ၏။ အချို့ အရှင်ရ၏။

အရှင်ရသည့်ငှက်များကို ကြိုးရှည်နှင့် ခြေထောက်မှာချည်နှောင်ပြီး လေထဲလွှင့်မြှောက်ကစားကြ၏။ ငှက်ကလေးများက လွတ်ပြီကျွတ်ပြီအမှတ်နှင့် တောင်ပံခတ်၍ပျံကြသည်။

ကြိုးရှည်ဆုံးသောအခါ တုံ့ခနဲ မြေကြီးပေါ်သို့ ပြန်ကျလာသည်ကိုကြည့်ပြီး ကျွန်တော်တို့ အရမ်းပျော်ကြသည်။

သူ့ငှက် ကိုယ့်ငှက် အကျအလုပြိုင်ကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးများ၊ ကျီးကန်းအရှင်များက ကြောက်လန့်စွာ အော်ကြ၏။ ရှန်းကန်ကြ၏။ ငှက်အော်သံ၊ ကျီးအော်သံကြားသော် ရင်းငှက်၏ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းဖြစ်ဟန်တူသော ကျီးငှက်များက အသံကြားရာသို့ ပြေးလာဝဲပျံ အော်ဟစ်ကြ၏။

အဲဒါကို ကျွန်တော်တို့က လောက်လေးဂွများဖြင့် ပစ်ရင်းပျော်ကြသည်။

ထိုအခါ မကြည့်ရက်သူ လူကြီးများ၊ မိဘများက –

''ဟေ့ကောင်တွေ ဝဋ်လိုက်မယ်နော် မလုပ်ကောင်းဘူး''

''လူလေးတို့ သတ္တဝါတွေကို မညှဉ်းပန်း၊ မနှိပ်စက်ကြပါနဲ့ကွယ်၊ လူလေးတို့ တစ်နေ့ဝဋ်လိုက်မှာစိုးလို့ ပြောရတာကွဲ့''

''ဝဋ်လိုက်တယ်ဆိုတာ ဘာလဲဗျ ဘိုးလေးအုန်းရ''

''ဝဋ်လိုက်တယ်ဆိုတာ တူသောအကျိုး ပြန်ခံစားရတာကို ပြောတာကွဲ့။ သတ္တဝါကိုဖြစ်စေ၊ လူကိုဖြစ်စေ၊ ညှဉ်းဆဲသတ်ဖြတ်ရင် အဲဒီလိုပဲ ပစ္စုပ္ပန်လူ့ဘဝမှာသော်လည်းကောင်း၊ ဒါမှမဟုတ် နောင်ဘဝမှာသော်လည်းကောင်း ကိုယ်လည်းအဲဒီလို ပြန်ခံရရောကွ''

''နောင်ဘဝမှ ခံရမှာလား''

ကျွန်တော်တို့က လူရွယ်လေးများတည်း။ ဆုံးမစကားပြောနေသည့်ဘိုးလေး၊ ဘကြီးများကို ပြန်၍ ထိကြ ရိကြသည်။

''အခန့်သင့်ရင် ပစ္စုပ္ပန်လူ့ဘဝမှာကို တူသောအကျိုးပေး ဝဋ်ခံရတာလည်းရှိတယ် ငါ့တူတို့ရဲ့''

''မယုံပေါင်ဗျာ''

''အေး မယုံလည်းနေကြပေါ့ကွာ။ တစ်နေ့မင်းတို့ ကြုံရမှာပါ''

❋ ❋ ❋ ❋ ❋

❑

တစ်နေ့ ကျွန်တော်တို့ တကယ်ကို ကြုံရပါသည်။

ထိုအဖြစ်အပျက်ကို ငယ်စဉ်က ဘိုးလေးအုန်းပြောသကဲ့သို့ ဝဋ် ပစ္စုပ္ပန်ဝဋ်ကြွေးဟု ခေါ်ရလေမည်လားမသိ။

ကြောက်စရာ အလွန်ကောင်းလှ၏။ ကြုံရပါပြီ။

ကျွန်တော်တို့ အရွယ်ရောက်၍ အိမ်ထောင်ရက်သားကျပြီးသော အခါ (        )မြို့ကလေးသို့ ပြောင်းရွှေ့ခဲ့ကြ၏။

ရေကြည်ရာ မြက်နုရာ။

စီးပွားရေးလုပ်လို့ ကောင်းမည့်နေရာရယ်လို့။

ကျွန်တော်တို့က ပဲအရောင်းအဝယ်လုပ်ကြ၏။ ပဲကလည်း ရင်းနိုင် လိုက်နိုင်လျှင် အကျိုးအမြတ်ရှိ၏။ မိတ်ကောင်းဆွေကောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိကြလို့လားမသိ။ လုပ်ငန်းများအောင်မြင်လာ၏။

ကျွန်တော်တို့အိမ်နှင့် အိမ်မျက်စောင်းထိုးမှာ ဝက်သတ်ရုံရှိသည်။ ဝက်သတ်ရုံပိုင်ရှင်မှာ ကိုခြောက်စောင်းကြီးဖြစ်ပြီး သူ့မိန်းမအမည်က မကျီးကန်းဟုခေါ်၏။

ရွာများ၊ နယ်များမှ ဝက်အရှင်များကို တပည့်လူယုံများနှင့် ဝယ်လာ၍ ဒီနေ့ရောင်းရမည့် ဝက်များကို မိုးမလင်းခင် ပေါ်ရ၏။

ဝက်ပေါ်လျှင် ဝန်းကျင်တစ်ခုလုံး စိတ်မချမ်းသာကြ။

အချို့ကတော့ နားယဉ်နေ၍ သိပ်မတုန်လှုပ်ကြ။ ကျွန်တော်တို့မိသားစုကား ဝက်သတ်ရုံမှ ဝက်ပေါ်သံ အော်သံကြားရရင် အိပ်ယာမှ လန့်နိုးကြ၏။

နံနက် သုံးနာရီထိုးမှာ ဝက်ပေါ်၏။

ဝက်များကို ခြေလက်များကြိုးနှင့်တုပ်တန်းစီပြီး ပိုင်ရှင်ကိုခြောက်စောင်းကြီးကိုယ်တိုင် ဝက်ရဲ့ နှလုံးရှိရာကို ဝက်ထိုးဓါးချွန်မြမြကြီးနှင့် တစ်ချက်စီထိုးသတ်လေ့ရှိ၏။

ဝက်များသည် ချွန်မြသည့် ဓူးဓါးသွားဝင်သွားသည်နှင့် ငယ်သံပါအောင်အော်ကြပြီး မကြာခင် သေဆုံးသွားကြသည်။

မသေမရှင်ဝက်များက အသံကုန်အော်ဟစ်နေကြဆဲ။

ထိုအခါ ကိုခြောက်စောင်းက နောက်တစ်ကျော့ ဓါးနှင့်ထပ်တိုးပြန်၏။ သေနေကြသောဝက်များရဲ့ ကိုယ်ပေါ်သို့ အလုပ်သမားများက ရေနွေးပူပူလောင်းချကြပြီး အမွေးခြစ်ကြသည်။

(ယခုနောက်ပိုင်း ဘလိတ်ဓါးနှင့် အမွေးရိတ်သည်ကများ၏။)

အမွေးပြောင်သည်နှင့် လေးဘက်ကျပေါ်။ အူချဉ်ဖယ်၊ အူကလီအသည်းနှလုံးထုတ်။ ခုတ်ထစ်တွဲ၍ ဖောက်သည်လာယူကြသည့် ဈေးသည်များကို ဖောက်သည်ပေးရ၏။

အချို့ကို ခုံတင်ကိုယ်တိုင်ရောင်း၏။





စီးပွားဖြစ်လွန်းရကား တိုက်နှင့် ငွေ၊ ရွှေနှင့် ဖြစ်ပြီး၊ ကျွန်တော်တို့ ဒီအရပ်မှာ လူချမ်းသာစာရင်းဝင်ဖြစ်၍ အရာရောက်အရေးပါနေ၏။

အရက်ကလည်း နေ့ရောညရောသောက်၏။

အရက်မူးလျှင် ဓါးတရမ်းရမ်းနှင့် အော်ဟစ်ဆူပူစိန်ခေါ်ရကား အနားကိုသိပ်မကပ်ရဲ။

ပြဿနာဖြစ်လာလျှင် လက်ဦးအောင် ''ခြောက်စောင်း''တို့က အလျှင်ရိုက်ပစ်၏။ ဓါးနှင့်ခုတ်၏။ ထိုး၏။

သူ့မျက်စိရှေ့မှာ ကန့်လန့်ဟုမြင်လျှင် ဆိုင်ကယ်သမား၊ စက်ဘီးသမား၊ ဆိုက်ကားသမားမှန်သမျှ မှောက်သွားအောင် သွေးချင်းချင်းရဲအောင်လုပ်ပစ်၏။

သည့်နောက် ငွေနှင့်လိုက်၏။ လျော်၏။ တောင်းပန်၏။

သို့ဖြစ်၍ ဝက်သတ်ရုံပိုင်ရှင် ဝက်သတ်သမား ခြောက်စောင်းတို့အုပ်စုဆိုလျှင် အားလုံးက ရင်ဆိုင်ပြီး ရန်မဖြစ်ကြ။

ဝေးဝေးက ရှောင်ကြသည်။

ဒီတော့ သူတို့ကိုကြောက်လို့ဟု ယူဆပြီး ဒီဝန်းကျင်လေးမှာ လူမိုက်ဗိုလ်ကျ အသံကျယ်လေ့ရှိ၏။

သူ့မိန်းမ မကျီးကန်းနှင့်လည်း ဘယ်မိန်းမမှ ယှဉ်မဖြစ်ရဲ။ မကျီးကန်းကလည်း ရန်ဖြစ်ပြီဆို ဝက်သားခုတ်ရိုးနှင့် အရင်တွယ်လေ့ရှိ၏။

စားရာသောက်ရာမှာလည်း အလွန်ပက်စက်သည်။

ဝက်မသေမရှင် အမြီးကိုဖြတ်၍ ရေနွေးဆူဆူမှာနှစ်လိုက်ပြီးပြန်ဖော်၊ အမွေးကိုလက်နှင့်သပ်ချပြီး အချဉ်ရည်နှင့် ချက်ချင်းတို့စား၏။ ရင်ခွဲလို့မှ မပြီးသေး။ မကျီးကန်းအတွက် အူကလီစာနုနုလေးများကို အလျှင်လိုးပေးရသည်။ ဝက်လျှာကို အလျှင်ဖြတ်ပေးရသည်။

အဲဒီဝက်ကလီစာအူနုနှင့် ဝက်လျှာကို ချက်ချင်းရေနွေးဖြောပြီး



www.burmeseclassic.com

www.burmeseclassic.com



မကျက်တကျက်ကို အချဉ်ရည်နှင့်တို့၍ မြိန်ရေယှက်ရေစားလေ့ရှိ၏။

တစ်ခါတစ်ရံ သူ့ယောက်ျားအရက်သောက်ရာသို့ ဝင်ရောပြီး နှစ်ခွက် သုံးခွက်ပင် ဝင်တီးလိုက်သေး၏။

အရက်လေးများ လင်ရော မယားရော တွေမျှားသွားလျှင် အသံမျိုးစုံနှင့် ဆူပူသောင်းကျန်းကြရကား

ကျွန်တော်တို့ဝန်းကျင်သည်–

ဝက်ပေါ်ချိန် နံနက်စောစောကစပြီး ညနေမိုးချုပ်အိပ်ချိန်အထိ အေးချမ်းသော လူ့ရပ်လူ့ဝန်းကျင်အလှမပေါ်ဘဲ ငရဲခန်း၊ ဒါမှမဟုတ် လူရမ်းကားတော၊ လူရိုင်းတောနှင့် လွန်စွာတူနေ၏။

တစ်စက်ကလေးမှ စိတ်မချမ်းသာရ။

အချို့ပြောင်းပြေးကြ၏။

ကျွန်တော်တို့လည်း ဤငရဲအရပ်မှ အမြန်ပြောင်းရန် စီစဉ်နေရ၏။

❋ ❋ ❋ ❋ ❋

❑

ဝက်သတ်ရုံပိုင်ရှင် ကိုခြောက်စောင်းကြီး စီးပွားဖြစ်ချင်လို့ ထင်ပါရဲ့။

ဝက်ရဲ့ဝယ်လိုအားရော ရောင်းလိုအားရော မနိုင်မနင်းဖြစ်လာခဲ့၏။

သို့နှင့် ဝက်အမြန်ပေါ်နည်းနှင့် ဝက်အလေးချိန်တိုး နည်းစနစ်သစ်ကို ရက်စက်ကြမ်းကြုတ်စွာ စီစဉ်တော့သည်။

ခါတိုင်းက မနက်စောစောဝက်များကို ဓါးနှင့်ထိုးသတ်၍ ရေနွေးပြောအမွေးနုတ်ပြီး အလေးချိန်စီးရန် ဆေးထိုးပိုက်နှင့် ရေထိုး၏။ ပါးစပ်ဖြဲ၍ ရေလောင်းသွင်းပြီး စိမ်၏။

ငင်းနည်းက အချိန်ကြာသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခု နည်းသစ်က အကျိုးအမြတ်ရှိ၍ စမ်းသပ်မှုအောင်မြင်ပြီးမို့ ၎င်းနည်းသစ်ကို တပည့်များနှင့် ရက်ရက်စက်စက်အကောင်အထည် ဖော်၏။

စပယ်ရှယ် လေးထောင့်သံအိုးကြီးကို အော်ဒါမှာ၏။ သံအိုးကြီး (လေးထောင့်ကန်)အောက်မှာ မီးကျင်းဖို၏။ ရေအပြည့်ဆူလာသော အခါ လေးဘက်တုပ်ချည်ထားသော ဝက်အရှင်ကို ပွက်ပွက်ဆူရေနွေး ကန်ထဲသို့ လူအားနှင့်မ၍ပစ်ချပြီး အပေါ်မှ အဖုံးဖုံး အလေးဖိထား လိုက်လေ၏။

ထိုအခါ ဝက်အရှင်သည် ရေနွေးကန်အိုးထဲမှာ အသက်လု ရုန်းကန်ရင်း နောက်ဆုံး ရေနွေးပူပူများ မြိုချရင်း၊ နစ်ရင်း၊ လောင်ရင်း သေဆုံးသွားလေ၏။ ဝက်ကိုရေထိုးစရာမလိုတော့။

ရေနွေးများ ဝမ်းဗိုက်ထဲသို့ ရောက်ကုန်ပြီး တင်းကားနေ၏။ သေလာက်ပြီဆိုမှ ရေနွေးကန်မှဆယ်၍ ရေအေးစိမ်ပြီး အမွေးခြစ် ကြသည်။

အဲဒါ တစ်ကောင်ပြီး တစ်ကောင်။

လုပ်ငန်းလည်းတွင်ကျယ်၍ ရေအလေးချိန်လည်း တိုးပြီးသား ဖြစ်ရကာ ကိုခြောက်စောင်းကြီး သူ့အလုပ်ကို အလွန်သဘောခွေ့၍နေ၏။

သည်ဘက်မှာ ဝက်ဖျက်သူကဖျက်။

မစားရလျှင် မနေနိုင်သော မကျီးကန်းက ဝက်လျှာကိုလှီး၊ မျက်လုံးကိုထုတ်၊ ရေနွေးမကျက်တကျက်မှာ ပြုတ်၍ အရက်နှင့်မြည်းရင်း လောကစည်းစိမ်အရသာကို ကျေနပ်ကြီးစွာခံစား။

သို့ကလိုနှင့် ရက်ပေါင်းအတန်ကြာခဲ့၏။

မကျီးကန်းရဲ့ မဲချိတ်ချိတ်ဝဝကိုယ်လုံးပေါ်မှာ ရွှေဆွဲကြိုးကြီးများ လေးငါးကုံးညွတ်နေ၏။ လက်ကောက်များ များလွန်း၍ ဘယ်လက်ရော ညာလက်ရော မမြင်ရ။ ရွှေလက်ဖြစ်နေ၏။

---

စိတ်ကူးသစ်စာပေ



လက်ငါးခြောင်းမှာ ရွှေလက်စွပ်၊ မြလက်စွပ်၊ နီလာလက်စွပ်များ တန်းစီနေ၍ ဝက်သတ်ရုံကတော်မိန်းမနှင့်မတူ။

ဇာတ်ပိုင်ရှင်မယား၊ ဇာတ်မင်းသားမယားနှင့်တူနေ၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

အကုသိုလ်ဝင်ချင်တော့ ကြည့်စမ်း . . .

တစ်နေ့

ရွာများမှ ဝက်များကားနှင့် ဝယ်ချလာကြသည်။ ဝက်လှောင်အိမ်မှာ စုပြုံထည့်ထားကြသည်။

မိုးလင်းတော့ ဝက်များကို ကြိုးနှင့်လေးဘက်တုပ်၍ ရေနွေးကန်ထဲသို့ ပစ်ချ၏။ ဝက်များရဲ့ ရှန်းကန်ကူးလူးသံ အော်ဟစ်သံများက နံနက်စောစော ငရဲပွက်သလိုရှိ၏။

တစ်ကောင်ပြီး တစ်ကောင်ဆယ်။

နှစ်ကောင်ပြီး နှစ်ကောင်ဆယ်။

ဒီလိုနှင့် ဆယ်ကောင်မြောက် ဝက်ခါးပတ်ကြား အစွယ်ဖွေးဖွေး





ဝက်ထီးကြီးကို လူလေးယောက်မ၍ ရေနွေးကန်ထဲသို့ ပစ်ချလိုက်ကြသည်။

ဝက်ထီးကြီး လူးလွန့်၍ ရေနွေးကန်ထဲမှ လူးလွန့်နေသည်။

ရေပန်းရေပွက်ပွက်များ ခုန်စင်လာသည်။ အလျင်အမြန်အဖုံးကို ပိတ်၍ အလေးဖိပြီး စောင့်ကြည့်နေရ၏။

သတ်မှတ်ချိန်စေ့သောအခါ

အပေါ်ဖုံးကို ဖွင့်လိုက်သည်။

အလို • • •

ရေနွေးကန်ထဲမှာ ဝက်ကြီးမရှိပါလား။

''ဆရာစောင်း''

''ဘာလဲ ငပွင့်''

''ဝက်ကို မတွေ့ရဘူးဗျ''

''ဟ ခွေးမသားရ အောက်မှာများ နစ်နေပလားမှ မသိပဲ ဆင်းငုပ်ပြီးကြည့်''

''ဟာ အာစရိကလည်းဗျာ''

''တုတ်နဲ့ထိုးမွှေဟ ခွေးမသားရ။ ဒီကန်ထဲက ဝက် ဘယ်ပြေးလို့ရမှာလည်း လုပ်''

သို့နှင့် ဝက်သေကို တုတ်ထိုး၍ မွှေပြီးရှာကြည့်၏။

''တွေ့လား ငပွင့်''

''မတွေ့ဘူး အာစရိ''

''ခွေးမသား ငါရှာလို့တွေ့ရင်တော့လားကွာ ကျောကွဲဖို့ ပြင်ထား''

သည်နောက် ကိုခြောက်စောင်းက ထိုးဝါးကိုလှမ်းယူပြီး သံအိုး အိုးကန်ကြီးထဲသို့ ထိုးစိုက်၍မွှေလိုက်၏။

''ဝုန်း''



www.burmeseclassic.com

www.burmeseclassic.com



"ဗွမ်း"

"အား . . . မလေး . . . ဗျ"

"ဟ . . . ဟ . . . ဟ"

"လုပ်ကြပါဦးဟ . . . "

"ဝက် . . . ဝက်ကြီး . . . ခုန်ထွက်လာပြီဟေ့"

"ဝိုင်းကြ . . . လုပ်ကြပါဟ"

အုံ့ဩစရာကောင်းလှ၏။ ဒီလိုအဖြစ်မျိုး တစ်ခါမှ မဖြစ်စဖူး။ ကိုခြောက်စောင်းထိုးဝါးနှင့် ငုံ့၍မွှေလိုက်စဉ်–

ရေနွေးကန်ထဲမှ ဝက်ညိုခါးပတ်ကြားကြီး အထီးကြီး ဝုန်းခနဲ ခုန်ထွက်လာရကား။ ရေနွေးများစင်၍ ကိုခြောက်စောင်း ထိုးဝါးကို လွှတ်လိုက်ပြီး နောက်ကိုခုန်ရှောင်လိုက်သည်။

ဒီမှာ ဝက်ညိုထီးကြီးလည်း မြေပြင်ပေါ်သို့ မချိမဆံ့ပစ်ကျရာမှ ဝုန်းခနဲ ကုန်းထလိုက်ပြီးနောက်–

အကျိုကျောပြောင်ကြီးနှင့် အံ့အားသင့်ပြီး ရပ်ကြည့်နေသော ကိုခြောက်စောင်းကို အသားကုန် ပြေးပက်လိုက်သည်။

"ဗွမ်း"

"ခွမ်း"

"အား"

"ဟာ"

"လုပ်ကြပါဦးဟ"

"အမလေးဗျ"

"အီ အီ အူး အူး"

"ဗုန်း ဗွမ်း"

"အား"

"အီး"

---

စိတ်ကူးသစ်စာပေ



"အမယ်လေး အစ်ကိုခြောက်စောင်းရဲ့"

ဝက်ညိုထီးကြီးရဲ့ အစွယ်က ခြောက်စောင်းရဲ့ ချက်တိုင်မှသည် ဝမ်းဗိုက်ကို ဓါးနှင့်လှန်ခွဲလိုက်သလိုခွဲပြီး ကော်တင်လိုက်သည်။

ကိုခြောက်စောင်း ရင်ခေါင်းပါပွင့်ပြီး သွေးရူး သွေးတန်း မြောက်တက်သွားရာမှ ရေနွေးကန်ထဲသို့ တစ်ချီတည်းပြုတ်ကျသွားတော့သည်။

သူ့ ရေနွေးကန်ထဲမှာ အော်ဟစ်ရုန်းကန်ရင်း အသက်ထွက်သွားခဲ့သည်။ သူ့ရေနွေးကန်ထဲသို့ ဗိုက်ပွင့်ပြီးပြုတ်ကျသွားချိန်မှာပဲ ဝက်ကြီးလည်းပစ်လဲကျကာ ချက်ချင်းအသက်ထွက်သွားခဲ့တော့သည်။

ဝက်ကြီးကိုယ်ပေါ်မှာ ရေနွေးငွေ့များက အငွေ့တထောင်း ထောင်း။

ရေနွေးကန်ထဲမှာတော့

ပါးစပ်နှင့် ဝမ်းဗိုက်မှာ ရေနွေးပူများဝင်ပြီး ချက်ချင်းဝမ်းဗိုက် ဖောင်းကားနေသည့် ဝက်သတ်ရုံပိုင်ရှင်

သူဌေး ဦးခြောက်စောင်း။

❋ ❋ ❋ ❋ ❋

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

❑

ဝက်သတ်ရုံပိုင်ရှင် သူဌေးဦးခြောက်စောင်း သေပုံဆန်းလွန်း၍ သူ့အသုဘကို လိုက်ပါပို့ဆောင်သူများ များပြားလှ၏။

ဆန်းကြယ်လှစွာ သေရသည့်အကြောင်းကို ကြားကြသောအခါ အံ့သြကြ၏။ စုပ်သပ်ကြ၏။ တုန်လှုပ်ကြ၏။ ထိတ်လန့်ကြ၏။ ရင်တုန်ကြ၏။

"ဝဋ်ပဲပေါ့"

"သူကဝက်ကို ရေနွေးဖြော ရင်ခွဲခဲ့တော့ ဝက်ကသူ့ကို ရင်ခွဲပြီး ရေနွေးပြန်ဖြောတာပေါ့"

"လောက ဝဋ်ကြွေးဆပ်ကြတာပဲလေ"

ကိုခြောက်စောင်းရဲ့ အသုဘရက်ကို ဝက်သားလုံးဟင်း မကျွေး





ခဲ့ပါ။ ငါးခြောက်ထောင်းပဲ ကျွေးခဲ့ပါသည်။

ထိုနေ့ထိုရက်–

မကြဲ့စပ္ပူး ထူးဆန်းအံ့ဖွယ်ကောင်းလှသည့် သေခြင်းဆိုးဝါးလှသော အဖြစ်အပျက်မှစ၍ မကျီးကန်း ဝက်သတ်ရုံလုပ်ငန်းကို ရပ်ဆိုင်းပစ်လိုက်ပြီး–

စုမိရှိတာများနှင့် ထိုင်စားသည်။

ငွေတိုးပေးစားသည်။

ကံတရားသည် အလွန်ကို အံ့သြဆန်းကြယ်လှ၏။ တစ်နေ့ မကျီးကန်းလျှာပေါ်မှာ အနာတစ်ခုပေါ်ပေါက်လာ၏။ ကိုက်ခဲနာကျင်လွန်းလှ၍ ဆေးခန်းသို့သွားပြရ၏။

ဆေးခန်းဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ဆေးရုံသို့လွှတ်၏။ စစ်ဆေးလိုက်တော့ ကင်ဆာ။

လျှာကင်ဆာ။

မကျီးကန်း တုန်လှုပ်ချောက်ချားသွားခဲ့ပြီ။

လျှာကြီးက ဆေးခန်း၊ ဆေးရုံမှာ စစ်ဆေးနေတုန်း တန်းလန်းကြီး ရှည်၍ထွက်နေ၏။ လျှာပြန်သွင်းလို့မရ။

သွားငံရည်များက တတောက်တောက်။

နံဟောင်လွန်းလှ၍ အနီးရှိလူများ အော့အန်ပြေးရသည်။ နောက်ဆုံး သူမရဲ့လျှာကို ဖြတ်ပစ်လိုက်ရသည်။

ခုတော့ မကျီးကန်း လျှာငုတ်တိုနှင့်။

မကျီးကန်းမှ မမိကျောင်းဖြစ်သွားခဲ့ရပြီ။ နေ့တိုင်း မျက်ရည်လည်ရွဲနှင့် အိပ်မပျော်စားမဝင်တော့။

ရှိသမျှ စည်းစိမ်လည်း လူလိမ်ခံရလို့ ပြောင်လုလုဖြစ်ခဲ့ပြီ။

သူ့နံဘေးမှာ ဘာအခြွေအရံမှမရှိ။ ညညလန့်အော်သည့် အကြောင်းကား သူမကို ဝက်ညိုထီးကြီးက လိုက်ပက်လို့ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အမုန်ကား အိပ်မက်ဆိုးများ။

အိပ်ပျော်နေလျှင် အနီးမှ ဝက်များရဲ့ မချိမဆံ့အော်သံကို ကြားရပြီး လန့်၍ထပြေးရသည့် ညများမနည်းခဲ့။

နောက်ပိုင်း မကျီးကန်းလုံးဝကို ဦးနှောက်ပျက်သွားခဲ့သည်။

ယခုအခါ မကျီးကန်းသည် ဝက်လိုအော်ရင်း နောက်ဆုံးထွက် သက်နှင့် ဝင့်ကြွေးကို အကြွေးဆပ်ရန် သေမင်းကို စောင့်မျှော်လျှက်။

(မှတ်ချက်။ ။ တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။)

BURMESE CLASSIC .com

နတ်လှဦး

❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

❑

"ဟဲလို . . . ပြောပါ"

"သီဟ . . . ငါပါကွ။ မင်း . . . သိပြီလား . . . ဟိုကောင်ကြီး သတင်း . . ."

"ဘယ်ကောင်ကြီးလဲ . . . ရှင်းရှင်းပြောစမ်းပါ . . ."

"တင်အောင်မြင့်ကို ပြောတာကွ . . ."

"ဟေ . . . ဘာသတင်းလဲ . . . ငါမသိသေးဘူး . . ."

"သူ . . . ဆုံးသွားပြီ"

"ဘာ . . ."

"မနေ့ညနေက ဆုံးတာတဲ့။ သူ့မိန်းမက ငါတို့ဖုန်းနံပါတ်တွေ ပျောက်နေလို့ စောစောကမှ အကြောင်းကြားတယ်။ မင်းကိုလည်း





ပြောလိုက်ပါတဲ့"

"ဟာ ဘယ်လိုဖြစ်ရတာလဲကွာ . . ."

"ငါလည်း စိတ်မကောင်းပါဘူး။ တစ်နေ့ ဒီကောင်ကြီးဒီလို ဖြစ်မယ်ဆိုတာ ငါကြိုပြီးမြင်ထားပြီးပါပြီ။ "ဖိုး"ထိုးလို့ ရှော့ခ်ဖြစ်ပြီး တစ်ခါတည်းအသက်ပါသွားတာတဲ့"

"ဒီကောင်မိုက်တယ်ကွာ။ အောင်မြင်မှုကို မခံနိုင်တာဘဲလို့ ငါမြင်တယ်။ ဒါနဲ့ မနေ့က ဘယ်အချိန်မှာ ဆုံးတာလဲ"

"မနက်ပိုင်း ရိုက်ကွင်းကပြန်လာပြီး ဝင်အိပ်တယ်တဲ့။ ညညည်ခံပွဲရှိတယ်။ လေးနာရီထိုးပြီးရင် နှိုးလို့ သူ့မိန်းမကို မှာထားသတဲ့။ သူ့မိန်းမသွားနှိုးတော့ အသက်မရှိတော့ဘူး။ လက်မောင်းမှာ အပ်တန်းလန်းနဲ့။ ဆုံးပြီးစပဲရှိသေးတယ်။ သူ့မိန်းမပြောတာကတော့ လေးနာရီလောက်မှာဆုံးတာတဲ့"

"လေးနာရီ . . . ဟုတ်လား"

"ဟုတ်တယ်။ သူ အစွဲအလမ်းကြီးတဲ့ လေးပဲ။ အဲ ခုမှငါလည်း စဉ်းစားမိတယ်ကွ။ မနေ့က လေးရက်နေ့လေ"

"ဟာ . . ."

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

တင်အောင်မြင့် အကြောင်းကိုပြောလျှင် သူ၏အစွဲအလမ်း အကြောင်းကိုပါ ပြောရပါလိမ့်မည်။ သူနှင့် သူ၏အစွဲအလမ်းမှာ ခွဲမရအောင် ပူးနေသောကြောင့်ပင်ဖြစ်ပါ၏။

သူသည် ခေတ်ပညာတတ် တက္ကသိုလ်ဘွဲ့ရတစ်ဦး ဖြစ်သော်လည်း အစွဲအလမ်းက ကြီးလွန်းလှသည်။ အထူးသဖြင့် သူ၏ အစွဲအလမ်းမှာ ''၄''ဂဏန်းဖြစ်၏။

''၄ ဂဏန်းဆိုတာက မကောင်းတဲ့ နတ်ဆိုးတစ်ပါး ပိုင်ဆိုင်ထားတဲ့ ဂဏန်းကွ။ အနောက်နိုင်ငံတွေမှာ အရေးကြီးတဲ့ လုပ်ငန်းတွေ စတင်မယ်ဆိုရင်တို့၊ ခရီးထွက်မယ်ဆိုရင်တို့ ဆိုတာတွေမှာ ''၄''ဂဏန်းကို ရှောင်လေ့ရှိတယ်။ သူတို့ဆီက ဟိုတယ်တွေဘာတွေမှာဆို အခန်း





နံပါတ် ''၁၃''မထားကြဘူး။ Unlucky နံပါတ်လေ။ ''၁၃''ဆိုတာကလည်း ''၄''ပေါ့။ အဲဒီဂဏန်းဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုပိုပေးတတ်တယ်။ မင်းတို့ကြည့်ကွာ အမေရိကန်က လကမ္ဘာကို အာကာသယာဉ်တွေလွှတ်တင်တာ အပိုလို (၁၁)နဲ့ (၁၂)တို့ အောင်မြင်ပြီး၊ (၁၃)လည်းကျရော လကမ္ဘာပေါ်မဆင်းနိုင်ဘဲ ပြန်လာခဲ့ရတယ် မဟုတ်လား''

ဒါက တင်အောင်မြင့် ပြောခဲ့သောစကား။

''ဒါကြောင့် လူနာမည်တို့၊ လုပ်ငန်းနာမည်တို့ ပေးရင်လည်း ''၄'' ကိုရှောင်ကြတယ်။ ခရီးသွားရင် ''၄''ယောက်မသွားဘူး . . .''

ကျွန်တော်နှင့် သိန်းဦးက သူ့အယူအဆကို လက်မခံပါ။

''မြန်မာပြည်လွတ်လပ်ရေးရတာ ''၄''ရက်နေ့ကွ။ ဘယ်လောက်မင်္ဂလာရှိလဲ။ ဘယ်လောက်ကောင်းတဲ့နေ့လဲ''

ကျွန်တော်က သက်သေထူပြီး ငြင်းသည်။

''အဲဒါ ငါထင်တာတော့ အင်္ဂလိပ်တွေက တမင် ''၄''ဂဏန်းကို ရွေးပေးခဲ့တာကွ။ တင်အောင်မြင့်က လိုရာဆွဲပြီး အနိုင်အမာပြောသည်။

သိန်းဦးက -

''မြန်မာပြည်ကို လွတ်လပ်ရေးရအောင် လုပ်ပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နာမည်ကို မင်းဘာပြောမလဲ။ အောင်ဆန်းဆိုတာ အောင်ဟာ ''၁''၊ ဆန်းက ''၃''၊ ပေါင်းရင် ''၄''ရတယ်။ ဘယ်လောက် ထူးခြားတဲ့ပုဂ္ဂိုလ်လဲ''

တွေးမိသမျှ သက်သေပြသည်။

တင်အောင်မြင့်က ခေါင်းယမ်း၏။

''ကြည့်လေ ''၄''ဂဏန်းနာမည်မို့ ဗိုလ်ချုပ်အောင်ဆန်းဟာ လုပ်ကြံခံရပြီး သေဆုံးခဲ့ရတယ်။ သူ့မူလနာမည် ''ထိန်လင်း''ဆိုရင် အဲဒီလိုဖြစ်ချင်မှဖြစ်မှာ။ ''ဗိုလ်တေဇ''ဆိုရင်လည်း ဖြစ်ချင်မှဖြစ်မှာ''

''မင်းကိုက အစွဲအလမ်းကြီးတာပါကွာ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မယုံမရှိနဲ့။ ဒါ ဂဏ္ဍရသဘောတွေကွ"

ကျွန်တော်တို့ သူ့ကိုပြိုင်မငြင်းနိုင်၍ လက်လျှော့ခဲ့ရ၏။

စင်စစ် သူ့နာမည်သည် တင်အောင်မြင့်။ တင်က "၇"၊ အောင်က "၁"၊ မြင့်က "၅"။ ပေါင်းလျှင် "၁၃"ရ၏။ ထပ်ပေါင်းလျှင် "၄"ရ၏။ ထို့ကြောင့် သူက ထိုနာမည်ကိုမကြိုက်။

အနုပညာလောကထဲ သူဝင်တော့ ထိုနာမည်ကိုပယ်ကာ နာမည်သစ်ရွေးသည်။ "လင်းဦး"တဲ့။ "၅"ဂဏန်းနာမည်။

"မင်းတို့ကြည့်ပါလား။ ကျော်ဆွေ (၂+၃=၅)၊ ဝင်းဦး (၄+၁=၅)၊ အောင်လွင် (၁+၄=၅)၊ ရန်အောင် (၄+၁=၅)၊ စန္ဒယားချစ်ဆွေ (၂+၃=၅)။ "၅"ဂဏန်းသမားတွေက အောင်မြင်ကြတယ်ကွ"

သူ့အယူအဆ။

နာမည်သာ သူပြောင်း၍ရသည်။ သူ့မွေးနေ့ (၄)ရက်၊ သူ့မွေးလ ဧပြီ (၄)၊ သူ့မွေးနှစ် ၈၅ (၁၃ = ၄) ကိုကား ပြောင်း၍မရနိုင်။

သူ ပထမဆုံးကြိုက်သော မိန်းကလေး၏အမည်မှာ "လေး" ဖြစ်၏။ ထို့ကြောင့်ချစ်လျက်နှင့် သူနောက်ဆုတ်သည်။ သည်မျှ အစွဲအလမ်းကြီးသည့်ကောင်။

(၄)ရက်နေ့မှာ သူ ထူးထူးခြားခြားဘာမျှမလုပ်။ (၄)ဂဏန်းကျသောကားများကိုမစီး။ နံပါတ်(၄)ကျသော အိမ်မှာမနေ။

"မင်းကွာ လွန်လွန်းတယ်။ အဲဒီလောက်ဖြစ်နေရင် မင်းကြည့်နေ လေးရက်နေ့မှာ မင်းသေမှာပဲ"

သိန်းဦးကရွဲ့ပြောတော့ တင်အောင်မြင့်မျက်နှာ ပျက်သွားသည်။

"ဟ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ မင်းကွာ နိမိတ်မရှိတဲ့ စကား မပြောရဘူးကွ။ ဗမ္မာ့ဒီပါ လက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသတဲ့။ မကြားဖူးဘူးလား"

ကျွန်တော်တို့ အနောက်အပြောင်စကားဆိုသည်ကိုပင် သူက





အလေးအနက်ကြီးထားသည်။

"ဒါဆို (၄)ရက်နေ့တို့ (၁၃)ရက်နေ့တို့ (၂၂)ရက်နေ့တို့ (၃၁)ရက် နေ့တို့မှာ မင်းထမင်းမစားနဲ့ပေါ့"

ကျွန်တော်က အနိုင်လုပြောသည်။

"ဘာဆိုင်လို့လဲ"

"(၄)ဂဏန်းကျတယ်လေကွာ"

"အဲဒါတော့ မင်းတို့က ကတ်ဖဲ့လုပ်ပြောတာကိုး။ တော်ပြီကွာ မင်းတို့နဲ့စကားပြောရတာ လက်ဝင်တယ်။ နောက်ကျမှ ကိုယ်တွေ့ကြုံ လာရင် ငါပြောတာဟုတ်ပါလား ဖြစ်သွားမယ်"

ကျွန်တော်က သူ့ကို စကားအတည်ပြောရန် ကြိုးစားလိုက်၏။

"ဘုရားကဟောတာ အတ္တာဟိ အတ္တနော နာတောတဲ့။ မိမိ ကိုယ်သာကိုးကွယ်ရာတဲ့။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖဆိုတာ ကံဆိုတဲ့ အလုပ်ကိုပြောတာ။ ကိုယ်လုပ်တာကောင်းရင် ကိုယ်ကောင်း မှာပဲ။ ကိုယ်လုပ်တာဆိုးရင် ကိုယ့်ကံလည်းဆိုးမှာပဲ။ မင်းပြောသလို ဆိုရင် အနောက်နိုင်ငံအယူအဆအရ Lucky နံပါတ်ဆိုတဲ့ "၇"တွေကိုပဲ သုံးရ၊ စွဲရ၊ ဆုပ်ကိုင်ရတော့မှာလား။ အဲဒါဆို "၇"ရက်နေ့မှာ သေတဲ့ လူတွေ မရှိဘူးလား"

သူ ကျွန်တော့်ကို မျက်လုံးပြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေ ၏။

ပြီးမှ . . .

"ဒါကတော့ မင်း ယုံကြည်ချက်နဲ့ မင်းပဲ။ ငါလည်း ငါ့ယုံကြည် ချက်နဲ့ငါပဲ။ မင်း မယုံကြည်တာ ငါ ဘာမှ မပြောလိုဘူး။ ငါ ယူဆလက်ခံ တာကိုလည်း မင်းတို့ ဘာမှ မပြောနဲ့"ဟု သူက အပြတ်ပြောလေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

အမှတ်ရမိသေးသည်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက သူငယ်ချင်းများ စု၍ ပြင်ဦးလွင်သို့ အလည်သွားကြသည်။

ထိုခရီးကို စတင်အကြံရဆော်ဩသူမှာ ကျွန်တော်ဖြစ်ပြီး အားလုံးကလည်း သဘောတူကြသဖြင့် စီစဉ်ကြသောအခါ၌

ခရီးလိုက်ပါမည့်သူများမှာ တင်အောင်မြင့်၊ သိန်းဦး၊ ကျော်မင်း နှင့် ကျွန်တော်တို့ဖြစ်သည်။ အရေအတွက်(၄)ဦး ဖြစ်နေသဖြင့် တင်အောင်မြင့်က အစီအစဉ်တွင် သူမပါတော့ဟု ငြင်းလေတော့သည်။

"ငါ မလိုက်တော့ဘူး။ မင်းတို့ပဲ သွားတော့"

သူ့အကြောင်းကို သိသောကြောင့် သူ့ကိုနားလည်ကြသဖြင့်





"ဒါဆို နောက်တစ်ယောက်ခေါ်မယ်ကွာ။ မင်း လိုက်ပါ"

သိန်းဦးက အကြံပေးသည်။ တိုက်တွန်းစည်းရုံးသည်။

"အေး ငါးယောက်ဆိုရင်တော့ လိုက်မယ်"

သူ့အဖြေ။

သို့ဖြင့် နောက်တစ်ယောက်ရှာကြသောအခါ မျိုးဝင်းက သူလိုက်မည်ဟုဆိုသဖြင့် အဆင်ပြေသွားကြသည်။

ခရီးကို အစီအစဉ်ဆွဲရာ၌ ရထားဖြင့်သွားရန် သဘောတူကြသည်ဖြစ်ရာ မန္တလေးရထားလက်မှတ် (၅)စောင်ကို ကြိုတင်ဝယ်ယူခဲ့ကြ၏။

သို့သော် တကယ်ခရီးထွက်သောအခါ ဘူတာရုံသို့ မျိုးဝင်း ရောက်မလာ။

"ဟာ ဒီကောင်ဘာဖြစ်တာလဲ မသိဘူး"

သိန်းဦးက တင်အောင်မြင့်ကိုကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်သိလိုက်ပြီ။

သိန်းဦး လှည့်ကွက်လုပ်လိုက်ခြင်းပင်။

(၄)ယောက်သွားလျှင် မလိုက်ဟုငြင်းသော တင်အောင်မြင့်ကို လိုက်ပါစေဖို့ သိန်းဦးက မျိုးဝင်းကိုစည်းရုံးပြီး လိုက်မည်ပြောစေခဲ့ခြင်း ဖြစ်၏။ တကယ့်တကယ်မှာမူ မျိုးဝင်းက လိုက်ဖို့အစီအစဉ်မရှိ။

"တင်အောင်မြင့်ကို ငါ သက်သက်ပညာပေးချင်လို့ လုပ်တာကွ။ ဒီကောင့်အစွဲကို ချွတ်ချင်လို့"ဟု နောက်ပိုင်း၌ သိန်းဦးက ကျွန်တော့်ကိုပြောပြခဲ့၏။

"ဟာ ဒါဆို အလကားသက်သက် မင်း ရထားလက်မှတ် တစ်စောင်ဖိုးဆုံးတာပေါ့"

"ဆုံးပစေကွာ။ ငါတို့ခရီးမှာ ငါတို့အချစ်ဆုံး သူငယ်ချင်းကြီး ကို ပါစေချင်တာရယ်။ "၄"ဆိုတာ ဘာမှမဟုတ်ဘူးဆိုတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လက်ခံစေချင်တာရယ်ကြောင့် လုပ်လိုက်တာပဲ။ တန်ပါတယ်''

သို့သော် ရထားလက်မှတ်က တန်ဖိုးမဆုံးရှုံးခဲ့ပါ။ အကြောင်းကိစ္စအရေးကြီး၍ ရုတ်တရက်ထွက်လာရသော လူကြီးတစ်ဦးက လက်မှတ်မရ၍ အခက်အခဲဖြစ်နေသည်နှင့် ကြုံသဖြင့် ပြန်ရောင်းလိုက်ရသည်။

တင်အောင်မြင့်က (၄)ယောက်ဖြစ်နေ၍ မျက်နှာပျက်နေသည်။ ခရီးထွက်ဖို့ရထားပေါ်ပင် ရောက်နေပြီမို့ သူ ငြင်းဆန်ပြီး နေခဲ့ရန်လည်း ခက်နေ၏။

''မျိုးဝင်း ရှေ့ပ်။ အလကား ဒီကောင် ဂျိုးဂကျောင်ဝင်လုပ်တာ။ စကတည်းက မလိုက်နိုင်ရင် မလိုက်နဲ့ပေါ့။ ခုဟာက''

တင်အောင်မြင့် မကျေနပ်၍ တဖျစ်တောက်တောက်ဖြစ်နေ၏။

သိန်းဦးကပြုံး၍

''တစ်ခုခု အဆင်မပြေလို့ ဖြစ်မှာပါကွာ။ သူမပါလည်း ဘာဖြစ်လဲ။ ငါတို့က လေးယောက်တောင်ပဲ။ သူရဲကောင်းလေးယောက်ပေါ့ကွာ ဟဲ ဟဲ''

ပြောရင်း ရယ်ကာ ကျွန်တော့်ကိုမျက်စိမှိတ်ပြသည်။

တင်အောင်မြင့်က လက်မှနာရီကိုကြည့်ကာ နေရာမှရုတ်ချည်း ထသွားသည်။

''ဟေ့ကောင် ဘယ်လဲကွ။ တော်ကြာ ရထားထွက်တော့မှာ''

''ဘူတာထဲကို ခဏပါ။ မကြာပါဘူး''

ရထားတွဲပေါ်မှ တင်အောင်မြင့်ခုန်ချကာ ဘူတာထဲပြေးဝင်သွားသည်။ သူ ဘယ်သွားပါလိမ့်၊ ဘာသွားလုပ်ပါလိမ့်။ ကျွန်တော်တို့ တွေးမရ။

ခဏနေတော့ သူပြန်ရောက်လာသည်။

သူ့လက်ထဲမှာ ကလေးကစားစရာ အရုပ်တစ်ခုပါလာသည်။ မိန်းကလေးရုပ်ကလေးဖြစ်၏။

''တင်အောင်မြင့် ဘာလုပ်ဖို့လဲကွ။ ဘယ်ကလေးကို လက်





ဆောင်ပေးဖို့လဲ''

ကျွန်တော်က နားမလည်စွာမေးမိ၏။ သူက ခေါင်းယမ်းသည်။

''ဘယ်ကလေးမှ ပေးဖို့မဟုတ်ဘူး။ ယတြာလုပ်လိုက်တာ''

ကျွန်တော်တို့ ခေါင်းရှုပ်သွားကြသည်။

''ယတြာ ဟုတ်လား''

''ဟုတ်တယ်လေ။ ငါတို့က လေးယောက်ဖြစ်နေတာ မဟုတ်လား။ ဒီအရုပ်ကိုထည့်သွားတော့ ငါးယောက်ဖြစ်သွားပြီလေ''

ကျွန်တော်၊ သိန်းဦးနှင့် ကျော်မင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။ ရယ်ရအခက်၊ ငိုရအခက်ဆိုသည်မှာ ဒါမျိုးပင်ဖြစ်ပေမည်။

''မင်းကွာ အတော်အယူသီးတဲ့ကောင်ပဲ''

သိန်းဦးက မှတ်ချက်ချလေ၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

မန္တလေးမှ ပြင်ဦးလွင်ကို ရထားဖြင့် ဆက်တက်ကြသည်။ ဘာပြဿနာမှမရှိ။ သို့သော် လွန်းထိုးတက်ရသည်ကို ကျွန်တော်တို့က စိတ်ဝင်စားသလောက်၊ ပျော်သလောက် တင်အောင်မြင့်က လန့်သည်။ ရင်တဖိုဖိုနှင့် လက်တွေခြေတွေအေးလျက်။

"ဒါလေးများ ကြောက်ရတယ်လို့ကွာ။ ကိုကို ယောက်ျား မဟုတ်ဘူး မဟုတ်ဘူး"

သီချင်းဆို၍ ကျွန်တော်တို့သုံးယောက်က သူ့ကိုဝိုင်းစကြသည်။

"အပြန်ကျရင် ကားနဲ့ဆင်းမယ်"

သူက ကြေညာ၏။

"ဘာဖြစ်လို့လဲကွ"

"အတက်တောင်မှ အသည်းတယားယားနဲ့ အဆင်းဆို ပိုဆိုး





မှာကွ"

ကျွန်တော်တို့သူ့ကို ဝိုင်းလှောင်ကြ၏။

"ကိုကို ××× ယောက်ျားမဟုတ်ဘူး ×××မဟုတ်ဘူး××× စိတ်နာတယ်"

ပြင်ဦးလွင်ရောက်၍ တည်းခိုခန်းဝင်လိုက်တော့ နှစ်ယောက်ခန်း တစ်ခန်းပဲရသဖြင့် တစ်ယောက်ခန်း နှစ်ခန်းတွဲ၍ ယူရသည်။ သိန်းဦးက အခန်းသော့များကိုကြည့်ပြီး ကျွန်တော်တို့ကို ခွဲပေးရာ ကျွန်တော်နှင့် ကျော်မင်းက နှစ်ယောက်ခန်းရ၏။ အခန်းနံပါတ် (၁၁)။ သိန်းဦးက တစ်ယောက်ခန်း အခန်းအမှတ် (၁၂)။ တင်အောင်မြင့်က သူ့ထံရောက် လာသော သော့မှ အခန်းနံပါတ်ကိုကြည့်ကာ မျက်နှာပျက်သွား၏ (၁၃)။

"ဟာ ဒီအခန်း ငါမနေချင်ဘူး။ ဘယ်သူလဲမလဲ။ လဲကွာ"

သိန်းဦးက ငြင်း၏။

"မင်းတောင် မနေချင်တာ။ သူများလည်း ဘယ်နေချင်မှာလဲ။ မလဲဘူး"

ကျော်မင်းနှင့် ကျွန်တော်ကလည်း ညစ်၍ တမင်လဲမပေး။

"အဲဒါဆို ငါ တခြားအခန်းသွားလဲမယ်"

ကျွန်တော်တို့ကိုပြောမရသဖြင့် သူဒေါပွပွနှင့် ကောင်တာသို့ ထွက်သွားသည်။ ပြန်လာတော့ မျက်နှာကြီးက ညိုမည်းလျက်။

"လဲလို့ရခဲ့လား"

ကျွန်တော်က မေးသည်။

"မရဘူး။ အခန်းတွေက ကုန်နေပြီ"

"နေလိုက်ပါကွာ။ တစ်ည၊ နှစ်ညပဲဟာ"

သိန်းဦးက ပြုံးစစနှင့် ဖိအားပေးတိုက်တွန်း၏။

"သိဟာ ငါ မင်းတို့အခန်းမှာ လာပေါင်းအိပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်ဖြစ်မလဲကွ။ ငါတို့က တစ်ယောက်အိပ်ခုတင်တွေနဲ့ တစ်ယောက်တစ်လုံး အိပ်ကြမှာ။ နှစ်ယောက်ဆို ကြပ်တယ်ကွ"

"ဟုတ်တယ်။ ငါလည်း နှစ်ယောက် မအိပ်တတ်ဘူး"

ကျွန်တော်နှင့် ကျော်မင်းက ဖွင့်ပြောခြင်းသည်။ လုံးဝအလျှော့မပေး။

နောက်ဆုံးတော့ –

"မင်းတို့ ငါ့ကို ဝိုင်းညစ်တာ ငါသိတယ်"

သူ ဒေါပွပွ စိတ်တိုတိုနှင့် သူ့အခန်းကိုဖွင့်ပြီး ဝင်သွားသည်။ ကျွန်တော်တို့ သုံးယောက် ပြုံးစိစိနှင့် ကျန်ရစ်ခဲ့ကြရ၏။

သိန်းဦးက လှမ်းအော်ပြောသည်။

"မင်း ကံကောင်းပါစေကွာ။ ညကျရင်လည်း အိပ်မက်လှလှ မက်ပါစေ"

* * * * *

BURMESE CLASSIC .com

❑

သူ့အစွဲနှင့်သူမို့လားမသိ။

ထိုညမှာ တင်အောင်မြင့် ပြဿနာတက်သည်။

ကျွန်တော်တို့က ညနေဘက် အပြင်ထွက်လည်ပြီး ည ပြန်အိပ်တော့ နေ့လယ်က ရထားစီးခဲ့ရသည်နှင့် ပင်ပန်းကာ တစ်ချိုးတည်း အိပ်ပျော်သွားကြ၏။

"ဒုန်း ဒုန်း ဒုန်း"

"ဝုန်း ဝုန်း ဝုန်း"

ကျွန်တော်တို့ အိပ်ကောင်းတုန်း တဒုန်းဒုန်း တဝုန်းဝုန်း အသံများကြောင့် လန့်နိုးလာကြသည်။ တံခါးရှက်ကို ထုနေခြင်းဖြစ်၏။

"သီဟ သီဟ"

"ကျော်မင်း"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံလည်းကြားရ၏။ တင်အောင်မြင့် အသံဖြစ်သည်။ သူ့အသံတွေမှာ ကြောက်လန့်ခြင်းဖြင့် တုန်နေ၏။

ကျွန်တော်တို့ ကပျာကယာထ၍ တံခါးဖွင့်ပေးလိုက်သောအခါ သူအခန်းတွင်း အဆောတလျင်တိုးဝင်လာသည်။ သူ့မျက်နှာဖြူဖျော့နေ၏။

''ဘာဖြစ်လို့လဲ တင်အောင်မြင့်''

''အိပ်မရဘူးကွ''

''ဘာဖြစ်လို့ အိပ်မရတာလဲ''

''ငါ့ခြေထောက်ကို တစ်ယောက်ယောက်က လာလာဆွဲတယ်''

''ဟေ ဟုတ်ရဲ့လားကွာ။ မင်း အိပ်မက်မက်ပြီး ယောင်နေတာလား''

ကျွန်တော်တို့က မယုံကြ။

''မဟုတ်ဘူး တကယ်ပြောတာ။ အမွှေးနံ့လိုလို အနံ့တစ်ခုလည်းရတယ်''

ကျွန်တော်က နောက်ချင်စိတ်ကြောင့် –

''ဟာ ဒါဆို သရဲမချောချောကလေး ဖြစ်မယ်။ မင်း ကံကောင်းတာပဲ''

''မဟုတ်တာ မပြောနဲ့ကွာ။ ငါ အတည်ပြောနေတာ''

''ဒါဆို ငါတို့ လိုက်ကြည့်မယ်''

ကျွန်တော်နှင့် ကျော်မင်း သူ့အခန်းကို သွားကြည့်ကြသည်။ ဘာနံ့မှမရ။ ဘာအရိပ်အယောင်မျှ မမြင်။

''ဘာမှ မဟုတ်ပါဘူးကွာ။ မင်း စိတ်ချ လက်ချအိပ်ပါ''

ကျွန်တော်က ဖျောင်းဖျ၏။

''ငါ မအိပ်ရဲတော့ဘူး။ ငါ မင်းတို့နဲ့လာအိပ်မယ်။ ဒါမှ မဟုတ်မယုံရင် မင်းတို့အဲဒီအခန်းမှာ အိပ်ကြည့်''





တစ္ဆေသရဲကို မကြောက်တတ်သော ကျွန်တော်က –

''ငါ သွားအိပ်ရဲရင် မနက်ဖြန် မင်း ငါ့ကို လက်ဖက်ရည်တိုက်မလား''

မေးလိုက်သည်။

''ထမင်းပါ ကျွေးမယ်''

''သေချာတယ်နော်''

''ကျော်မင်း သက်သေရှိပါတယ်ကွာ''

သို့ဖြင့် ကျွန်တော် သူ့အခန်း (၁၃)မှာ သွား၍အိပ်ပြီး သူက ကျွန်တော့်အခန်းမှာ ကျော်မင်းနှင့်အတူ အိပ်ကျန်သည်။

ပြင်ဦးလွင်၏ အအေးဓါတ်နှင့် [illegible]ညက ကျွန်တော်အိပ်ကောင်းလိုက်သည်မှာ ပြောစရာမရှိ။ မနက် သိန်းဦးလာနှိုးမှ နိုးသည်။

မည်သူမျှ ခြေထောက်လာမဆွဲ။

မည်သည့်အနံ့မျှ မရ။

တင်အောင်မြင့်ဟာ သူ့ကတိအတိုင်း ကျွေး၏။

သိန်းဦးကမူ –

''ဟေ့ကောင် သီဟ အဲဒါ မင်း သူပတ်တီးချတာကို ခံလိုက်ရတာ''

ဟုဆိုသည်။

''ဘာဖြစ်လို့လဲကွ''

''သူက အဲဒီအခန်းမှာ မနေချင်လို့ ဉာဏ်များပြီး မင်းနဲ့လဲတာ။ ဟုတ်တယ် မဟုတ်လား တင်အောင်မြင့်''

တင်အောင်မြင့် ပြုံးစိစိလုပ်နေ၏။

ကျွန်တော် သဘောပေါက်သွားပြီး သူ့ကို ဆဲမိသည်။

''ခွေးကောင် မင်း တွေ့ဦးမယ်''

❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

❑

ပြင်ဦးလွင်မှာ လည်ပတ်နေထိုင်ပြီး ပြန်ဆင်းဖို့ စီစဉ်သောအခါ တင်အောင်မြင့်က ရထားနှင့်မဆင်းရဲဟု ဆိုသောကြောင့် ကားနှင့်ပြန်ရန် ဆုံးဖြတ်ကြသည်။

ဆလွန်းအငှားကားလေး ငှားကြ၏။

''ဟော့ကောင်တွေ ဂဏန်းပေါင်းရင် ''၄''ရတဲ့ ကားကို မငှားနဲ့နော်''

တင်အောင်မြင့်က ကားသွားငှားသော ကျွန်တော်နှင့် သိန်းဦးကိုမှာသည်။

''အေးပါကွာ''

ကျွန်တော်တို့က ကားဂိတ်မှာ တင်အောင်မြင့်မှာလိုက်သည့်





အတိုင်း ကားကိုလိုက်ရှာ၏။ ဆန့်ကျင်ဘက်ပါ။ ကားနံပါတ်ကို ပေါင်းလျှင် ''၄''ကျသည့်ကား ရပါ၏။ ကားနံပါတ် ၁၉၁၂။ ပေါင်းလိုက်လျှင် ''၄''။

သို့သော် တင်အောင်မြင့်က ထိုနံပါတ်ကို မြင်လျှင် စီးမှာမဟုတ်တာ သေချာသည်။ ထို့ကြောင့် ကွမ်းယာဆိုင်မှ ထုံးတောင်းကာ ကားဆရာလည်း မသိအောင် ''၁''ကိုပိတ်လျက် ''ဝ''လုပ်လိုက်သည်။ ၁၉ဝ၂ဖြစ်သွားကာ ပေါင်းလိုက်လျှင် ''၃''။

ကားကို တည်းခိုခန်းခေါ်သွားတော့ တင်အောင်မြင့်က နံပါတ်ကြည့်ပြီးလက်ခံသည်။

ကျော်မင်းက အနားကပ်လာကာ။

''သီဟ ငါ တင်အောင်မြင့်အိတ်ထဲက အရုပ်ကိုယူပြီး လွှင့်ပစ်လိုက်ပြီ။ မရှိတော့ဘူး''ဟု တိုးတိုးပြောသည်။

''ကောင်းတယ်''

ကျွန်တော်တို့ သူ့အစွဲကို ချွတ်ဖို့ဝိုင်း၍ လုပ်ကြခြင်းဖြစ်သည်။

မန္တလေးရောက်လျှင် ပြောရမည်။

''တွေ့လား တင်အောင်မြင့်။ ကားနံပါတ် ၁၉၁၂။ ပေါင်းလိုက်လျှင် ''၄''။ ပြီးတော့ မင်းအရုပ်လည်း မရှိတော့ဘူး။ ကဲ ငါတို့ဘာဖြစ်လဲ။ မင်းအယူသီးတာတွေ စွန့်လိုက်တော့''

သည်သို့ ပြောကြမည်။

သို့သော်

မန္တလေးပြန်ဆင်းမည့် ဆဲဆဲကျမှ ကျော်မင်းထံ ပြင်ဦးလွင်မှ သူ့သူငယ်ချင်းတစ်ယောက် ပေါက်ချလာကာ နေခဲ့ရန်အတင်းခေါ်၏။ သူလည်း တစ်ရက်၊ နှစ်ရက်နေလျှင် ရန်ကုန်ဆင်းမှာ။ အတူတူဆင်းကြမည်ဟု မရမနေ အနိုင်ကျင့်ခေါ်သောကြောင့် ကျော်မင်းခမျာ ကျွန်တော်တို့ကို အားနာနာနှင့်ထားခဲ့ကာ လိုက်ပါသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကိုပါ နေနိုင်းပါသေးသည်။ ကျွန်တော်တို့က မနေနိုင် တော့၍ ငြင်းလိုက်ခြင်းဖြစ်သည်။

ကားနှင့်ဆင်းလာမှ ကျွန်တော်စဉ်းစားကြည့်တော့ ယခုမှ "၄" ဖြစ်သွားသည်ပဲ။ ကားဆရာရယ်၊ တင်အောင်မြင့်ရယ်၊ သိန်းဦးရယ်၊ ကျွန်တော်ရယ်။

လူကလည်း "၄"ယောက်။ ကားနံပါတ်ကလည်း "၄"။

ကျွန်တော်တို့ စိတ်ထဲမှာတော့ ဘာကိုမှ မဉပါဒ်ပါ။ စနိုးစနောင့် လည်းမဖြစ်ပါ။ တင်အောင်မြင့်ကလည်း သူ့တွင် အရုပ်ပါသည်အထင် နှင့် "၄"ယောက်မဟုတ်ဟု ယူဆနေသည်။ ပြီးတော့ သူ့အမြင်မှာ ကားနံပါတ်ကလည်း "၄"မဟုတ်။

သို့သော်–

မည်သို့ပြောရမည်မသိ။

ကျွန်တော်တို့ကား မန္တလေးနားချဉ်းကပ်လာမှ ကားကဘရိတ် ပေါက်၍ ထိန်းမရဖြစ်ကာ အကွေ့တစ်ခုတွင် တိမ်းမှောက်ခဲ့ပါတော့သည်။

❋ ❋ ❋ ❋ ❋

❑

သည်တစ်ခါတော့ အဆိုးထဲမှာပဲ ကောင်းသည်ဟု ဆိုရပါမည်။

မည်သူ့မျှ ပြင်းစွာထိခိုက်မှုမရှိ။

ကားက ချောက်ထဲထိုးကျကာ ကျောက်တုံးတစ်ခုနှင့် တိုက်မိပြီး တုံးလုံးဖြစ်သွားကာ ကျွန်တော်တို့လည်း ကားထဲမှာ ပိညပ်ကုန်ကြသည်။

ထိပ်ပေါက်၊ ခေါင်းပြဲပုံစံများဖြင့် ကျွန်တော်တို့ ကားထဲမှ တိုးထွက်ကြရ၏။ ကျွန်တော်က နဖူးမှာ ဒဏ်ရာ၊ သိန်းဦးက ခြေထောက် မှာ ဒဏ်ရာ၊ ကားဆရာကလည်း ပါးမှာ ဒဏ်ရာ၊ တင်အောင်မြင့်က လက်မှာ ဒဏ်ရာ။

သို့သော်

တင်အောင်မြင့်၏ လက်က အလွန့်ပင် နာကျင်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျိုးသွားသည်ဟု ယူရ၏။ အခြားကားများ ရောက်ရှိလာကာ ကျွန်တော်တို့ကို ဆေးရုံပို့ပေးကြသည်။

ဆရာဝန်က စစ်ဆေးလိုက်သောအခါ ကျွန်တော်တို့က ဆေးထည့်၊ ပတ်တီးစည်းဖြင့် ပြီးသော်လည်း တင်အောင်မြင့်က လက်ဖျံရိုးကျိုးသွား၍ ကျောက်ပတ်တီးစည်းရ၏။

ဆေးရုံရောက်မှ တင်အောင်မြင့်က သူ့အရုပ်မရှိကြောင်း သိသည်။

''ဟာ ငါတို့က လေးယောက်ကိုးကွ''

သည်မှာ ကားနံပါတ်ကိုစွပါ သူသိသွားပြီး –

''မင်းတို့ တော်တော်ဆိုးတဲ့ကောင်တွေ။ ဒါ မလုပ်ကောင်းဘူးကွ။ ကဲ အခု မင်းတို့ကိုယ်တွေ့ပဲ။ ငါတို့ မသေမပျောက်တာ ကံကောင်းတယ်''

တင်အောင်မြင့်က ကျွန်တော်တို့ကို အပြစ်တင်သည်။

ကျွန်တော်နှင့် သိန်းဦးဘာမျှ ဆင်ခြေမတက်နိုင်။

ဖြစ်ချင်တော့–

တင်အောင်မြင့်၏ ခုတင်နံပါတ်က ''၁၃''

တင်အောင်မြင့်ကို ကျောက်ပတ်တီးစည်း ကုသပေးသော ဆရာဝန်က ဒေါက်တာဦးကိုကို။ ဂဏန်းအားဖြင့် ပြောရလျှင် ကိုကို= ၂+၂ = ၄။

ကျွန်တော်တို့ ချေပစရာ တစ်ကွက်ရသွား၏။

''ဒါက တိုက်ဆိုင်မှုပါကွာ။ ကဲ ငါပြောမယ်။ မင်းခုတင်နံပါတ်က (၁၃) ပေါင်းရင် (၄)ရတယ်။ မင်းကိုကုပေးတဲ့ ဆရာဝန်ကလည်း (၄)ပဲ။ ဒီတော့ မင်းကို ကျန်းမာချမ်းသာအောင် လုပ်ပေးတာ။ (၄)ဂဏန်း မဟုတ်လား''

သူတစ်ချက်တွေသွား၏။ နှုတ်လည်း ဆိတ်သွား၏။

စိတ်ကူးသစ်စာပေ



သို့သော် –

ရန်ကုန်ပြန်ရောက်ပြီး ကျောက်ပတ်တီး ဖြည်သောအခါ အရိုးကမဆက်။ အရိုးလွဲနေ၍ မဆက်ခြင်းဖြစ်၏။ လက်ကို နောက်တစ်ကြိမ် ကျောက်ပတ်တီးပြန်စည်းရ၏။ ခွဲစိတ်ကာ အရိုးကို ပြန်၍ တေ့ဆက်ပြီးမှ စည်းရခြင်းဖြစ်သည်။

''အဲဒါ မင်းတို့ကြောင့်ပဲ။ စပြီး ခရီးသွားကတည်းက(၄)ယောက်။ ပြန်လာတော့ ကားက (၄)ဂဏန်း။ စီးလာတာက (၄)ယောက်။ ဆေးရုံရောက်တော့ ခုတင်က (၁၃)။ ဆရာဝန်က (၄)။ တွေ့လား ငါဖြစ်ရတာ အဲဒါကြောင့်''

တင်အောင်မြင့်၏ အစွဲကား ပို၍ကြီးသွားလေတော့သည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

❑

သူ့မိခင် စေ့စပ်ပေးသော မိန်းကလေးနှင့် ပတ်သက်၍လည်း သူ၏ အစွဲအလမ်းကြီးမားပုံကို ကျွန်တော်တို့ တွေ့ခဲ့ရ၏။

မိန်းကလေးအမည်က နှင်းပွင့်ဦး။ ရုပ်ရည်ကလည်း ချောသည်။ ပညာတတ်လည်းဖြစ်သည်။ ငွေကြေးဥစ္စာလည်း ကြွယ်ဝသည်။ ဆွေမျိုးအသိုင်းအဝန်းကလည်း အဆင့်အတန်းမြင့်မြင့်ထဲက ဖြစ်သည်။ သူမ၏ မိဘများသည်ပင် ကုမ္ပဏီပိုင်ရှင် လူကုံထံများ။

ပြီးတော့ နှင်းပွင့်ဦးကိုယ်တိုင်ကလည်း ဣန္ဒြေသိက္ခာရှိသည်။

ထို့ကြောင့် သူ့မိခင်က သဘောကျ၏။ လူကြီးချင်း ရင်းနှီးသည်မို့ သူ့မိခင်က တင်အောင်မြင့်နှင့် စကားကမ်းလှမ်းကြည့်ရာ တစ်ဖက်ကလည်း သဘောကျလက်ခံသည်။





ကျွန်တော်တို့ကလည်း တင်အောင်မြင့်ကို နှင်းပွင့်ဦးအား ယူရန် တိုက်တွန်းသည်။

သို့သော် တင်အောင်မြင့်ကငြင်း၏။

"သူ့မှာ ဘာမှ အပြစ်ပြောစရာမရှိဘူးကွ။ မင်းယူသင့်တယ်"

ကျွန်တော်က နားချသည်။

"ဟင့်အင်း"

"ဘာလဲ မင်းက သူ့ကိုမချစ်လို့လား။ နောက်တော့ သံယောဇဉ်တွေ နိုင်သွားမှာပါကွာ"

သိန်းဦးက ဖျောင်းဖျသည်။

"အဲဒါကြောင့်မဟုတ်ဘူး"

"မင်းမှာ ချစ်သူရှိနေလို့လား"

ကျော်မင်းက မေး၏။

"မရှိပါဘူး။ မင်းတို့သိနေတာပဲ။ ငါ ဘယ်သူနဲ့တွဲလို့လဲ"

"ဒါဖြင့် ဘာကြောင့် ငြင်းနေရတာလဲ"

သူ့အဖြေက ရှင်း၏။

"သူ့နာမည် နှင်းပွင့်ဦး။ ပေါင်းရင် (၇+၅+၁=၁၃=၄)ကွ။ ငါက "၄"ဆိုရင် ဟင်ပဲ"

"ဟာ အဓိပ္ပါယ်မရှိတာကွာ"

"ငါ့အဖို့တော့ အဓိပ္ပါယ်ရှိတယ်"

"ဟေ့ကောင် မင်းတော့ အစွဲအလမ်းကြီးပြီး ရူးနေပြီ"

"မင်းတို့ ထင်ချင်သလိုထင်။ မင်းတို့တောင် "၄"ဂဏန်းသမားတွေ မဟုတ်လို့ ငါပေါင်းတာ"

ကျွန်တော်တို့ အံ့ဩမဆုံးကြ။

သူက ဆက်ပြောသည်။

"မင်းတို့ မသိလို့ပါ။ ငါက "၄"နဲ့လုံးဝအကျိုးမပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



''၄''ဂဏန်းကိုက မကောင်းသလို ငါနဲ့ လေးဆုံရင် ထိပ်တိုက်ဖြစ်တာပဲ။ ဆိုးဝါးတဲ့ ကံကြမ္မာတစ်ခုခုဖြစ်တာပဲ။ မယုံမရှိနဲ့''

''မဟုတ်သေးပါဘူးကွာ''

သူက ခေါင်းယမ်းသည်။

''ငါ့မွေးရက် မင်းတို့သိတယ်။ လေးလပိုင်းလေးရက်။ ဒါပေမယ့် ငါ့ကို မွေးတဲ့အကြောင်း မင်းတို့မသိဘူး''

ကျွန်တော်တို့ စိတ်ဝင်စားသွားကြသည်။

''ဆိုစမ်းပါဦး''

''ငါ့ကို မွေးတုန်းက မေမေကအိမ်မှာပဲ ဆရာဝန်မတစ်ယောက်နဲ့ မွေးခဲ့တာ။ မွေးလာတော့ ငါက အသက်မရှူဘူး။ ဆရာဝန်မက အမျိုးမျိုး ကြိုးစားတယ် ပြောတယ်။ မရဘူး။ ဒါကြောင့် မေမေ့ကိုအသိမပေးဘဲ ဖေဖေက ငါ့ကိုသွားပြီး မြှုပ်နိုင်းတယ်။ ကလေးအသေမွေးရင် ဒီလိုပဲ လုပ်ကြတာပဲလေ။ ဒါပေမယ့် ခြံစောင့်ကြီးက ငါ့ကိုခြံထောင့်မှာ ကျင်းတူးပြီး မြှုပ်မယ်လည်းလုပ်ရော ငါကလှုပ်လာပြီး ငိုသံထွက်လာသတဲ့။ အဲဒါနဲ့ ခြံစောင့်ကြီးက ဝမ်းသာအားရ ပြန်ခေါ်လာတာတဲ့။ ကြည့် ငါ လူ့လောကထဲရောက်လာခဲ့ပုံ''

''မင်းဟာက ဟုတ်ရဲ့လားကွာ''

''ဟုတ်တယ်။ ဒါအမှန်ပါပဲ။ ဒါကို မေမေက သိသွားတယ်။ အဲဒီမှာ ဖေဖေ့ကို ပြဿနာရှာတာပဲ။ ငါ့ကို သေသေချာချာမကြည့်ဘဲ သွားပြီးမြှုပ်နိုင်းရသလားပေါ့။ အင်း ဖြစ်ချင်တော့ နောက်ကြောင်းက လည်း ရှိတာကိုး။ ငါ့ကို ကိုယ်ဝန်ရှိတော့ လာလာပြီးကြည့်ပေးတဲ့ မီးသားစု ဆရာဝန်မနဲ့ ဖေဖေကငြိသွားတယ်။ အဲဒီဆရာဝန်မက တစ်ခုလပ်လေ။ အဲဒါကို မေမေက သံသယရှိနေတဲ့အဆင့်မှာ ငါ့ကိုမွေးတယ်။ မွေးတာက အဲဒီဆရာဝန်မ။ ဒီတော့ ဖေဖေနဲ့ ဆရာဝန်မက ငါ့ကို တမင်သေအောင် လုပ်တာသို့ မေမေက ထင်သွားတယ်။ ဒါကြောင့် ပြဿနာက ကြီးသွား





တာ။ တိုတိုပြောရရင်ကွာ။ ငါ့ကို မွေးတဲ့နေ့မှာပဲ ဖေဖေနဲ့မေမေ လမ်းခွဲကြတယ်။ နောက်တော့ ဖေဖေက အဲဒီဆရာဝန်မကို ယူတယ်''

''အဲဒါ ငါတို့မသိဘူး။ ဒါပေမယ့် အဲဒါနဲ့ မင်းပြောတဲ့ လေးဂဏန်းနဲ့ ဘာဆိုင်လို့လဲကွ''

''ဆိုင်တယ် ငါ့ကိုမွေးတာ မင်းတို့သိတဲ့အတိုင်း လေးလ လေးရက်။ ငါ့ကိုမွေးတဲ့ဆရာဝန်မအမည်က ဒေါ်သီတာ။ ဒေါ်သီတာ ဆိုတာက ပေါင်းရင် ၆ + ၇ = ၁၃ = ၄ ရတာပေါ့ကွာ။ ငါ့အဖေနဲ့အမေ ကွဲတာ အဲဒီဆရာဝန်မကြောင့်။ ငါ့အဖေနဲ့အမေကွဲတာ ငါမွေးတဲ့ (၄)ရက်နေ့''

''ဟ မင်းရဲ့အဖြေက ဖွတ်ဆွဲယူတာကြီးပဲကွ။ အဓိပ္ပါယ်မရှိပါဘူး''

''ဘာလဲ မင်းတို့က တိုက်ဆိုင်တယ် ပြောချင်သေးလို့လား။ အဲဒီတုန်းက ငါတို့နေတဲ့ အိမ်နံပါတ်ဟာ (၄)၊ လမ်းကလည်း (၄)လမ်းကွ။ မေမေကိုယ်တိုင် အဲဒီအိမ်ကို စိတ်နာနာနဲ့ ရောင်းပစ်ခဲ့တာ''

''အဲဒါလည်း စွဲလမ်းစိတ်ပါကွာ''

''နေဦး ငါပြောဦးမယ်။ ငါ လေးတန်းရောက်တဲ့နှစ်မှာ ကားမှောက်တယ်။ ငါ လက်ကျိုးဖူးတယ်။ အဲဒီတုန်းက ငါတို့ စီးသွားတဲ့ ကားက နံပါတ်ပေါင်းရင် ''၄''ရတယ်''

တင်အောင်မြင့်ဇာတ်လမ်းက ဖွတ်ဖန်တီးယူသော ဇာတ်လမ်းလို ဖြစ်နေ၏။ ကျွန်တော်တို့ ဘဝင်မကျ။

''ဆယ်တန်းဖြေတော့ ငါ တစ်နှစ်ကျတယ်။ အဲဒီတုန်းက ... အောင်သင့်ရက်နဲ့ ကျရတာ။ ခုံနံပါတ်ကြောင့်ပဲ။ ငါ့ခုံနံပါတ်က ၁၀၂၁ ပေါင်းလိုက်ရင် (၄) ပေါ့''

ကျွန်တော်က ခုခံငြင်းဆန်ဖို့ အကွက်တစ်ကွက်ရှာ[illegible]၏။

''တင်အောင်မြင့် ငါဆယ်တန်းကို နှစ်ချင်းပေါက်အောင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးနှစ်ခုပါတယ်။ ငါ့ ခုံနံပါတ်ဘယ်လောက်လဲ မင်းသိလား။ မင်း ခုံနံပါတ်နဲ့ ဆင်တယ်။ ၂၀၁၁ ပေါင်းကြည့်စမ်း (၄)ပေါ့။ ငါကျတော့ ဘာကြောင့်အောင်လဲ''

တင်အောင်မြင့်က ကျွန်တော့်စကားကို လက်မခံ။

''ဖေဖေ အခု မရှိတော့ဘူး။ ဆုံးသွားပြီ။ ဖေဖေ ကားအက်ဆီး ဒင့်ဖြစ်ပြီးဆုံးတာ။ ဖေဖေဆုံးတာလည်း လေးရက်နေ့ပဲ''

''ဟာ မင်းတို့ဇာတ်လမ်းကလည်း (၄)နဲ့ပဲ မလွတ်နိုင်ဘူး''

သိန်းဦးက စိတ်ပျက်စွာဝင်ပြောသည်ကို

''အေး အဲဒါကြောင့် ငါပြောတာ (၄)ဟာ ငါ့အဖို့တော့ အကျိုး မပေးဂဏန်းပဲ။ ဒါကြောင့် နှင်းပွင့်ဦးကို ငါ မယူတာ။ သူ့မွေးရက်ကို ငါမေးပြီးပြီ (၂၂)ရက်တဲ့''

တင်အောင်မြင့်က သူ့ကို ထောက်ခံချက်ပေးသလို ယူဆပြီး ထပ်ပြောသည်။

''မင်းကွာ (၄)ရက်နေ့မွားတဲ့သူတွေ လောကမှာအပုံ။ ''၄'' ဂဏန်းကျတဲ့အိမ်တွေအပုံ။ ကားတွေအပုံ။ မင်းလိုသာ အယူသီးနေရင် ဘယ်သူမှ အလုပ်ဖြစ်တော့မှာ မဟုတ်ဘူး။ (၄)ရက်နေ့တို့ (၁၃)ရက်နေ့ တို့မှာ ဆိုင်တွေ ရုံးတွေ အလုပ်တွေ ပိတ်ထားရမယ့်ပုံပဲ။ သိပ်အစွဲ အလမ်းမကြီးစမ်းပါနဲ့''

ကျွန်တော်က အကျိုးသင့် အကြောင်းသင့် ရှင်းပြ၏။ မရ။

''နှင်းပွင့်ဦးကိုယူရင် ငါ တစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်နိုင်တယ်''

တင်အောင်မြင့်၏ ယုံကြည်နေမှု။

ကျွန်တော်တို့ ခေါင်းခါ၊ သက်ပြင်းချရုံမှတစ်ပါး ဘာမျှမတတ် နိုင်တော့။

❋ ❋ ❋ ❋ ❋

❑

သူ လက်ထပ်ရယူခဲ့သည်မှာ သူ၏စိတ်ကြိုက် ရွေးချယ်လိုက် သော မိန်းကလေးဖြစ်သည်။

ထိုအချိန်တွင် သူသည် ''လင်းဦး''ဟူသောအမည်ဖြင့် ဗီဒီယို လောကသို့ ခြေချနေပြီဖြစ်၏။ ကားလည်းအတော် ထွက်နေပြီဖြစ်၏။ အောင်မြင်မှုလည်း ရနေပြီဖြစ်၏။

စင်စစ်ဗီဒီယိုလောကထဲ တင်အောင်မြင့် ရောက်သွားရသည်မှာ လည်း မထင်မှတ်ဘဲနှင့်ဖြစ်၏။

ဗီဒီယိုရိုက်ကွင်းတစ်ခုရဲ့ မိတ်ဆွေ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သူ မုံရွာညိုလေးနှင့် လိုက်သွားပြီးကြည့်ရာမှ ဒါရိုက်တာ ညွန့်မြင့်မာ ညီညီအောင်နှင့် ရင်းနှီးသွား၏။ ဒါရိုက်တာက စူပါမင်းသားများနှင့် အလုပ်လုပ်ရသည်ကို ငြီးငွေ့နေချိန်။ ပြီးတော့ ကုမ္ပဏီတင်ဒါက မင်းသား



www.burmeseclassic.com

www.burmeseclassic.com



သစ်တင်ဖို့ စီစဉ်နေချိန်။

ဒါရိုက်တာက တင်အောင်မြင့်ကို ကြည့်၍ သဘောကျသွားသည်။

ဖြစ်နိုင်ချေရှိသည်ဟု တွက်စပြီး တင်အောင်မြင့်အား စိတ်ဝင်စားမှုရှိမရှိမေးတော့ နဂိုကပိုးရှိသော တင်အောင်မြင့်ကလည်း ခေါင်းအညိတ်မြန်သည်။ သို့ဖြင့် တစ်ရက်တွင် တင်အောင်မြင့်ကို ဗီဒီယိုကင်မရာဖြင့် ဓာတ်ဝင်ခန်းတစ်ခု အစမ်းရိုက်ကြည့်ရာ ဒါရိုက်တာရော ကုမ္ပဏီကပါ လက်ခံအတည်ပြုသော အဆင့်သို့ ရောက်သွားတော့၏။

တင်အောင်မြင့် မင်းသားဖြစ်သွားသည်။

သည်မှာပင် "လင်းဦး"ဖြစ်လာ၏။ သူ့အယူအဆနှင့် သူရွေးသောနာမည် "၅"ဂဏန်း။ ဗေဒင်ဆရာ၏ ရွေးပေးသောနေ့နံများထဲမှ သူစိတ်ရွေးချယ်သော အမည်ဖြစ်၏။

ယခုတော့ သူသည် တန်းဝင်မင်းသားတစ်လက် ဖြစ်နေပြီ။ ဗီဒီယိုကားများသာမက ဒီဗီဒီနှင့် ရုပ်ရှင်ကားကြီးပင် ရိုက်ကူးနေရပြီ။

ဤသို့အောင်မြင်လာချိန်တွင် သူသည် ဘရဏီကို တွေ့ဆုံရ၏။ ဘရဏီက သူ့အနုပညာကို နှစ်ခြိုက်စွဲလမ်းသူ ပရိသတ်။ ဘရဏီကို မြင်တော့ သူချစ်သွားသည်။ တိုတိုပြောရလျှင်၊ သူနှင့် ဘရဏီချစ်သူဖြစ်သွားသည်။ ထို့နောက်မှာ သူနှင့်ဘရဏီ လက်ထပ်သည်။

ဘရဏီက ခေတ်ဆန်သည်။ မိဘက ငွေကြေးချမ်းသာ၍ နေထိုင်မှုက ခေတ်ရေ့ပြေးလွန်းပြီး ပေါင်းသင်းဆက်ဆံမှုက မြန်မာမိန်းကလေးတစ်ဦး၏ သဘာဝထက်ပိုသည်။ မညာမတာပြောရလျှင် "ဟော့"လွန်းသည်။

"မင်း ဘရဏီကို တကယ်ချစ်တာလား။ ငါတို့အမြင်မှာတော့ ဘရဏီက မင်းနဲ့မလိုက်ဘူး"

သိန်းဦးနှင့် ကျွန်တော်က သူ ဘရဏီကို ယူမည်ဆိုတော့ ဝေဖန်ဖူးသည်။





"ဟုတ်တယ်။ ငါသူ့ကိုချစ်တယ်။ သူ့ရဲ့ ရဲတင်းသွက်လက်တာလေးကိုချစ်တယ်။ ပြီးတော့သူက "၄"ဂဏန်းသမားမဟုတ်ဘူး"

တင်အောင်မြင့် သူ့အကြောင်းပြချက်နှင့်သူ ဟုတ်နေ၏။

"ဘဝတစ်ခု တည်ဆောက်ရာမှာ လူရဲ့စိတ်နေစိတ်ထား ပင်ကိုစရိုက်ကိုယ်ကျင့်တရားက အရေးကြီးသလား၊ ဂဏန်းက အရေးကြီးသလား"

ကျွန်တော်က မေးခွန်းတစ်ခုထုတ်သည်။

"ငါ့အဖို့တော့ ဂဏန်းက အရေးကြီးတာပဲ။ သူက "၄"ဂဏန်းမဟုတ်ဘူး"

ကျွန်တော်တို့ ဝေဖန်ပိုင်းခြားပြမှုသည် အရာမထင်ခဲ့။

သူတို့ မင်္ဂလာလက်ထပ်ပွဲသည် ခြိမ့်ခြိမ့်သဲ။ ပြီးတော့ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာလည်း သူ့မင်္ဂလာပွဲသတင်းတွေက ဝေဝေဆာဆာနှင့်။

သို့သော် တစ်နှစ်ကျော် နှစ်နှစ်ကာလမှာပင် သူနှင့် ဘရဏီ လမ်းခွဲသွားကြ၏။ လမ်းခွဲတော့ တိုးတိုးတိတ်တိတ်ဖြစ်သည်။

"ဘာဖြစ်လို့လဲ။ ဘာအကြောင်းရှိလို့လဲ"

ကျွန်တော်တို့ မေးတော့ သူ တိတိကျကျ အဖြေမပေး။

"ဆက်မပေါင်းသင့်လို့ပေါ့ကွာ"

ဒါပဲဖြေသည်။

ကျွန်တော်က တစ်ခွန်းထောက်၏။

"တင်အောင်မြင့် ဘရဏီက "၄"ဂဏန်းသမား မဟုတ်ဘူးလေ"

သူ၏ "၄"ဂဏန်း အယူအဆို ထောက်ပြဝေဖန်ခြင်း ဖြစ်ပါ၏။ "၄"ဂဏန်းသမား မဟုတ်သော ဘရဏီနှင့် သူအဘယ်ကြောင့် လမ်းခွဲရသနည်း။ "၄"ဂဏန်းက ဆိုးကျိုးဖြစ်စေသည်ဟု သူယူဆ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ယခု အနေအထားက လွဲချော်နေပြီ မဟုတ်ပါလား။

သူ ကျွန်တော့်ကို ဘာမျှ ပြန်မပြောခဲ့။

နောက် တစ်နှစ်ကျော်မှာ သူသည် ယခုဇနီးသည်ဖြစ်သော ဥမ္မာကို လက်ထပ်လိုက်လေသည်။

❋ ❋ ❋ ❋ ❋

❏

သူသည် အမွေရခဲ့သော အိမ်နှင့်ခြံကို ဂဃနဏမကြိုက်၍ ရောင်းခဲ့ပြီးနောက် Lucky နံပါတ်ဟု ခေါ်သော "ရ"ကျသည့် အိမ်နှင့်ခြံကို ဝယ်ယူနေထိုင်ခဲ့၏။

ဗေဒင်အယူအဆအရ အစီအမံများနှင့်တကွ အိမ်ကို ပြင်ဆင်ထား၏။ သွားလာနေထိုင်မှုမှန်သမျှ ဗေဒင်အယူအဆအရနှင့် ညှိပြီးလုပ်၏။

အလှူလုမ်သည်ဆိုလျှင်ပင် နေ့ရက်၊ အချိန် ရွေးသည်။ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကလေးများဂေဟာနှင့် ဘုရားတို့ကို ငွေကြေးလှူဒါန်းလျှင် ထိုငွေကြေးပမာဏကို Lucky နံပါတ်ရွေးသည်။

အသွင်တူ၍ အိမ်သူဖြစ်သည် ပြောရမည်။

သူ၏ ဇနီးသည် ဥမ္မာသည်လည်း အယူအဆအစွဲအလမ်း

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသူဖြစ်၏။ တစ်နည်းပြောရလျှင် ခေတ်နောက်ပြန်ဆွဲလွန်း၏။

ကြည့်ပါ။ ကျွန်တော်အလှူလုပ်သည်။ အလှူဆိုသည်မှာ အခြားမဟုတ်ပါ။ ကျွန်တော့်မိခင်ကြီး ဆုံးပါးခဲ့သော နှစ်ပတ်လည်နေ့ကို နှစ်စဉ်လုပ်နေကျအတိုင်း လုပ်ခြင်းဖြစ်၏။ သူတို့ဇနီးမောင်နှံကို ဖိတ်သော်လည်း မလာ။

အလှူနေ့က (၄)ရက်နေ့ကျသည်လေ။

"၄" ဂဏန်းအစွဲအလမ်းက လူမှုရေးဆိုသည်ကိုပင် ကျော်လွန်အနိုင်ယူသွားတာ။

သိန်းဦး မင်္ဂလာဆောင်တော့လည်း ထို့အတူပင်။

တနင်္ဂနွေနေ့လည်းဖြစ်၊ ရက်ရာဇာလည်းဖြစ်သော "၂၂" ရက်နေ့တွင် သိန်းဦးတို့ မင်္ဂလာဆောင်ရာ ကျွန်တော်အပါအဝင် သူငယ်ချင်းများအားလုံး မင်္ဂလာပွဲတက်ရောက်သော်လည်း တင်အောင်မြင့်တို့ ဇနီးမောင်နှံမလာ။

မင်္ဂလာလက်ဖွဲ့တော့ပို့ပါ၏။

သိန်းဦးက စိတ်မကောင်း။

"နေပါစေကွာ။ သူ အစွဲအလမ်းကြီးတာ မင်းသိသားပဲ"

ကျွန်တော်က သိန်းဦးကို နှစ်သိမ့်မှု ပေးရပါ၏။

"အင်း ဒီလောက်အစွဲအလမ်းကြီးတဲ့ကောင် သေရင် "၄" ရက်နေ့ မှာသေမှာပဲ"

သိန်းဦးက ဒေါသအခံနှင့် ပြော၏။

တင်အောင်မြင့် ပြောသလို ဒါသည်ပင် နိမိတ်ဖြစ်ခဲ့လေသလားမသိ။

ယခု တင်အောင်မြင့် သေပြီ။

(၄)ရက်နေ့ ညနေ (၄)နာရီမှာ။

✻ ✻ ✻ ✻ ✻

❑

ရေဝေးသုသာန်သို့ ကျွန်တော်နှင့် သိန်းဦးရောက်သွားသော အခါ သူ၏အလောင်းကို ခန်းမတွင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း တွေ့ရ၏။

နာမည်ကျော် အနုပညာသမားမို့ စည်ကားသည်မှာ မပြောနှင့်။

ပရိသတ်ကလည်းများ၊ မီဒီယာသမားတွေကလည်းများ၊ ငိုသူတွေကလည်းများ၊ လွမ်းသူ့ပန်းခွေတွေကလည်း များမှများ။

ခန်းမနံပါတ်ကို ကြည့်လိုက်တော့ "၄" ဖြစ်နေ၏။

သိန်းဦးက ကျွန်တော့်ကိုပြသောကြောင့် ဖြစ်သည်။

"(၄)ဂဏန်းကြောက်တဲ့ကောင် (၄)ရက်နေ့မှာ သေပြီး ခန်းမ (၄)မှာ ရှာပနအခမ်းအနားလုပ်ရတယ်။ အင်း သူပြောသလို (၄)နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဟုတ်နေတာပဲ''

သိန်းဦးက မှတ်ချက်ချ၏။

သူဖနီး ဥမ္မာကိုတွေ့ပြီး ကျွန်တော်တို့က နှစ်သိမ့်စကားပြောသည်။

ဥမ္မာက–

''အစ်ကိုတို့ သူငယ်ချင်းသေရတာ သူရိုက်တဲ့ ရုပ်ရှင်ကြောင့်ပဲ''ဟု ငိုရှိုက်ပြောသည်။ ကျွန်တော်တို့ ရုတ်တရက် နားမလည်။

ငိုနေသော ဥမ္မာကိုလည်း မမေးလိုသဖြင့် ကျွန်တော်တို့က တရားနှင့်သာ ဖြေသိမ့်ရန် လူကြီးစကားပြောရ၏။

ကျွန်တော်တို့စိတ်တွင် ဥမ္မာပြောသော ရုပ်ရှင်ကြောင့်ဆိုသည့် အချက်က ပဟေဠိဖြစ်နေပေရာ သူ့ဆရာရင်းဖြစ်သော ဒါရိုက်တာ ညွန့်မြင့်မာညီညီအောင်နှင့် တွေ့သောအခါ တီးခေါက်ကြည့်မိကြသည်။

ဒါရိုက်တာက သက်ပြင်းချသည်။

''ကျွန်တော်က သူ ဒီလိုအစွဲအလမ်းကြီးတာ မသိပါဘူး။ အခု ကျွန်တော်ရိုက်တဲ့ကားက ရုပ်ရှင်ကားကြီးပါ။ သူနဲ့လည်း ဇာတ်က လိုက်ဖက်တာတစ်ကြောင်း၊ သူကလည်း ပရိသတ်ရှိတဲ့ မင်းသားဖြစ်တာ တစ်ကြောင်းမို့ ကျွန်တော်က သူနဲ့ရိုက်ဖို့ ရွေးခဲ့တာပါ''

''ကားက ဘာကားလဲဆရာ''

''ဇာတ်ကားနာမည်တော့ မှိုင့် ၁၃ပါ''

''မှိုင့် ၁၃ ဟုတ်လား''

''ဟုတ်ပါတယ်''

၁၃ ဆိုသည်က Unlucky နံပါတ်။ ပေါင်းလျှင် (၄) တင်အောင်မြင့် မကြိုက်သော (၄)။

''သူ့ကို ကမ်းလှမ်းတော့ သူက ငြင်းပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က သူ့ဆရာရင်းဖြစ်နေတော့ ကျွန်တော်ကလည်း အတင်းပြော





တာနဲ့ သူလက်ခံပြီးရိုက်တာပါ''

''ဇာတ်လမ်းက ဘယ်လိုလဲဆရာ''

''အကျဉ်းချုပ်ပြောရရင်တော့ ဇာတ်လမ်းထဲက မင်းသားဟာ အယူအစွဲကြီးတဲ့သူ။ သူကြောက်တာက ၁၃။ ၁၃ ဆိုတာ ကံမကောင်းတဲ့ နံပါတ်လို့ သူကစွဲနေတာပေါ့ဗျာ။ သူ့ဘဝမှာလည်း ၁၃ နဲ့ပတ်သက်ပြီး ခံစားခဲ့ရဖူးတာတွေရှိတယ်ပေါ့။ သူက လေတပ်ကတပ်ကြပ်လေး။ သူ့ချစ်သူနဲ့ လက်ထပ်မဲ့ဆဲဆဲမှာ စစ်ဆင်ရေးတစ်ခု ထွက်ရတယ်။ ရန်သူတွေရှိတဲ့ မှိုင့် ၁၃ ကို သိမ်းဖို့ပေါ့။ မှိုင့် ၁၃ က ကြည်းတပ်နဲ့ တိုက်လို့ မလွယ်လို့ လေတပ်အကူနဲ့ တိုက်ရတာ။ တပ်သားတွေကို လေယာဉ်နဲ့ ခေါ်သွားပြီး လေထီးနဲ့ မှိုင့် ၁၃ မှာချပေးမယ်။ ညအချိန် တိတ်တဆိတ်ပေါ့။ အဲဒီထဲမှာ ကျွန်တော်တို့ မင်းသားပါတယ်''

ကျွန်တော်တို့ ဇာတ်လမ်းထဲမှာ နစ်ဝင်သွားကြ၏။ ဇာတ်လမ်းက အပြင်တွင်ရှိနေသော တင်အောင်မြင့်နှင့် ထပ်တူကျနေသည် မဟုတ်ပါလား။

''လေယာဉ်ပေါ်က ခုန်ချဖို့ တပ်သားတွေ စီလိုက်တော့ သူက နံပါတ် (၁၃) နေရာရောက်နေတယ်။ ဒါကြောင့် သူက စိုးရိမ်သွားပြီး သူ့နောက်ကလူနဲ့ နေရာလဲလိုက်တယ်။ ၁၄ နေရာပေါ့။ နေရာလဲပေးတဲ့ သူက သူ့လို ၁၃ ဂဏန်းကို အစွဲအလမ်းမရှိဘူးလေ။ အဲဒီမှာ တပ်သားတွေ တစ်ယောက်ပြီး တစ်ယောက် ခုန်ဆင်းရာမှာ သူ့အလှည့် မရောက်ခင် တပ်သားတစ်ယောက်က ရုတ်တရက် အဆင်မပြေဖြစ်တော့ ဗိုလ်ကြီးက အဲဒီတပ်သားကိုထုတ်ပြီး နောက်ကိုပို့လိုက်တယ်''

''ဟာ အဲဒါဆို သူက (၁၄) နေရာကနေ (၁၃)နေရာ ပြန်ရောက်သွားတာပေါ့နော်''

''ဟုတ်တယ်။ ဇာတ်လမ်းက အဲဒီနေရာမှာ ဇာတ်ရှိန်တင်ထားတာ။ သူလည်း ထိတ်လန့်သွားတယ်။ ဒီအချိန်မှာ နေရာချင်းလဲဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတော့ဘူး။ ဗိုလ်ကြီးက အမိန့်ပေးတာနဲ့ လေယာဉ်ပေါ်က ခုန်ချလိုက်ရတယ်''

"သူ ဘာဖြစ်သွားသလဲ''

"လေထီးက မပွင့်ဘူး။ သူ အမျိုးမျိုးကြိုးစားတာ မရဘူး။ ဒါကလည်း နဂိုက (၁၃)နံပါတ်ကို ကြောက်နေတဲ့စိတ်ကြောင့် တုန်လှုပ်ပြီး လေထီးအဖွင့်မှာ သူက မှားယွင်းနေတာ။ လေထီးက တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တယ်လေ။ ဒီလိုနဲ့ လေထီးမပွင့်လို့ ပြုတ်ကျတာ သစ်ပင်တစ်ပင်ပေါ်ကျ။ သစ်ပင်ပေါ်ကနေ မြေပြင်ကိုကျ အဆုံးမှာ သူ သေသွားတယ်''

"ဗျာ''

"ရည်ရွယ်ချက်က အစွဲအလမ်း ဥပါဒါန်က သူ့ကို သေစေတယ် ဆိုတာကို ပြချင်တာပဲ''

ကျွန်တော်တို့ သဘောပေါက်သွားကြ၏။ ဉမ္မာပြောသည်မှာ ယင်းကိုပြောခြင်းပေပဲ။

ဒါရိုက်တာက–

"(၄)ရက်နေ့ မနက်က ဇာတ်ကားပြီးတယ်။ ဇာတ်သိမ်းရိုက်ပြီးပြီ။ ညမှာ အောင်မြင်တဲ့အနေနဲ့ ညစာခံပွဲရှိတယ်။ အဲဒီညစာခံပွဲကို မလာခင် သူဆုံးသွားတာပဲ''ဟု ဆက်ပြောသည်။

ကျွန်တော်တို့ စိတ်မကောင်းကြ။

"အခုတော့ သူဆုံးရတာ ကျွန်တော့်ကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါနေတယ်လို့ ယူဆပြီး ကျွန်တော်လည်း စိတ်ထိခိုက်ရတယ်''

ဒါရိုက်တာလည်း မျက်နှာအိုအိုကလေးနှင့်ပြော၏။

"ဒီလိုလည်း စိတ်မစွဲပါနဲ့ ဆရာရယ်။ တိုက်ဆိုင်သွားတာလည်း ဖြစ်မှာပါ''

ကျွန်တော်က နှစ်သိမ့်စကားပြောရပြန်ပါသည်။

---

စိတ်ကူးသစ်စာပေ



တင်အောင်မြင့်ကို သင်္ဂြိုဟ်အလှည့် နံပါတ်စဉ်မှာ (၄)ဖြစ်သွားပြန်တော့သည်။

"သြော် (၄)နဲ့ပဲ မလွတ်ကင်းနိုင်ပါလားကွာ''

ကျွန်တော်စိတ်ထဲက ညည်းလိုက်မိပါ၏။

❊ ❊ ❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

❑

တင်အောင်မြင့်၏ အသုဘကို ပို့ပြီးပြန်လာချိန်မှာ သိန်းဦးရော ကျော်မင်းရော ကျွန်တော်ပါ နှုတ်ဆိတ်နေမိကြ၏။

သိန်းဦးတို့တွင် အဘယ်အတွေးများ ရှိနေမည်ကို ကျွန်တော် မသိ။

ကျွန်တော်ကမူ တင်အောင်မြင့်၏ အဖြစ်များကို ရုပ်ရှင်တစ်ခု သဖွယ် မျက်စိထဲတွင် မြင်ယောင်နေ၏။ သိန်းဦးမွေးဖွားလာသည်မှ သေဆုံးသည်အထိ။

(၄) ရက်တွင် မွေးဖွား၍ (၄)ရက်တွင် သေဆုံးသူ။

(၄) ဂဏန်းနာမည်နှင့်လူ။

(၄) ဂဏန်းကို ကြောက်သည့်လူ။





(၄) ဂဏန်းကျသောအမည်နှင့် ရုပ်ရှင်ကိုရိုက်ပြီး ဖိုးထိုး၍ သေဆုံးခဲ့သူ (ဖိုးဆိုသည်က "၄" ပင်ဖြစ်၏။)

ကျွန်တော်တို့ မည်သို့ ပြောကြမည်နည်း။

(၄) ဂဏန်းကပင် တင်အောင်မြင့်ယူဆသလို ကောင်းကျိုးမပေးတာလား။

ဥပါဒန်ကြောင့် ဥပါဒ်ရောက်ဖြစ်ခဲ့ရခြင်းလား။

မိမိပြုလုပ်သောကံ (ဖိုးထိုး၍ သေရခြင်း)က မိမိတရားကို စီရင်ခဲ့ခြင်းလား။

အသင်စာဖတ်သူ ဓမ္မဓိဋ္ဌာန်ကျစွာ စဉ်းစားသုံးသပ်ဆုံးဖြတ်ကြည့်ကြစေရန် ကျွန်တော် ချန်လှပ်ခဲ့ပါရစေ။

❋ ❋ ❋ ❋ ❋

သီဟထိပ်တင်စော

www.burmeseclassic.com

www.burmeseclassic.com




**လမ်းညွှန်**

ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ အနောက်မြောက်ဘက်၊ မိုင်(၆၀)ခန့်အကွာတွင် အနောက်ရိုးမတောင်တန်းရှိ၏။

ထိုတောင်တန်းကြီးပေါ်တွင် ကျောက်သားအတိပြီး၍ ဆုလစ်မွန်းချွန်အခက်အလက်တို့ဖြင့် ထူးခြားဆန်းကြယ်အံ့သြဖွယ်ကောင်းသော ကျောက်သားလိုဏ်ဂူတော်ကြီးက ''နံ့ကသူလိုဏ်ဂူတော်''ပင်ဖြစ်၏။

**နံ့ကသူအစမသိခဲ့ကြ**

နံ့ကသူလိုဏ်ဂူတော်ကြီးကို ရှေးအခါက လူအများအရောက်အပေါက်မရှိခဲ့ကြ။ သိရှိသူလည်း အလွန်နည်းပါးသည်။ တစ်ယောက်စနှစ်ယောက်စ တောကျွမ်းသောမုဆိုးကြီးများသာ သားကောင်များကို ရှာဖွေရင်းရောက်ခဲ့ဖူး၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတော်ကြီးရှိရာသို့ ရောက်ဖူးကြသော်လည်း ဂူကြီး၏ အတွင်းပိုင်းသို့ မဝင်နိုင်ခဲ့ကြ။ ဂူအဝမှအတွင်းသို့ ချောင်းမြောင်း၍ကြည့်ရှုရုံသာရှိသည်။ အတွင်း၌မည်သို့သော လျှို့ဝှက်ချက်များရှိသည်ကိုကား မသိရှိခဲ့ပါ။

## ပထမဆုံးဖော်ထုတ်ဖွင့်လှစ်

နံကာသူလိုဏ်ဂူတော်ကြီး၏ အံ့သြဖွယ်လျှို့ဝှက်ချက်တို့ကို ပထမဆုံးဖော်ထုတ်ဖွင့်လှစ်ပေးခဲ့သူမှာ အင်ပူမြို့နယ်၊ ပိန္နဲကွင်းကျေးရွာ၌ သီတင်းသုံးနေထိုင်တော်မူသော "ပိန္နဲကွင်းဆရာတော်ဘုရားကြီး"ပင်ဖြစ်၏။

ပိန္နဲကွင်းကျောင်းဆရာတော်ဘုရားကြီးသည် နံကာသူလိုဏ်ဂူတော်ကြီးကို ကြွရောက်တော်မူပြီးနောက် သုံးလေးယောက်မျှဖြင့်လည်းကောင်း၊ အုပ်စုဖွဲ့၍လည်းကောင်း၊ ဂူကြီးသို့သွားရောက်ကြပြီးလျှင် လိုဏ်ဂူဝတွင်ရှိသော ကြေးဆင်းတုရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ပူဇော်ကြ၏။

ထိုသို့ဖြင့် နံကာသူလိုဏ်ဂူတော်ကြီးသည် ပိန္နဲကွင်းဆရာတော်ဘုရားကြီး ကြွရောက်တော်မူပြီးမှ နောက်ပိုင်းတွင် တစ်စတစ်စလူသိများလာခဲ့သည်။ ဤသည်မှာ လွန်လေခဲ့သည့်နှစ်ပေါင်း (၁၀၀)ကျော်ခန့်ကဖြစ်၏။

## ပိန္နဲကွင်းတောရဆရာတော်

ကောဇာသက္ကရာဇ် ၁၁၈၉ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက်၊ တနင်္လာနေ့တွင် ရွှေတောင်မြို့နေ အမိဒေါ်မယ်ရစ်မှ ဖွားမြင်၏။





ငယ်နာမည်မှာ မောင်ချိန်ဖြစ်၍ ရဟန်းဘွဲ့တော်မှာ ဦးကလျာဏဖြစ်သည်။ လောကီလောကုတ္တရာပညာရပ်များကို ဆည်းပူး၏။

သိက္ခာတော်ရ ဝါအရတွင် ရွှေတောင်မြို့မှ လေးမျက်နှာမြို့သို့ မယ်တော်နှင့်အတူ ရောက်ရှိသည်။ ဒါယကာ ဦးမှူးထံ၌နေ၍ မကြာမီမှာပင် ပိန္နဲကွင်းရွာမှ ကျောင်းဒကာကြီး ဦးပန်းရဆိုသူက ပင့်ဆောင်ပြီး ပိန္နဲကွင်းရွာ၌ ကျောင်းဆောက်ပြီး ကိုးကွယ်၏။

နောင်သောအခါ ကျုပ်ပြင်အရပ်တွင် ပြောင်း၍ တော[illegible]ကျောင်း တည်ဆောက်တော်မူသည်။ ထိုမှ နောက်၌ (၁၅)ဝါနတို့၌ လှည့်လည်ပြောင်းကြွဝါဆိုတော်မူကာ တရားဓမ္မနှင့် မွေ့တော်မူ၏။

## ကောင်းမှုတော်များ

ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီးသည် . . .

(၁) ကျွဲမသနားတောင်၌ ဘုရားတစ်ဆူ။

(၂) ကမ်းပြိုတောင်၌ စေတီတော်နှစ်ဆူ။

(၃) စေတီဂုဏ်ရွာနှင့်အနီး၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ။

(၄) တံခွန်တိုင်ရွာ၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ။

(၅) ကိုးကွယ်တောင်၌ စေတီတော်တစ်ဆူ။

(၆) နံကပ်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ တည်ထားတော်မူခဲ့၏။ ထို့ပြင်လည်း—

(က) ရန်ကင်းတောင်တွင် ပြိုပျက်နေသော ရှေးစေတီဘုရားကြီးများ။

(ခ) ပိန္နဲကွင်းကျောင်းအတွင်းရှိ ဥမ္မာဒန္တီမင်းသမီး တည်ထားခဲ့သည့် ရှေးဘုရားကြီးများကို အသစ်တစ်ဖန် ပြုပြင်မွမ်းမံတည်ဆောက်တော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီး၏ မေတ္တာဓါတ်

ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီးသည် တရားအမြဲ၀ါ ပိဋကတ်ကို မချတ်မလွှဲစွဲမြဲကြီးကုတ် အားထုတ်တော်မူခဲ့သည်။ ထို့ကြောင့် ကျပ်ပြင်ကျောင်းတွင်း၌ သီတင်းသုံးတော်မူခဲ့သည့်အခါ တောနေတိရစ္ဆာန်ဖြစ်သော ယုန်သတ္တဝါတို့သည် လာရောက်ဖူးမြော်ကြပြီး ဆရာတော်ဘုရားကြီး၏ မေတ္တာဓါတ်ကို ခံယူတော်မူကြ၏။

ကျီးပင်ခေါ် ကျွဲမသနားတောင်၌ လေးတောင်ခန့်အကွာ၌ ခြေညွတ်ကာ ဝပ်နေသောကျားကြီးကို အနီး၌ရပ်လျက် တရားဟောပြတော်မူရာ ကျားသတ္တဝါသည် တရားနာအပြီး လွတ်ရာသို့ထွက်ခွာသွားခဲ့၏။

ထိုတောင်မှာပင် ခပ်၍မကုန်နိုင်သော နတ်ရေကန်တွင် မာတုဂါမတစ်ယောက် ကိုယ်ရေကျင်းမိသဖြင့် ရေလုံးဝမထွက်ဘဲရှိနေသည်ကို မေတ္တာဓါတ်ဖြင့် ရပ်ခံပေးသဖြင့် မူလအတိုင်းပင် ရေများထွက်ရှိ၍ သုံးဆောင်နေကြရ၏။

စိုင်တောင်တွင် ဆင်မကြပ်တွင်း၌ တောဆင်ရိုင်းကြီးနှင့်ရင်ဆိုင်သည်။ နောက်ပါတပည့်ဒကာများက ရှောင်ပြေးကြခိုက် ရန်မူရန်လာသော ဆင်ရိုင်းကြီးအား .တရားမမှဟောပြောပြသဖြင့် ဒေါသလွှင့်ကာ ကိုယ်မလှည့်သာသဖြင့် နောက်ဆုတ်နောက်ဆုတ်သွားပြီး ဆင်မကြပ်လွန်မှ ကိုယ်ကိုလှည့်ကာ ထွက်ခွာသွားခဲ့၏။

နံ့ကသူလိုဏ်ဂူတော်ကြီး၌ ကိန်းအောင်းလျက် တရားအားထုတ်နေတော်မူစဉ် မြွေကြီးတစ်ကောင်သည် တစ်လံတစ်သူတစ်ခုပ်တစ်ပေါင်လောက်အထိ ပါးပြင်းထလျက် ဒေါသကြီးစွာဖြင့်စားလိုရန် ရောက်ရှိလာ၏။

ဆရာတော်ဘုရားကြီးက မေတ္တာဓါတ်ကဦးထား၍ တရားမမှဟောပြတော်မူရာ ဒေါသငြိမ် ဝပ်ပြားပြီး ဂါရဝဖြင့် ဦးညွှတ်ကာလွတ်ရာသို့





ထွက်ခွာသွားသည်။ ဤသည်တို့မှာ ပိန္နဲကုန်းတောရဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့၏ တန်ခိုးများအကျဉ်းမျှ တင်ပြခြင်းဖြစ်၏။

## ကြေးဆင်းတုရုပ်ပွားတော်ကြီးပင့်ဆောင်

၁၂၅၀ ပြည့်နှစ်တွင် ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီးနှင့် နောက်ပါတပည့်များသည် အချိန် ၂၀၅ပိဿာရှိသည့် ကြေးဆင်းတုရုပ်ပွားတော်ကြီးကို မန္တလေးမြို့တွင် မှာယူသွန်း၍ ကွင်းကောက်မှတစ်ဆင့် နံ့ကသူလိုဏ်ဂူတော်ကြီး၏ မြောက်ဘက်တွင် ပင့်ဆောင်ကိုးကွယ်သည်။ ယင်းကြေးဆင်းတုတော်ကြီးမှာ ရေထွက်မှန်ရွာနေ ဘုရားဒါယကာ ဦးသာအေးအမှူးပြု၍ ကုသိုလ်ရှင်အပေါင်း၏ ကောင်းမှုဖြစ်ခဲ့ပြီး ယခုတိုင် ဖူးတွေ့နိုင်၏။

## ပျံလွန်တော်မူ

ထိုသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် လွှမ်းခြုံတော်မူအပ်သော ပိန္နဲကွင်းတောရ ဆရာတော်ဘုရားကြီးသည် ၁၂၇၀ပြည့်နှစ်တွင် ပျံလွန်တော်မူသည်။

ရုပ်အလောင်းတော်မြတ်သည် ပုပ်သိုးခြင်းမရှိဘဲ အံ့ဖွယ်ကောင်းလောက်အောင် ယခုထက်တိုင် တည်ရှိနေသည်။ ထိုဆရာတော်ဘုရားကြီး နောက်၌ ဒုတိယဆရာတော်၊ တတိယဆရာတော်ဟူ၍ ဆရာတော်ဘုရားကြီးသုံးဆက်တိုင်တိုင်လည်း ရုပ်အလောင်းတော်များမှာ မပုပ်မသိုး တည်ရှိနေသည်ကို အင်ပူမြို့နယ်၊ ပိန္နဲကွင်းတောရကျောင်း၌ ဖူးတွေ့နိုင်၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## နံ့ကသူသည် ကွင်းကောက်မည်

မွန်လူမျိုးတို့နေထိုင်ရာ ကုသိမဏ္ဍလပုသိမ် (၃၂)မြို့တွင် ''သုနန္ဒလေ''ခေါ် ''နံ့ကသူမြို့''လည်း ပါဝင်သည်။ နံ့ကသူမြို့သည် ယနေ့ကွင်းကောက်ဟူ၍ ထင်ရှား၏။

ကွင်းကောက်ဟူ၍ အမည်ဖြစ်ပေါ်ပုံမှာ အနောက်ရိုးမ တောင်တန်းပေါ်ရှိ ဝါးပိုးကိုးရုံဟူသော အရပ်ချောင်းဖျားမှစ၍ နံ့ကသူလိုဏ်ဂူတော်ကြီးအနီးမှဖြတ်ကာ အရှေ့ဘက်သို့ စီးဆင်းသော နံ့ကသူချောင်းသည် ကွင်းပြင်ပြန့်သို့ ရောက်သည့်အခါ ကွေ့ကောက်ပြီးစီးဆင်း၏။

ချောင်းကွေ့၍ တည်ထားသောကြောင့် ကွေ့ကောက်ဟူသော အမည်တွင်ပြီး နောင်အခါ ကွေ့ကောက်မှ ကွင်းကောက်သို့အမည် ပြောင်းလဲလာ၏။

နံ့ကသူချောင်းသည် ကွင်းကောက်ကိုဖြတ်ပြီး ''ချောက်ရှာ'' သို့ ရောက်သည်။ ထိုမှ ငဝန်မြစ်တွင်းသို့ စီးဆင်းသွား၏။

စိတ်ကူးသစ်စာပေ



ကွင်းကောက်ဒေသတွင် နံ့ကသူချောင်းရေသည် ခနွေအခါ၌ ခြေကျင်းဝတ်သာသာခန့်သာရှိပြီး စိမ်းလဲ့ကြည်လင် တသွင်သွင်စီးဆင်း နေသည်။ သဲငွေသောင်စုံတို့သည် ကျယ်ပြန့်သာယာစွာ ပေါ်ထွန်းလျက် ရှိ၏။

ကွင်းကောက်တွင် လူနေများ၍ ဘုရားစေတီပုထိုးနှင့် ဘာသာ ရေးသာသနိကအဆောက်အအုံများမှာ ကြည်နူးသာယာဖွယ်ရှိလှ၏။

ကွင်းကောက်တောင်ဘက်ကမ်းရှိ တောင်ကုန်းပေါ်တွင် တြိဂံ မကျတကျ တည်ရှိနေသော နန္ဒာလှ၊ နန္ဒာမုနိ၊ နန္ဒသီရိအမည်ရှိသည့် ရှေးဟောင်းဘုရားသုံးဆူကို အထင်အရှားဖူးတွေ့နိုင်သည်။ ယင်းဘုရား သုံးဆူမှာ ဥမ္မာဒန္တီမင်းသမီးတည်ထားခဲ့ကြောင်း သိရှိရ၏။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ကွင်းကောက်မှ နံ့ကသူလိုဏ်ဂူတော်

ဤနေရာတွင် ကွင်းကောက်မှ နံ့ကသူလိုဏ်ဂူတော်ကြီးသို့ ခရီးစဉ်ကို တင်ပြဖော်ပြမည်ဖြစ်၏။

ယင်းသို့ တင်ပြဖော်ပြရာတွင် လွန်လေခဲ့သည့်နှစ်ပေါင်း (၁၀၀) ကျော်ခန့်က ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီးဦးဆောင်၍ ကြေးဆင်းတုတော်ကြီး ပင့်ဆောင်လာခဲ့ရာ ခရီးစဉ်အတိုင်း ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမှတ်တမ်းပါအတိုင်း ဖော်ပြရခြင်းဖြစ်၏။

ကွင်းကောက်မှ နံ့ကသူလိုဏ်ဂူတော်ကြီးသို့သွားရာ ခရီးလမ်းတွင် ကျွန်းတောရွာ၊ စေတီခုံရွာ၊ မယ်ဇလီကုန်းရွာ၊ သပြေပင်ရွာ၊ ဝွေးခုန်ရွာ(ခ)ရေကောက်ခွန်ရွာ၊ လှည်းမှောက်ရွာ၊ သရက်အုပ်ရွာ၊ ယောက်ခုလု တောင်ကြော၊ မိုးကောင်းရွာဟူ၍ ဖြစ်ပြီး၊ မိုးကောင်းရွာမှ လွန်လေသော် တောစခန်း၊ တောင်စခန်းများကိုသာ ဖြတ်သန်းရလေမည်ဖြစ်၏။





မိုးကောင်းရွာမှ ထွက်သောအခါ ရေတံခွန်တစ်ခုကို ဖြတ်ကျော်၍ သပြုရေလယ်စခန်းသို့ ရောက်သည်။ သပြုရေလယ်စခန်းမှ ခရီးဆက်သော် တဖြည်းဖြည်းတောနက်ရာသို့ ရောက်လာကြ၏။

သစ်ရွက်ချင်းကပ်လျက် အအေးဓါတ်မပြတ်သော ဤတောအုပ်မှာ လက္ခဏမင်းသား၏နောင်တော် ဘုန်းသမ္ဘာနှင့် ခွန်အားဗလကြီးမားသည့် ရာမမင်းသည် မော်ရုံတောမှ လက်ာဒီပကျွန်းသို့ လိုက်သည်မှ စသည်ပင်ဖြစ်လေသလားဟု တွေးတောစရာပင် ဖြစ်လာတော့၏။

နဘူးနွယ်၊ ဒါန်းပင်၊ ဝါးရုံနှင့် သစ်ခက်၊ သစ်လက်တို့အပေါ်တွင် ကူးသန်းသွားလာနေသော မျောက်မျိုးစုံတို့သည် မြည်သံ၊ အော်သံဆူညံသံတို့ဖြင့် သဘာဝအလျောက် မြူးထူးပျော်ရွှင်နေကြပုံမှာ မျောက်တိုင်းပြည်သို့ ရောက်ရှိသွားသည့်အလား ထင်မှတ်ဖွယ်ရာဖြစ်၏။

အရာရာ အထောင်ထောင်သော မျောက်တို့၏ လှုပ်ရှားပုံ လှုပ်ရှားဟန်များကို ကြည့်ရှု၍ ရာမဇာတ်တော်မှ ဟနုမာန်မျောက်မင်းနှင့် သုဂြိဝ်၊ ဗာလီတို့၏ အမျိုးအနွယ်ပေလား ထင်မှားဖွယ်ရာဖြစ်တော့၏။

အဆိုပါမျောက်အပေါင်းတို့ ပျော်စံရာဒေသကို "ဖက်စလဲချင်း" စခန်းဟူ၍အမည်တွင်၏။

ထိုစခန်းမှလွန်လာခဲ့သော် သန္တာရောင်ချိုသွေးများနှင့် ချိုသွေးနေကြသော တောင်ဆိတ်အုပ်များ၏ ပျော်ပါးရာသို့ရောက်၏။

တောင်ဆိတ်များကို အခါသင့်၍အခွင့်ကြုလျှင် ချောင်းမြောင်းစားသောက်ရန် အဆင်သင့်စောင့်ဆိုင်းနေသော ကျားကြီး၏ဟန်တပြင်ပြင် ဖြစ်နေပုံကိုလည်း ကြုံရပေမည်ဖြစ်၏။

ကျားရာဇာနှင့် သားသတ္တဝါတို့နေပျော်စံသည့် မြိုင်ညိုကို ဖြတ်၍လာခဲ့သော် "စကားဝါပင်စခန်း"သို့ ရောက်ရှိ၏။

စကားဝါပင်စခန်းတွင် အမောအပန်းဖြေပြီး တောင်စဉ်အထပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကို ခရီးဆက်ခဲ့ရာ ကျောက်မီးစခန်း၊ ကြားပင်စခန်းနှင့် ကျွန်းညို စခန်းများကို ဖြတ်သန်းခဲ့ကြပြီး၊ ကျောက်ပါးစပ်လိုဏ်ဂူသို့ ရောက်ရှိခဲ့ကြ၏။

ကျောက်ပါးစပ်လိုဏ်ဂူသည် ချောင်းအလယ်ရှိ ကျောက်တုံးကြီး တစ်တုံး၌ ပါးစပ်သဏ္ဌာန် သယံဇာတပစ္စည်းတို့ဖြင့် အလိုလိုပေါ်ပေါက်နေသော လိုဏ်ဂူကြီးဖြစ်ပြီး ဂူအတွင်းသို့ ကျားတို့ဝင်အိပ်ကြောင်းသိရှိရ၏။

အချိန်မှာ အလယ်လမ်း၊ အပြင်လမ်း၊ အတွင်းလမ်းဟူ၍ နေသွားလမ်းကြောင်း သုံးကြောင်းရှိသည့်အနက် နေမင်းသည် အပြင်လမ်းကြောင်းသို့ သွားနေရာမှ အလယ်လမ်းအတိုင်း ထွက်ခွာလာသော တန်ခူးလအခါသမယဖြစ်၏။

မြွေရွက်ဝါတို့သည် ကြွေကျမြေခသောကြောင့် ပသစ်ဦး၊ ပုရစ်ဖူးတို့သည် ကြည်နူးဖွယ်ရာ တော၏အလှကိုဆင်မြန်းကြပေ၏။

တောမီးများလောင်ကျွမ်းလျက်ရှိသော တောင်ယာမှိုမှိုင်း ညို့ညို့ရှုခင်းကိုလှမ်းမျှော်၍ ကြည့်ရသည်မှာ လွမ်းဆွတ်ဖွယ်ကောင်းလှ၏။

ထို့အပြင် တောင်စဉ်တစ်ရိုး ဂူအချို့မှာ မြူနိုးတွေရစ်ဆင်၍ တစ်တောဝင်တစ်တောင်တက် ခရီးဆက်ခဲ့စဉ် ချောင်းဝစခန်းသို့ ရောက်ရှိခဲ့၏။

ချောင်းခွတွင် ရှိသောသောင်ပြင်သည် ရတနာမျိုးစုံပြန့်ကျဲထားဘိသကဲ့သို့ အလွန်လှပတင့်တယ်၏။

လှိုင်းတအိအိလွန့်လူးနေသော ရေပြင်ကို တစိမ့်စိမ့်ကြည့်ပြီး အတိုင်းမသိလွမ်းရသည်။ ခရုလိပ်ခုံးနှင့် ငါးများသည်သဲသောင်အစပ်တွင် နေစာလှုံနိုလာကြ၏။

ချောင်းခွရှိ လက်ဝဲဘက်ချောင်းမှာ ကနစိုချောင်းဖြစ်၏။





ကနစိုချောင်းမှာ ယခုအခါတွင် ပထဝီအနေအထားပြောင်းလဲလာမှုကြောင့် ချောင်းနှင့်အတူ ကနစိုဟူသော အမည်မှာ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း သိရှိရ၏။

ကနစိုချောင်းအတွင်း၌ စက္ကဝက်၊ ကြိုးကြာငှက်၊ ဟင်္သာငှက်တို့သည် မြည်တွန်၍ ရေထဲတွင် လှည့်လည်ကူးသန်းသွားလာကြ၏။

ဦးစွန်းမောက်သွယ်ပျောင်းသော တယ်ခေါင်းနှင့် ဗျိုင်းသူငယ်တို့သည် လည်ပင်းရှည်နှင့် မျှော်လျက်ငါးကို ကောက်ကာ ခန္ဓာအလှအစာဝအောင် အာဟာရဆက်ကြ၏။

ရေကြက်၊ တင်ကျီး၊ စစ္စလီငှက်၊ ဝမ်းဘဲငှက်တို့ကလည်း တစီစီ အော်မြည်ကာ ရေထဲမှာ ပျော်ရွှင်မြူးထူးနေကြ၏။

စင်ယော်မောင်နှံတို့မှာလည်း ကမ်းဦးတွင် မြူးပျော်နေကြသည်။ သောင်ခုံအပြင်တွင် ဝင်ဖိုငှက်တို့က ဟစ်ကြွေးအော်မြည်နေကြ၏။

မြစ်ခြေအလယ်ရစ်ခွေနေသော သန်လျက်စွန်းမှာ ခရီးတစ်ထောက်နားပြီး ဆက်၍သွားလျှင် ''ငွေးချိုစခန်း''သို့ ရောက်၏။

ငွေးချိုစခန်းရှိသော ဝါးရုံပင်များကို ချိုးဖဲ့စားသောက်ရန် တပ်စုဖွဲ့ကာလာကြသည့် ကာဠာဝက၊ ဂင်္ဂေယျ၊ ပဏ္ဍရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ မဟာမ၊ ဥပေါသထ၊ ဆဒ္ဒန်ဟူသော ဆင်ဆယ်မျိုးတို့သည် စမ်းချောင်းအတွင်းသို့ ဝင်ရောက်ကာ မွှေနှောက်လျက်ရေသောက်ဆင်းလာကြ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ရှုကာပန်းညွန့်တို့က အတွန့်တွန့်ခွေလျက် လူးလွန့်နေသည့် ပမာစုံကာ ခက်ပေါက် အကွက်ခေါက်မှ ရွက်ခေါက်ကယ်နိုသည့် မြိုင်ညို့တောအရိပ် အံ့ရွှက်ချင်းပိတ်လျက် နေရိပ်မှုံမှိုင်းသည်ကို အပြင်ကိုမှန်းအထင်နှင့် မှန်းရင်ပင်တဖြည်းဖြည်း လှမ်းခဲ့ကြရာ နံကသူလိုဏ်ဂူတော်ကပဲနန်းပြင်ကမ်းပါးသို့ ရောက်ရှိလာတော့၏။

✻ ✻ ✻ ✻ ✻

## ကောင်းကင်ရပ်မှ နတ်ဗိမာန်လို

ငွေးချိုစခန်းမှ လမ်းလျှောက်ထွက်ခဲ့သော် မိုးသောက်အဆင့်ဆင့် စွင့်စွင့်မားမားအထပ်ထပ်သော တောတောင်များနှင့်တကွ ကမ္ဘာရှည်သ၍ တည်ရှိမည့်လိုဏ်တော်မဟာရှိရာ အနောက်ဘက်ဆီ ရီညို့ညို့ကို လှမ်း၍ ကြည့်လိုက်လျှင် ထူးခြားအံ့ဩဖွယ်ကောင်းလေစွ။

တုရင်းမှန်ကင်း လည်ပေါ်အမိုးခို နန်းဂျိုးနှင့် နတ်ဆင်းနတ်တက်မှန်ကင်းကွက်၊ ဂုံညင်းနွယ်မလွယ်နှင့် မြောက်လေ့ကားမှန်လေးဝအဝင်မှာ စိတ်အထင်ပိုးဝါးမို့ စိန့်ဖူးစိန့်ပွင့် ကြည့်လိုက်လျှင် အဆင်သင့်မို့ အတွင်းဘက်သို့ ဝိသကြုံနတ်ဆေး ကုသချယ်လှယ်ထားသကဲ့သို့ဖြစ်သည့်နွယ် တစ်ခုနှင့်တစ်ခု အညွှန့်ချင်းယှက်၍ ဆပ်သွားဖူးမှာ ခြုံးစုံအခက်ဘုံပြဿဒ်နှင့်ကောင်းကင်ရပ်၌တည်သော နတ်မင်းတို့၏ ဗိမာန်သဏ္ဌာန်ကဲ့သို့ဖြစ်နေဘိ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## နံ့ကသူလိုဏ်ဂူတော်

နံ့ကသူလိုဏ်ဂူတော်သည် အပေါ်ဂူ၊ အောက်ဂူဟူ၍ရှိသည်၊ အပေါ်ဂူ၌ အပေါက်သုံးပေါက်ရှိသည်။ အရှေ့ဘက်၌တစ်ပေါက်၊ အနောက်ဘက်၌တစ်ပေါက်၊ မြောက်ဘက်၌တစ်ပေါက်ဖြစ်၏။

မြောက်ဘက်ပေါက်၌ ကြေးအလေးချိန် ၂၀၅ ပိဿာ၊ အမြင့်သုံးတောင်တစ်မိုက် (၄ ပေ၊ ၁၀ လက်မခွဲ)ရှိသော ကြေးဆင်းတုတော်မြတ်ကြီးကို ထားရှိသည်။ ဘေးပတ်လည်၌ သံတိုင်များထားရှိလျက် အပေါ်မျက်နှာကျက်ကိုပါ ပြုလုပ်ထားရှိ၏။

ဂူထဲ၌ လင်းနို့ချေးများ ထူထပ်သိပ်သည်းစွာ ရှိနေသည်။ လင်းဆွဲ လင်းနို့များ၏ အသံကို အတော်ဝေးဝေးမှပင် ကြားနေရ၏။

အတွင်းဘက်တွင် လိုဏ်ဂူတော်အမြင့်မှာ (၁၆) တောင်ခန့်ရှိ၏။





ဆင်များမှာ ဂူအတွင်း၌ ခိုအောင်းနေကြသည်။ ဂူ၏မျက်နှာက စကြံအရှည်မှာ အတောင် (၈၀)ရှိ၏။

စကြံမှ တောင်တက်လမ်းပြောင်ပြောင်မှ ဝင်၍သွားသော အောက်ဂူသို့ဝင်ရာ ဥမင်တစ်ခုရှိသည်။ အရှည်မှာ (၄၉) တောင်ရှိသည်။ ဥမင်၏ အလယ်အတိုင်း တောင်ဘက်သို့သွားလျှင် (၂၈) တောင်ရှည်လျား၏။

ထိုဥမင်၏အရှေ့တွင် ရှေးနှစ်ပေါင်းများစွာက ဝိဇ္ဇာဇော်ဂျီများ ပျော်ရွှင်မြူးထူးခဲ့ရာ ဂူချောင်သို့ရောက်ရှိသည်။ ထိုဂူချောင်မှာ အမြင့် (၁၅) တောင်၊ အကျယ် (၇) တောင် ရှိသည်။ ထိုမှ ရှေ့သို့ဆက်လျှောက်သော် မွန်းတည့်ပေါက်ရှိရာသို့ ရောက်ရှိ၏။

မွန်းတည့်ပေါက်မှာ အလျား၊ အနံ (၇)တောင်ရှိသည်။ အမြင့်မှာ အတောင် (၆၀)ခန့်ရှိသည်။ လုံးပတ်အကျယ်မှာ (၇၃၅)တောင်ရှိ၏။

မွန်းတည့်ပေါက်အခန်း၌ အပေါက်သုံးပေါက်ရှိ၏။

အောက်ဂူဝင်ပေါက်အဝ၌ ရာဝင်ပုတ်ခန့်ရှိသော ကျောက်လုံးကြီးတစ်တုံးသည် သဘော်သီးကြီးကဲ့သို့ တွဲခိုလျက်ရှိသည်။ အညှာမှာ တစ်ထွာခန့်ရှိပြီး ပြုတ်ကျတော့မလို ကြွေကျတော့မလိုဟူ၍ ထင်မှတ်ရသည်။ အလိုအလျောက်တည်ရှိဖြစ်ပေါ်နေသော သယံဇာတမှ အံ့သြဖွယ်ကောင်းလှ၏။

ယင်းကျောက်တုံးကြီးအောက်မှ အလျားမှောက်ပြီး အတွင်းပိုင်းသို့ ဝင်ရောက်ရသည့်အတွင်းလမ်းမှာ သဲဖြူအပြည့်ခင်းထားသော သူ့အခန်းနှင့်သူ၊ သူ့အကန့်နှင့် သူဖြစ်၏။

အတွင်းခန်း၌ ကျောက်ကမ္ဘည်းစာ၊ ကျောက်ခုတင်နှင့် ဆေးကြိတ်သည့် ကျောက်တုံးကြီးကို မြင်တွေ့ရသည်။ တစ်ခန်းတစ်ခန်းတွင် ပတ္တမြားမျက်ရှင်တစ်လုံးစီကို ကလပ်ပေါ်တွင် တင်ထား၏။

ပြဒါးပြာများနှင့်တကွ ရတနာမျိုးစုံပုံလျက် နောက်ဆုံးတော်မူ



www.burmeseclassic.com

www.burmeseclassic.com



လတွဲ့သော အရိမေတ္တာယျမြတ်စွာဘုရားရှင်အား လှူဒါန်းဖို့ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ရွှေပုရပိုက်နှင့် ဇမ္ဗူနရကာသုဝဏ္ဏဇော်ဂျီရုပ်လည်းရှိသည်။ ထိုအထိ လိုဏ်ဂူတော်ကြီးက မဆုံးသေးပါ။

ပိန္နဲပင်တောရဆရာတော်ဘုရားကြီးက ရှေ့တွင်ဆက်၍သွားသောအခါ၊ သူယောင်မယ်တစ်ဦးက လက်ကိုကန့်လန့်ဖြတ်ပြီး အိပ်နေရာတရားဟောမေတ္တာရပ်သော်လည်း မရသဖြင့် ရှေ့သို့ဆက်မသွားတော့ဘဲ ပြန်လှည့်ခဲ့ကြောင်းဖော်ပြထား၏။

နံ့ကာသူလိုဏ်ဂူတော်ကြီးတွင် ကြေးဆင်းတုတော်တစ်ဆူရှိတော်မူသောကြောင့် အရပ်ရပ်ဒေသမှ ဘုရားဖူးလာကြသူများနှင့် ကုသိုလ်ယူကြသူများ တစ်ယောက်တစ်စများပြား၍ လာတော့၏။

※ ※ ※ ※ ※ ※

## တောင်ယံကိုးလုံး ပိတ်ဖုံးပတ်လယ်

နံ့ကာသူလိုဏ်ဂူတော်ကြီးရှိသော တောင်၏ပတ်ပတ်လည်၌ တောင်ယံကိုးလုံးတို့က ဝန်းရံလျက်ရှိ၏။

ယင်းတို့မှာ . . .

(၁) အရှေ့အရပ်၌ ပုထိုးတောင်။
(၂) အရှေ့တောင်အရပ်၌ စိုင်တောင်။
(၃) တောင်အရပ်၌ ဆိတ်တောင်။
(၄) တောင်အရပ်၌ ကန့်ကူတောင်။
(၅) တောင်အရပ်၌ နန္ဒင်းတောင်။
(၆) တောင်အရပ်၌ ရှင်ပြန်တောင်။
(၇) အနောက်အရပ်၌ အင်ကြင်းတောင်။
(၈) အနောက်မြောက်အရပ်၌ မိုးထိတောင်။



www.burmeseclassic.com

www.burmeseclassic.com



(၉) မြောက်အရပ်၌ နတ်ပုတီးတောင်။

တို့ဖြစ်ကြ၏။

ကြေးဆင်းတုတော် တည်ထားကိုးကွယ်ရာ နံကသူလိုဏ်ဂူတော် ပြာသာဒ်နှင့် စေတီတော်၊ ကြေးစည်တောင်၊ ဆူထိုးတောင်၊ တောင်ကိုးတောင်စေတီတော်များနှင့် မဟူရာချောင်းပေါင်းစုံရာ ဒေသများကို တောင်ကမ်းပါးမီးတောင်ဟုခေါ်ပြန်၏။

အဆိုပါ တောင်ကမ်းပါးမီးတောင်သည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့်အနီး ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ၏ အနောက်မြောက်ဘက်၊ မိုင်(၆၀)ခန့်အကွာ၊ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်၊ အနောက်ဘက် မိုင်(၅၀)ခန့်အကွာတွင် တည်ရှိနေသည်ဟု အဆိုရှိ၏။

နံကသူလိုဏ်ဂူတော်ကြီး တည်ရာဖြစ်သော တောင်ကမ်းပါးမီးတောင်သည် ဝိဇ္ဇာဇော်ဂျီတပသီတို့ ပျော်စံရာတောင်တန်းကြီးဖြစ်၏။

ထိုတောင်တန်းကြီးအနီး၌ ပန်းရန့်တို့မှာ ကြိုင်သင်းမွှေးကြိုင်လျက် ရှိကြသည်။ ထိုပန်းများဖြစ်သော ဥသည် ပြဒါးကိုသေစေတတ်သည်ဆို၏။

ပြဒါးစိမ်းနှင့်ရောထိုးပြီး တစ်ဖန် ပြဒါးရှင်ပြန်ဖြစ်လျှင် ထိုပြဒါးလုံးသည် အာကာသသိဒ္ဓိဘဝသို့ရောက်၍ များစွာသော ဣစ္ဆာသယ အလိုရှိရာသို့ ပြည့်စုံနိုင်ဆို၏။

ထိုတောင်ပြသာဒ်၏ ဝေါယဝသူယောင်ရှိနေရာမှ ကျော်လွန်မြောက်လျှင် ရထားလှည်းဘီးခန့်ပမာဏရှိသော ပဒုမ္မာ၊ ကုမုဒြာ၊ ကြာအိုင်ကြီးရှိသည်။ ထိုကြာရန့်တို့ကို နမ်းရှူရသူတို့သည် သဟာသာသုစိန္တာဉာဏစွသဉာဏအကျိုး များပါလိမ့်မည်ဆို၏။

ထို့နောက် မဟူရာချောင်းတစ်ချောင်းရှိသည်။ ထိုချောင်းမှစ၍ တောင်နှင့်မြောက်ကို ကုန်းမောက်မောက်တောင်စွန်းရှိ၏။





ထိုတောင်စွန်းမှ မြောက်စူးစူးအရပ်သို့သွားသော် ချောင်းကလေးတစ်ချောင်း တည်ရှိနေသည်။ ထိုချောင်းကလေးမှ ဝါး(၃)တာအကွာတွင် မှိုက်ခွက်ချော်ပုံရှိသည်။ ယင်းချော်ပုံတွင် နနွင်းနက်ပင်ရှိ၏။

အပင်ရှိရာ မြောက်စူးစူး ဝါးခုနစ်တာခန့်အကွာတွင် ကျောက်ဖျာတောင်ရှိသည်။ ထိုကျောက်ဖျာမှာ ကျောက်စာကမ္ပည်းရှိ၏။

ထိုမှ အနောက်မြောက်ကို ဝါးခုနစ်တာခန့်သွားပြန်လျှင် အရှေ့အနောက်ကန့်လန့်ဖြတ်၍ အင်းလျားရှည်တစ်ခုရှိသည်။ ထိုအင်းတွင် ကြာနီ၊ ကြာနက်ရှိသည်။ ဤသည်မှာ နာ(သို့မဟုတ်)ခဲမဖြူနှင့် ရောစပ်ကာ အလျှံမီးမောက်သုဝဏ္ဏရောက်၏။

ထိုအင်းမှာပင် မိန်းမပျော်ရာပင်ရှိသည်။ ယင်းကို ကန့်နှင့်ထက်အောက်ထိုးရာ၊ သေလေမရဏာနိဗ္ဗာန်ကျသည်။ ထိုအင်း၏တောင်ဘက်မျက်နှာ ကမ်းပေါင်တွင် ဆေးဝါးဖက်ပင်ရှိသည်။ တစ်ပင်လုံးမှာ ခုနစ်ရွက်သာရှိသည်။ တစ်ရွက်လျှင် အလေးချိန်ငါးကျပ်သားရှိသည်။ ထိုအပင်သည် စိန်ဟူသမျှပြာကျ၏။

ယင်းအင်း၏ အရှေ့ဘက်မျက်နှာစာ ကမ်းနီပေါင်တွင် ကန့်ချုပ်နီ၊ နက်၊ ဆိပ်ဖူးနီ၊ နက်တို့ရှိသည်။ ထိုအင်း၏ အနောက်မျက်နှာကမ်းပေါင်မှာ အပြည့်ယူသော် တစ်မူးတစ်ဆယ်လျှင် ကြာပင်စိုက်သော်အန္တိမဖြစ်၏။

အရှင်ကောင်း၊ အရှင်မြတ်တို့ထားရှိခဲ့သော လျှို့ဝှက်ခရီးစဉ်နှင့် သိဒ္ဓိမြောက်ပစ္စည်းများကို ပညာရှိသူတော်ကောင်းအပေါင်းတို့သည် ရှာဖွေဖော်ထုတ်ယူနိုင်သော လောကလူသားများအတွက် ကောင်းကျိုးဖြစ်မည်တည်း။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## နံကသူလိုဏ်ဂူတော်ကြီး၏ လက်ရှိအခြေအနေ

ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီးမှာ နံကသူလိုဏ်ဂူတော်ကြီးကို ခရီးလမ်းဖွင့်ပေးခြင်း၊ နံကသူလိုဏ်ဂူတော်ကြီးအတွင်းသို့ ကြေးဆင်းတုတော်မြတ်ကြီးကို ပင့်ဆောင်တည်ထားကိုးကွယ်ခြင်းနှင့် တရားဓမ္မများကိုအားထုတ်ခြင်း လုပ်ငန်းများ၌ အထူးမွေ့လျော်ခဲ့ပြီး နောက် သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့၏။

ထိုအချိန်မှစ၍ နောက်ပိုင်းကာလများတွင် လူသူအရောက် အပေါက်နည်းပါးလာသည်။ ခေတ်ကာလ မကောင်း၍လည်းကောင်း၊ နေရာကဝေးသဖြင့်လည်းကောင်း မြို့ပြပြည်ရွာများနှင့် အဆက်အသွယ် ပြတ်ခဲ့ပြန်၏။

ယင်းနံကသူလိုဏ်ဂူတော်ကြီးကို ဒုတိယအကြိမ်အဖြစ် ခရီး ဖောက်ပေးခဲ့သူမှာ ဆရာဦးသုတော်ဖြစ်၏။

❋ ❋ ❋ ❋ ❋

## ဆရာဦးသုတော်

ဆရာဦးသုတော်သည် ၁၉၆၆–ခုနှစ်မှစ၍ အင်္ဂပူမြို့နယ်၊ မြင်းဝိုင်းတောင်၊ မျှော်တော်ယောင်တောင်၊ ရွှေလှေတောင်နှင့် ကွင်းကောက်ဒေသတစ်ဝိုက်တွင် သာသနာပြုလုပ်ငန်းများကို လုပ်ဆောင် နေသူတစ်ဦးအဖြစ် ထင်ရှားသည်။ လောကီလောကုတ္တရာ အလုပ်များကို အထူးအားထုတ်ခဲ့၏။

အခြားသောအရပ်ဒေသများတွင်လည်း အခါအားလျော်စွာ သာသနာကိစ္စရပ်များတွင် ပါဝင်ကူညီဆောင်ရွက်နေသူလည်း ဖြစ်သည်။ ထိုမှတစ်ဖန်ခြေဆန့်ပြန်၍ ၁၉၇၆–ခုနှစ်ခန့်တွင် နံကသူလိုဏ်ဂူတော်ကြီး သို့ ခရီးဆက်ခဲ့ပြန်၏။

နံကသူလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိသွားချိန်တွင် လှိုဏ်ဂူ တော်ကြီးမှာ တောအတိဖုံးလွှမ်းနေပြီး သားရဲတိရစ္ဆာန်များက ပေါ်များ လျက်ရှိ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေရန်၊ စားရန်နေရာထိုင်ခင်း လုံးဝအလျဉ်းမရှိ။ လိုဏ်ဂူတော်အတွင်း၌ လင်းနို့များ၊ လင်းနို့ချေးများမှာ လူတစ်ရပ်ခန့်ရှိနေပြီး ထူပြောများပြားနေ၏။

ဤနေရာ ဤဒေသ စိမ့်ကြီးမြိုင်ကြီး၏ အအေးဓါတ်ရိုက်ခတ်မှုကြောင့် မီးဖိုကို နေ့ရောညပါ မီးဖိုထားရှိရ၏။

မိမိသယ်ပါလာသမျှသော တူရွင်း၊ ဓား၊ ပေါက်တူး ပေါက်ပြားများဖြင့် သစ်ပင်ကြီးငယ် မြက်ချုံပုတ်ကို ရှင်းလင်းကြရသည်။ လင်းနို့ချေးများကိုလည်း သယ်မယူကာ ဖယ်ရှားပစ်သည့် အလုပ်လုပ်ကြရသည်။ ဤသို့ဖြင့် တစ်နေ့တာကုန်ပြီးနောက် ကောက်ညှင်းထုပ်နှင့် ရေနွေးကြမ်းကို အမောပြေစားသောက်ကြရ၏။

ညချမ်းအချိန်အခါများတွင် နံ့ကသူလိုဏ်ဂူကြီး၏ သမိုင်းအကြောင်းအရာတို့ကို ဆွေးနွေးပြောကြားခြင်း၊ တရားဓမ္မများကို ဆွေးနွေးခြင်း၊ တရားဘာဝနာများကို ကျင့်ကြံအားထုတ်ကြခြင်းဖြင့် တစ်ညတာ ကုန်ဆုံးရပြန်၏။

ဤသို့ဖြင့် တစ်နှစ်တာမျှအထိ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လုပ်ဆောင်ခဲ့ရာ နံ့ကသူလိုဏ်ဂူတော်အနီးတစ်ဝိုက်သည် အနေတင့်တယ်အောင် ရှင်းလင်းသုတ်သင်ခဲ့ကြသည်။ ဆရာဦးသူတော်သာသနာပြုအဖွဲ့၏ နှစ်စဉ်နှစ်တိုင်း ကြိုးပမ်းအားထုတ်မှုကြောင့် ယခင်ကရှိခဲ့သော ''ခရီးလမ်းနှစ်သွယ်''ပြန်လည်ပြီး ဖော်ထုတ်နိုင်ခဲ့၏။

❋ ❋ ❋ ❋ ❋

## ခရီးလမ်းနှစ်သွယ်

နံ့ကသူလိုဏ်ဂူတော်ကြီးသို့ သွားရောက်ရန်လမ်းမှာ ခရီးလမ်းနှစ်သွယ်ရှိ၏။

ခရီးလမ်းတစ်သွယ်မှာ ပုသိမ်မှ ငါးသိုင်းချောင်းမြို့ကိုဖြတ်၍ ကားဖြင့်ခရီးဆက်ပြီး ငါးသိုင်းချောင်း၏ တစ်ဖက်ကမ်းသို့ ဖောင်ဖြင့်ကူးကာ ကွင်းကောက်ကျေးရွာအထိ ခရီးဆက်ရ၏။

ကွင်းကောက်မှ တစ်ဖန် သပြေပင်ရွာသို့ ဆက်သွားပြီး သပြေပင်ရွာမှ နွားလှည်းဖြင့် သုံးနာရီခန့်ဆက်မောင်းလျှင် လှည်းဆိပ်သို့ ရောက်ရှိ၏။

လှည်းဆိပ်မှ တစ်ဆင့် တစ်နာရီခန့်မျှ ကျောက်ဆောင်များ၊ စမ်းချောင်းများတစ်လျှောက် ခြေလျင်လျှောက်လျှင် ကျွဲစော်စခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိပြီး၊ ကျွဲတက်စခန်းမှ လေးနာရီခန့်အထိ ခရီးဆက်လျှင် ဂူကြီး စခန်းသို့ ရောက်ရှိနိုင်၏။

အခြားခရီးတစ်လမ်းမှာ ပုသိမ်မှ ဟသ်ာတသို့ ရထားဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ၊ ခရီးဆက်ပြီး ဟသ်ာတမှ ကွင်းကောက်သို့ ထိုမှတစ်ဖန် မြင်းစိုင်းကျေးတောင် ခရီးစဉ်အတိုင်း အနောက်ရိုးမတောင်ပေါ်ရှိ ဂူကြီး စခန်းသို့ တက်ရောက်နိုင်၏။

အထက်ပါ ခရီးစဉ်နှစ်ခုလုံး၌ လမ်းခရီးတွင် ညအိပ်ရပ်နားပြီး၊ နံနက်စောစောထ၍ ခရီးဆက်ရသည်။ နံနက်ခင်းခရီးသည် အမောပြေ လန်းဆန်းကာ ခရီးတွင်လှ၏။

✻ ✻ ✻ ✻ ✻

**<u>စခန်း (၁၂)ခု</u>**

တောင်ယံအမြင့်ပိုင်းကို စတင်တက်ရာတွင် စခန်း (၁၂)ခန်းကို ဖြတ်သန်းရ၏။

ယင်းတို့မှာ . . .

(၁) ကျွဲတက်
(၂) ပုံတောင်ကြီး
(၃) ပုံတောင်လေး
(၄) ကြောင်လွှယ်လေး
(၅) ကြောင်လွှယ်ကြီး
(၆) နွယ်ငွ
(၇) ရွာဆွဲ



www.burmeseclassic.com

www.burmeseclassic.com



(၈) ဆင်လှူး

(၉) မုဆိုးလမ်းခွဲ

(၁၀) အင်ကြင်းတောင်ခွဲ

(၁၁) ညောင်တံခါး

(၁၂) နံ့ကာသူလိုဏ်ဂူတော်ကြီး

တို့ဖြစ်ကြ၏။

တောင်ပေါ်သို့ တက်ရောက်ရာ လမ်းတစ်လျှောက်တွင် ကျွန်း၊ ပျဉ်းကတိုးနှင့် ဝါးပင်များ ထူထပ်စွာပေါက်ရောက်လျက်ရှိ၏။

တောနက်လှသော်လည်း ကျေးငှက်သာရကာများမှ အပ၊ ကြောက်မက်ဖွယ်ရာ တောကောင်ကြီးများကို အကြောင်းမဲ့မတွေ့နိုင်ခြင်း၊ တောင်ပေါ်သို့ တက်ရောက်ရာ လမ်းတစ်လျှောက်တွင် ဝါးပင်များသည် လယ်ယာဘက်မှ ပေါက်နေခြင်းများကို ထူးခြားစွာမြင်တွေ့နိုင်၏။

ဤမျှမြင့်မားသော ချောက်ကမ်းပါးကြီးပေါ်တွင် သိမ်ကျောင်း၊ ဇရပ်များဖြင့် ခန့်ညားထည်ဝါစွာ မြင်တွေ့ကြရ၏။

နံ့ကာသူလိုဏ်ဂူတော်ကြီး၏ မြင့်မားဝင့်ကြွားလျက်ရှိသော တောင်ထွတ်ပေါ်တွင် သာသနာ့ဗိမာန်၊ သာသနိကအဆောက်အဦးများနှင့် ဘုရားစေတီပုထိုးတော်များ တည်ထားပူဇော်ကြသူတို့အား လွန်စွာမှ ချီးမွမ်းဖွယ်ဖြစ်၏။

လူတစ်ကိုယ်သက်သက်ပင် လွန်စွာပင်ပန်းစွာသွားလာရသော ခရီးလမ်းဝယ်၊ သာသနာတော်အတွက် ပင်ပန်းကြီးမား ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြသော သာသနာပြုပုဂ္ဂိုလ်ထူးများ၏ လုံ့လ၊ ဝီရိယကို အံ့သြခန်းဖွယ်ဖြစ်နေတော့၏။

ထိုစခန်းသို့ သာသနာပြုရန် ရောက်ရှိလာကြသော အမျိုးသားများက အဖြူရောင်ဝတ်စုံဖြင့်လည်းကောင်း၊ အမျိုးသမီးများက အညိုရောင် ယောဂီအဝတ်များကို ဝတ်ဆင်၍လည်းကောင်း၊ သီလကို





လုံခြုံအောင် စောင့်ထိန်းကြပြီး အသီးအရွက်များကိုသာ စားသုံးကြကာ မေတ္တာဘာဝနာများကို ပွားများရကြောင်း သိရှိရ၏။

တောင်ထိပ်မှ နာရီဝက်ခန့် တောင်အောက်သို့ပြန်ဆင်းလာလျှင် ရှည်လျားသွယ်တန်း ကြည်လင်အေးမြသည့် စမ်းချောင်းကို မြင်တွေ့ရ၏။

ထိုစမ်းချောင်းသည် နံ့ကာသူလိုဏ်ဂူထိပ်မှ စီးဆင်းဝေဖြာကျဆင်း၍ လာခဲ့သည်။ သပြေပင်ရွာအထိ နံ့ကာသူချောင်းဟူ၍ အမည်တွင်ပြီး ဆက်လက်စီးဆင်းနေကြောင်း မြင်တွေ့ရ၏။

စမ်းချောင်း၏ တစ်ဖက်တစ်ချက်တို့တွင် မြင့်မားဝေသီသော တောင်ကမ်းပါးယံကြီးများနှင့် အနိမ့်အမြင့် အဆင့်ဆင့်ပေါက်ရောက်နေကြသည့် သစ်ပင်ကြီးများ၊ ဖြူနီဝါပြာရောင်စုံဖြစ်သော ပန်းများက ရှုခင်းများ၊ ကျေးငှက်သာရကာများ၏ တွန်မြူးဟစ်ကြွေးသံများကြောင့် အလွန်လှပသော သာယာကြည်နူးမြင်တွေ့ရ၏။

ထို့အတူ နံ့ကာသူစမ်းရေအေးကို သောက်သုံးချိုးကြသူများသည် (၉၆)ပါးသော ရောဂါဝေဒနာဘေးမှ ဝေးကွာတတ်သည်ဟု အဆိုရှိ၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ဆွမ်းစားဂူ

ရေချိုးဆိပ်မှ (၁၀)မိနစ်ခန့် အထက်သို့ဆက်လျှောက်သွားပါလျှင် ဆွမ်းစားဂူသို့ဟု အမည်ရသော လူတစ်ယောက်စာ မတ်ရပ်နေသာသည့် ဂူငယ်တစ်လုံးကို မြင်တွေ့ရသည်။ အဆိုပါ ဂူနှင့် ပတ်သက်၍ အစဉ်အလာအားဖြင့် ပြောဆိုမှတ်သားဖူးသည့် အကြောင်းအရာမှာ၊ ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီး လွန်လေခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်မှစ၍ တစ်ကိုယ်တည်းတောရဆောက်တည်စဉ်က ဆွမ်းဘုဉ်းပေးရာ လိုဏ်ဂူကြီးဖြစ်ကြောင်းသိရှိရ၏။

❋ ❋ ❋ ❋ ❋

## ရတနာဂူ

ရေချိုးဆိပ်မှ ပြန်လည်တက်ရောက်လာရာလမ်းတွင်ပင် ရတနာကို မြင်တွေ့ရသည်။ ရတနာဂူအဝင်ဝသည် ကြောင်လိမ်ဆစ်ချိုးပုံစံဖြစ်၏။

အတန်ငယ်ကျဉ်းမြောင်းသည်။ ခန္ဓာကိုယ်ကို အသာလှည့်၍ ခေါင်း၏ အတွင်းပိုင်းသို့ဝင်ရောက်ရသည်။ မြေအောက်တွင် လူ(၃)ဦး ထိုင်နေရာသာဆံ့သည့် မြေအကျယ်အဝန်းကို မြင်တွေ့ရ၏။

ဂူအတွင်းသို့ အလင်းဖယောင်းတိုင်၊ လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် ဝင်ရောက်သည့်အခါ ပြိုးပြိုးပြက်ပြက်ဖြင့် လှပဆန်းကြယ်သော ရတနာများ၏ အရောင်အဆင်းကဲ့သို့သော ဂူအတွင်းတွင် တဖျပ်ဖျပ် တောက်ပနေသည်ကို မြင်တွေ့ရ၏။

ထူးခြားသည်မှာ ဂူ၏အတွင်းနံရံများ ကတ္တီပါသားကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ပျော့ အိလျက်ရှိပြီး ဂူအတွင်းမှာ အတန်ငယ်ကျဉ်းသော်လည်း ခန္ဓာကိုယ်အနည်းငယ်ဝဖြိုးကြီးထွားသူများပင် ဝင်ရောက်ခြင်း။ ဂူအတွင်းတွင် သဲဖြူများခင်း၍ သန့်ရှင်းချောမွေ့နေပြီး ဂူအပြင်ပိုင်းကိုမူ သက်ရင့်ကျောက်တောင်များဖြင့် ဖွဲ့စည်းထားသည်ဖြင့်တွေ့ရ၏။

✻ ✻ ✻ ✻ ✻

<u>ဆေးဂူ</u>

ရတနာဂူအပေါ်ပိုင်းသို့ ဆက်လျှောက်လျှင် ဆေးဂူသို့ရောက်ရှိနိုင်၏။

ဆေးဂူသည် လှေကားရှစ်ထစ်မျှဆင်းရသော အတန်ငယ်နက်လှသည့် လိုဏ်ဂူတစ်ခုဖြစ်သည်။ လှူတစ်ထိုင်သာသာမျှသာ မြင့်သည်။ အတွင်းပိုင်းတွင် ထိုင်နေမည်ဆိုပါက လူ(၁၀)ယောက်ခန့်ဆံ့၏။

အဆိုပါဂူအတွင်းပိုင်းတွင် ဖြူဖွေးနေသော ကျောက်ပန်းခက်များ၊ ကျောက်ခက်များမှာ ဖြာထွက်ကျဆင်းနေပြီး အပေါ်နံရံအားလုံးတွင် အညိုရည်များစို့ထွက် စိမ့်ဆင်းလျက်ရှိနေသည်ကို နေရာအနှံ့အပြားသို့ လှည့်လည်၍ လျှာဖြင့်တို့စမ်းကြည့်လျှင် ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငံ ဟူသော ရသ(၆)မျိုးကိုတွေ့ရပြီး ထိုအရသာတစ်မျိုးကို ဖြစ်ပေါ်စေ၏။

✻ ✻ ✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## အောက်လိုဏ်နှင့်ရွှေစေတီ

နံ့ကသူအောက်လိုဏ်ဂူတော်ဖြစ်သည်။ မြေအောက်သို့ (၇)တောင်အနက်ခန့် တဖြည်းဖြည်းမိုဆင်း၍ လှေကားထစ်များသဖွယ် ဆင်းလျက် ရှည်လျားကျယ်ပြန့်သော ဂူလိုဏ်ကြီးအဖြစ် မြင်တွေ့ရ၏။

မြေပြင်မှာ ညီညာသော်လည်း လင်းနို့ချေးများ၊ လင်းနို့များ ထူထပ်စွာရှိသည်။ အတွင်းပိုင်းတွင် ရွှေရောင်တဖိတ်ဖိတ်လျှမ်းပနေသည့် ဉာဏ်တော်သုံးတောင်တစ်ထွာမြင့်မားသည့် စေတီတော်တစ်ဆူကို ဖူးတွေ့ရ၏။

ကျောက်လိုဏ်ဂူအထပ်များကြားတွင် စပါးကြီး၊ စပါးအုံးမြွေကြီးများကို အချွေလိုက်ငြိမ်သက်စွာရှိနေပြီး တစ်စုံတစ်ရာမှ အန္တရာယ်မပြုကြောင်းကို မြင်တွေ့နေရ၏။

❋ ❋ ❋ ❋ ❋

## ဘုရားဂူ

အဆိုပါဂူသည် အတောင်သုံးဆယ်ခန့် ရှည်လျားကျယ်ဝန်းသည်။ ပိန္နဲကွင်းတောရ ဆရာတော်ဘုရားကြီး ပင့်ဆောင်ကိုးကွယ်ပူဇော်အပ်သော ကြေးဆင်းတုတော်ကြီးကို ကြည်ညိုဖွယ်၊ သပ္ပာယ်လှစွာ ဖူးတွေ့ရသည်။ အေးချမ်းငြိမ်သက်မှုရှိသဖြင့် တရားအလုပ်စခန်းကို ကောင်းစွာပြုလုပ်နိုင်သော နေရာဖြစ်၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## လှိုဏ်ဂူ

ထိုဂူကြီးမှာ အဝင်ဝတွင် ရာဝင်အိုးကြီးခန့်ရှိ ကျောက်တုံးကြီးမှာ ယခင်အခါက တွဲလွဲအနေအထားရှိနေရာမှ ယခုအခါတွင် အောက်သို့ ပြုတ်ကျပြီး အဝတွင် တံခါးသဖွယ်ပိတ်ဆို့ထားပြီး ဖြစ်နေသည်။ အတွင်းသို့ ဝင်ရောက်ကြည့်ရှုရန် မဖြစ်တော့ပြီ။

ထိုဂူကြီးထဲသို့ ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီးနှင့် ဆရာဦးသူတော်တို့နှစ်ဦးသာ ဝင်ရောက်သွားလာဖူးကြောင်း သိရှိရ၏။

ဤတွင် နံကာသူလိုက်ဂူတော်ကြီး လာရာလမ်းတစ်လျှောက်တွင် ခရီးတစ်ထောက်သဖွယ် ရပ်နားအပန်းဖြေရင်း ကုသိုလ်ဘာဝနာပွားနိုင်သည့် တောင်စခန်းအချို့ကိုလည်း မြင်တွေ့နိုင်၏။

* * * * *

## မြင်းစိုင်းတောင်

မြင်းစိုင်းတောင်သည် အင်္ဂပူမြို့နယ်တွင် ကွင်းကောက်ကျေးရွာနှင့် (၃)မိုင်ခန့်အကွာတွင်ရှိ၏။

ထိုတောင်၏ ရှေးနာမည်ဟောင်းမှာ နိဗ္ဗန္ဒတောင်ဟူ၍ နာမည်တွင်ခဲ့သည်။ ပင်းယဖယျာသိခ်မင်းလက်ထက်တွင် ပဉ္စသကျော်ကာအမည်ရသော အမတ်တစ်ဦးသည် မဟာဝိဇ္ဇာအတတ်ဖြင့် ထွက်ရပ်လမ်းပေါက်ခဲ့သော ဆေးပေပုရပိုက်ကိုရရှိခဲ့၏။

အမတ်ကြီးသည် ဆေးပုရပိုက်ပါလုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ချယုံကြည်ရမည့် အမတ်ပုဂ္ဂိုလ်(၃၆)ဦးတို့ကို စိစစ်ရွေးချယ်ခဲ့၏။

အမတ်ကြီးသည် သူနှင့်အတူ အပေါင်းပါပုဂ္ဂိုလ် (၃၇)ဦးတို့သည် တစ်တောဝင် တစ်တောင်တက် တစ်တောင်ဆင်း တစ်တောင်တက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်လာခဲ့ရာ ခက်ခဲပင်ပန်းစွာဖြင့် နှစ်ကာလရှည်ကြာစွာ ခရီးဆက်ခဲ့ကြရ၏။

တစ်နေ့တွင် ယခုမြင်းစိုင်းတောင် ရှေးယခင်ကအခေါ် နိဗ္ဗန္ဒတောင်သို့ရောက်ရှိသွားခဲ့သည်။ တောင်ပေါ်တွင် ဆေးပုရပိုက်ပါ သစ်ပင်ဆေးဝါးပစ္စည်းများတို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် အထူးပင် ကြိုးပမ်းအားထုတ်ခဲ့ရာ ဆေးဝိဇ္ဇာအတတ်ဖြင့် ထွက်ရပ်ပေါက်ခဲ့၏။

ထွက်ရပ်လမ်းကိစ္စများပြီးခါနီးတွင် နိဗ္ဗန္ဒတောင်ပေါ်တွင် ကိုးနဝင်းကြေကိုးတောင်ပြည့်စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြ၏။

ထိုစေတီတော်တွင် ရွှေခွက်ပေါင်း (၃၆၀၀)နှင့် ငွေခွက်ပေါင်း (၃၆၀၀)တို့ကို ထည့်သွင်းဌာပနာခဲ့ပြီး မီးထုံကူးစက်ဖြင့် ကိစ္စရပ်များကို ဆောင်ရွက်ပြီးမှ ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့ကြကြောင်း လေ့လာသိရှိရ၏။

ထိုစေတီတော်အား ဖူးမြော်ကြည့်ပါလျှင် အနောက်ဘက်မှ ဖူးမြော်တောင်၊ တောင်နှင့်မြောက်သို့ ကိုင်းနေဟန်တို့လည်းကောင်း၊ တောင်နှင့်မြောက်ဘက်မှဖူးလျှင် အရှေ့နှင့်အနောက်သို့ ကိုင်းညွတ်နေဟန်ကို ဖူးတွေ့ရသဖြင့် ဘုရားကိုင်းကိုင်းဟု အမည်တွင်လာခဲ့ပြန်၏။

တစ်ဖန် ထိုစေတီတော်သို့ ညနေချမ်းအချိန်တွင် နေ့ခြားရက်ခြား တစ်ခါတစ်ရံ လပြည့်လကွယ်နေ့များတွင် အနောက်ဂိုးမတောင်တန်းဆီမှ အညိုရောင်၊ အဖြူရောင်၊ မီးခိုးရောင်အဝတ်များ ဆင်မြန်းလျက်ရှိသောပုဂ္ဂိုလ်များည် အရောင်အသွေးမျိုးစုံသော မြင်းများကိုစီးလျက် ထွက်လာကြပြီး ထိုစေတီတော်အား လာရောက်ဖူးမြော်တတ်ကြ၏။

တောင်တန်းပေါ်မှဆင်းပြီး ရိုးပြတ်ပေါ်မှ ဖြတ်သန်း၍ ရောက်ရှိလာသောပုဂ္ဂိုလ်တို့သည် လူသာမန်များမဟုတ်နိုင်ပါ။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နတ်များဖြစ်ကြောင်းနှင့် နတ်မြင်းပျံများဖြစ်ကြောင်း မြင်ဖူးတွေ့ဖူးကြုံဖူးခဲ့သူများက တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြောဆိုသံများနှင့်အတူ





ထိုတောင်ကို မြင်းစိုင်းတောင်ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်ဆို၏။

ထိုစေတီတော်နှင့် ထိုတောင်၏ ထူးခြားဆန်းကြယ်အံ့ဖွယ်ဖြစ်ရပ်များစွာကြောင့် ယခုအခါ နိဗ္ဗန္ဒတောင်မှသည် ဘုရားကိုင်းကိုင်း မြင်းစိုင်းတောင်သည် အမည်တွင်လျက်ရှိနေ၏။

မြင်းစိုင်းတောတောင်တွင် ဆရာဦးသူတော်တို့ သာသနာပြုအဖွဲ့သည် နှစ်ပေါင်း(၂၀)ခန့်မှစပြီး ယိုယွင်းပျက်စီးနေသည့် စေတီတော်ကြီးအား မွမ်းမံပြင်ဆင်ခြင်း၊ ထီးတော်အသစ်များကပ်လှူခြင်း၊ အုတ်တံတိုင်းများကာရံခြင်းစသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ကြ၏။

မြင်းစိုင်းတောတောင်တွင် ယခုအခါမြင်တွေ့ရသည့် ဆေးဝါးပင်များမှာ ဘုမ္မရာဇာ၊ ပိတ်ချင်း၊ ပြင်းတိုကား ကန့်ချုပ်နီပင်များဖြစ်ကြသည်။ မြင်းစိုင်းတော တောင်ခြေတွင် အစွမ်းထက်ခြင်းအမည်ရသော ရေအိုင်တစ်အိုင်ကိုလည်း မြင်တွေ့ရ၏။

ထိုအိုင်ငယ်နှင့်ပတ်သက်၍ ပါးစပ်စကားအရ သိရဖူးသည်မှာ ပုဂံပြည်(ပေါက္ကံ)မှ ထွက်ရပ်ပေါက် အရှင်အဇ္ဈဂေါဏမထေရ်သည် တပည့်မ မယ်သော်တာကို လောကီဝိဇ္ဇာပညာရပ်များကို သင်ကြားပေးရန်အတွက် ခေါ်ဆောင်လာရာ လမ်းခရီးတွင် တစ်ထောက်နားရာ ဒေသဖြစ်ကြောင်း၊ မယ်သော်တာ၏ ဆွမ်းချက်ကပ်ရာ နေရာတစ်ခုဖြစ်၍ ဆွမ်းချက်အင်းဟုလည်း အမည်တွင်ကြောင်းကြားသိရ၏။

မြင်းစိုင်းတောင်နှင့် မျှော်တော်ယောင်တောင်ကြားတွင် ရသေ့တွင်းခေါ်သော ရေတွင်းငယ်တစ်လုံးရှိသည်။ အုန်းပင်ချောင်ရွာသားတစ်ဦးသည် ရသေ့ဝတ်၍ထွက်ရပ်ပေါက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စဉ်က တူးဖော်ခဲ့သော ရေတွင်းငယ်ဖြစ်၍ အစဉ်သဖြင့်ရေများစိမ့်ထွက်လျက်ရှိကြောင်း၊ ရေမပြတ်ကြောင်း၊ ရေမခန်းကြောင်းသိရှိရ၏။

✻ ✻ ✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်နှင့် သာသနာပြုအဖွဲ့သည် စေတီတော်အား ဉာဏ်တော်(၂၇) တောင်အမြင့်ဖြင့် ပြန်လည်မွမ်းမံတည်ထားသည်။ ဓမ္မရိပ်သာနှစ်လုံး ဇောင်းပင်နှင့် ဓမ္မစကြာပုံတော်ရုပ်ပွားတော်များ ကိုးကွယ်ခဲ့သည်ဟု သိရှိရ၏။

✽ ✽ ✽ ✽ ✽

<u>မျှော်တော်ယောင်တောင်</u>

မူလက ဘူးပင်များပေါက်ခဲ့သဖြင့် ဘူးတောင်ဟုခေါ်သည်။ တောနက်၍ သားကောင်များကျက်စားခဲ့သည်။ ထိုမှတစ်ဖန် ပထမမြင်းစိုင်းတောင်ဆရာတော်ကြီးမှ တောင်ညိုတောင်ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့သည်။ ရေချိုတွင်းတစ်တွင်း တူးဖော်ခဲ့၏။

ဆရာတော်ဘုရားကြီးသည် တောရဆောက်တည်စဉ်ကာလတွင် ထွက်ရပ်ပေါက်သူတော်စင်များသည် ထိုတောင်ပေါ်သို့ ကြွရောက်လာကြမည်ဖြစ်ကြောင်း၊ မျှော်လင့်စောင့်စားနေသင့်ကြောင်း အာရုံနိမိတ်ပေါ်လာသဖြင့် မျှော်တောင်ယောင်တောင်ဟု အမည်တွင်စေခဲ့ကြောင်း။ ယင်းအထိမ်းအမှတ်အဖြစ် ဉာဏ်တောင် (၈)တောင်ရှိသော စေတီတော်တစ်ဆူအားတည်ထားသည်ဟု သိရှိရ၏။

လွန်လေခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကာလက ဆရာ



www.burmeseclassic.com

www.burmeseclassic.com

**ရွှေလှေတောင်**

ရေးယခင်က ပင်လယ်ပြင်ထိပ်တွင် တည်ရှိခဲ့သည်။ ရေများခန်းခြောက်ပြီး တောင်ကုန်းငယ်တစ်ခုပေါ်ပေါက်ခဲ့သည်။ ထိုတောင်သည် လှေဦးနှင့် လှေပဲ့သဏ္ဍာန်ပေါ်နေသဖြင့် ရွှေလှေတောင်ဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ တောင်၏ ဦးခေါင်းတွင် စေတီတော်တစ်ဆူနှင့် တောင်ဘက်ပဲ့ပိုင်းတွင် စေတီတော်တစ်ဆူ တည်ထားလျက်ရှိ၏။

မည်သူက မည်သည့်အချိန်အခါက တည်ထားခဲ့သည်ကို မှတ်မိသူမရှိ။ ရွှေလှေတောင်သည် မြင်းစိုင်းတောင်နှင့်ဆက်သွယ်မှုရှိခဲ့၏။

အနောက်ရိုးမဘက်ဆီမှ မြင်းစီးလာကြသော ပုဂ္ဂိုလ်များသည် မြင်းစိုင်းတောတောင်ပေါ်ရှိ စေတီတော်ကို ဖူးမြော်ပြီးသည့်အခါ အချို့မှာ အနောက်ရိုးမဆီသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။ အချို့မှာ ရွှေလှေတောင်စေတီတော်ကို ဖူးမြော်ကြသည်ဟူ၍လည်း ကြားသိရ၏။

စိတ်ကူးသစ်စာပေ



လွန်ခဲ့သောအနှစ် (၂၀)ကျော်ကာလက ဆရာဦးသူတော်နှင့် သာသနာပြုအဖွဲ့သည် အေးစေတီနှင့်အောင်စေတီတို့အား ပြန်လည်ပြုပြင်ခဲ့ကြပြီး တောင်ဝမ်းပိုင်းတွင် ရိပ်သာတစ်ခုပြုစုတည်ခဲ့သည်ဟု သိရှိရ၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ကညင်ပင်ကွင်းတောင်

မြင်းစိုင်းတောင်မှ နံကသူသို့သွားရာလမ်းခရီးတွင် တည်ရှိပြီး (၁၀)တောင်အမြင့်ရှိသော မာန်အောင်စေတီတော်ကို တောင်ထိပ်တွင် တည်ထားၿပီ။

ကညင်ပင်ကွင်းတောင်မှ ရှေ့သို့ဆက်လေသော် စေတီတော်ကုန်းများသို့ရောက်ရှိပြီး ပထမပိန္နဲကွင်းတောရဆရာတော်ဘုရားကြီး တည်ထားခဲ့သော နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များကို ဖူးတွေ့ရသည်။ ၎င်းတွင် ဆရာဦးသူတော်နှင့် သာသနာပြုအဖွဲ့သည် မြတ်ဗုဒ္ဓစေတီတော်ကို အသစ်တစ်ဖန်မွမ်းမံပြင်ဆင်တည်ထား ကိုးကွယ်ခဲ့ကြ၏။

ဤသို့ဖြင့် တောအထပ်ထပ် တောင်အသွယ်သွယ်တို့တွင် ခရီးများကို ဖြတ်သန်းကျော်သွား၍ သာသနာ့မဏ္ဍိုင်ဘုရား၊ စေတီပုထိုး ရုပ်ပွားတော်များကို တည်ထားကိုးကွယ်ခဲ့သော ပါရမီရှင်သူတော်ကောင်း





များ၏ ကုသိုလ်ရေးလုပ်ရပ်များအား မှတ်တမ်းမော်ကွန်းတင်ဖွယ်ရာ ဖြစ်ပါပေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အကျွန်ုပ်နှင့် နံကသူလိုဏ်ဂူတော်

တောင်းဆုပြည့်စုံ ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ တန်ဆောင်းတွင် ဆရာဦးသူတော်နှင့် သာသနာပြုအဖွဲ့ ရောက်ရှိနေစဉ်ကာလကဖြစ်သည်။ ထိုစဉ် ဆရာဦးသူတော်နှင့် အကျွန်ုပ်တို့သည် တွေ့ဆုံခဲ့ကြ၏။

ဆရာဦးသူတော်က အကျွန်ုပ်အား စာပေများရေးသားပြုစုနေသော စာရေးဆရာတစ်ယောက်မှန်းသိရှိ၍ သူသွားလာ၍ သာသနာပြုအဖွဲ့နှင့် သာသနာပြုခဲ့သော ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ၊ အနောက်မြောက်ဘက် မိုင်(၆၀)ခန့်အကွာ၊ အနောက်ရိုးမတောင်တန်းကြီးပေါ်ရှိ ကျောက်သားအတိပြီး၍ ဆုလစ်မွန်းချွန်အခက်အလက်တို့ဖြင့် ထူးခြားဆန်းကြယ်အံ့ဩဖွယ်ကောင်းသည့် နံကသူကျောက်သားလိုဏ်ဂူတော်ကြီးအကြောင်းကို အသေးစိပ်ရှင်းလင်းပြောပြ၏။





အကျွန်ုပ်သည် နံကသူကျောက်သားလိုဏ်ဂူတော်ကြီး အသေးစိပ်သိရှိရန် အလွန့်ကိုစိတ်ဝင်စားသွားတော့၏။

ထိုအခါ ဆရာဦးသူတော်က . . .

"ဒါဖြင့် ဒီလိုလုပ်ပါလား။ ဆရာက ဟိုအရပ်ဒေသမှာ အပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟမရှိလို့ အသွားရခက်နေရင် နောက်သုံးရက်ဆို ကျွန်တော်တို့ သာသနာပြုအဖွဲ့ နံကသူလိုဏ်ဂူတော်ကို ပြန်တော့မယ်။ ဆရာကလိုက်ပြီး နံကသူလိုဏ်ဂူတော်ကြီးအကြောင်းကို လေ့လာခြင်ရင်၊ ဒါမှမဟုတ် အမိဋ္ဌာန်ဝင်ခြင်ရင် ဘာမှအားမနာနဲ့ ကျွန်တော်တို့ သာသနာပြုအဖွဲ့နဲ့ တစ်ပါတည်းလိုက်ခဲ့။ ဆရာ ခရီးစရိတ်လည်း တစ်ပြားမှ မကုန်စေရဘူး။ စားရေး၊ သောက်ရေး၊ ကျန်းမာရေး ဆေးဝါးကအစ ကျွန်တော်တို့သာသနာပြုအဖွဲ့က ဆရာအတွက် အကုန်တာဝန်ယူပါတယ် . . ."

ဟူ၍ စေတနာကောင်းနှင့် ပြောကြားပါ၏။

အကျွန်ုပ်အတွက်တော့ စိုင်ကော်၍ချုပေါ်ရောက်သည်ဟု ဆိုရမည်ထင်ပါသည်။ အကျွန်ုပ်၏ပင်ကိုယ်ဝါသနာကား ခရီးသွားလာနေမှုကို ပျော်မွေ့သည်။ ပင်ပန်းနွမ်းသည်ဟု မည်သည့်အခါကမှ သဘောမထားခဲ့ပါ။ လူဆိုသည်မှာ အရွယ်ရှိတုန်း သွားနိုင်တုန်းသွားထား၊ စားနိုင်တုန်းစားထားဆိုသြဝါဒကို လက်ကိုင်ထားသူဖြစ်၏။

ထို့အတွက်ကြောင့် အကျွန်ုပ်သည် ပွင့်လင်းရာသီဆိုလေလျှင်၊ မြန်မာနိုင်ငံအရပ်ရှိ တောအထပ်ထပ်တောင်အသွယ်သွယ်ရှိ ထူးခြားအံ့ဖွယ်ဘုရားစေတီပုထိုးများသို့ မရောက်ရောက်အောင်သွားရှိပြီး ဂန္ဓာရီခရီးလှည့်လည်ကာ ပုတီးအမိဋ္ဌာန်ဝင်ခဲ့၏။

သာသနာပြုနေသော ဆရာဦးသူတော်၏ ဖိတ်ခေါ်ချက်ကို ရှည်ရှည်ဝေးဝေးစဉ်းစား၍မနေတော့ဘဲ နောက်သုံးရက်ရောက်သောအခါ အကျွန်ုပ်သည် ကချင်လွယ်အိတ်တွင် အဝတ်အစားနှစ်စုံထည့်၍ ဂဏ္ဍုငွေ



www.burmeseclassic.com

www.burmeseclassic.com



များထည့်ကာ ဂန္ဓာရီခရီးထွက်လေတိုင်း အမြဲတမ်းကိုင်ဆောင်လေ့ရှိသော အဖော်မွန်ဓါးတောင်ဗေး လက်ကိုင်တုတ်လေးကိုယူကာ ဆရာဦးသူတော်တို့၏ သာသနာပြုအဖွဲ့နှင့် နံ့ကသူလိုဏ်ဂူတော်ကြီးသို့ လိုက်ပါသွားခဲ့၏။

ယခင်ကဆိုလေလျှင် အကျွန်ုပ်ဂန္ဓာရီ ခရီးထွက်လေတိုင်း တိုင်ပင်ဖော်၊ တိုင်ပင်ဘက် တပည့်ကျော် စောဘီလူးသည် အမြဲလိုက်ပါလေ့ရှိသည်။ ယခုဂန္ဓာရီခရီးတွင်မူ စောဘီလူးသည် ခရီးလွန်နေ၍ မလိုက်ပါနိုင်ခဲ့ပါ။

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာခဲ့သော ဆရာဦးသူတော်တို့ သာသနာပြုအဖွဲ့သည် လူပေါင်း(၂၆)ယောက်ရှိသည်။ အပြန်ခရီးတွင် အကျွန်ုပ်တစ်ယောက်ပါရှိ၍ စုစုပေါင်း (၂၇)ယောက်ဖြစ်သည်။ ရေလမ်းကုန်းလမ်းအသွယ်ဖြင့် နံ့ကသူလိုဏ်ဂူတော်ကြီးသို့ သွားကြရသည်။ နွမ်းလျပင်ပန်းသည်ဟု သဘောမထားပါ။ အကျွန်ုပ်ကား ရွှင်လန်းချမ်းမြေ့ပြီး ပျော်ရွှင်၍ပင်နေပါ၏။

အကျွန်ုပ်အပါအဝင် ဆရာဦးသူတော်တို့ သာသနာပြုအဖွဲ့သည် ဘေးမသီရန်မခဘဲ နံ့ကသူလိုဏ်ဂူတော်ကြီးသို့ ကောင်းမွန်ချောမောစွာ ရောက်ရှိကြပါပြီ။ နံ့ကသူလိုဏ်ဂူတော်ကြီးတွင်ရှိသော သာသနာပြုအဖွဲ့သည် အမျိုးသား၊ အမျိုးသမီးပေါင်း လူပေါင်း(၁၀၀)ကျော်ရှိသည်။ ကိုယ့်တာဝန်ကိုယ်ယူပြီး အလုပ်လုပ်နေကြသည်။ ထမင်းဟင်းချက်သူက ချက်၊ ဘုရားကိုဆွမ်းကပ်သူက ကပ်၊ ပန်း၊ ဆီမီး၊ သောက်တော်ရေကပ်သူကကပ်၊ ပန်းရန်ဆရာတွေကို ဦးဆောင်ပြီး ဘုရားစေတီပုထိုးနှင့် မဟာရံအုတ်တံတိုင်းများကို မွမ်းမံပြင်ဆင်သူက မွမ်းမံ၊ အားလုံးတက်ညီလက်ညီ လုပ်ဆောင်နေကြသည်မှာ ပျော်စရာကောင်းလှသည်။ ညဘက်တွင် စုပေါင်းပြီးတရားဓမ္မ ဆွေးနွေးတရားထိုင်ကြသည်ကိုလည်း မြင်တွေ့ရ၏။

အကျွန်ုပ်က ဆရာဦးသူတော်အား . . .





"ကျွန်တော့်ဘဝမှာ နံ့ကသူလိုဏ်ဂူတော်ကြီးကို ပထမအကြိမ်ရောက်ခြင်းပဲ ဆရာ။ ခုလိုခွင့်သာတုန်း ရတုန်းရခိုက်မှာ (၁၀၈)လုံး ပုတီးကုံးနဲ့ တစ်နေ့ (၁၀၈)ပတ် (၉)ရက်တိတိ ပုတီးအဓိဋ္ဌာန်ဝင်ချင်တယ် ဆရာ"

"ပုတီးအဓိဋ္ဌာန်လား (၉)ရက်မဟုတ်ဘူး၊ ကြိုက်သလောက်ဝင်နိုင်ပါတယ်ဆရာ။ ကျွန်တော်ပြောထားတဲ့အတိုင်း နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေးဆေးဝါးကအစ ကျွန်တော်ပြောထားတဲ့အတိုင်း အားလုံးတာဝန်ယူပါတယ် . . ."

ဆရာ ဦးသူတော်၏ တုံ့ပြန်စကားကို ကြားလိုက်ရ၍ အကျွန်ုပ်လွန်စွာမှ ဝမ်းသာပီတိဂွမ်းဆီထိဖြစ်သွားခဲ့သည်။ ထို့ကြောင့် နံ့ကသူလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိပြီး နောက်တစ်နေ့မှ စတင်၍ နံ့ကသူလိုဏ်ဂူတော်ကြီးအတွင်းမှ ရုပ်ပွားတော်တစ်ဆူ ရှေ့တော်မှောက်ဝယ် ပုတီးအဓိဋ္ဌာန်စတင်၍ ဝင်ရောက်ခဲ့ပါ၏။

"သရဏဂုံ၊ ကိုယ်လုံခြုံ၊ လုံးရုံကိစ္စ၊ လို–တ–ရ"ဆိုသော စကားစဉ်အညီ အကျွန်ုပ်သည် သရဏဂုံသုံးပါးကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသည်။ ထိုသရဏဂုံသုံးပါးကိုပင် စဉ်ဆက်မပြတ်အောင် ပုတီးစိပ် (သို့မဟုတ်) ပုတီးအဓိဋ္ဌာန်ဝင်လေ့ရှိသည်မှာ အကျွန်ုပ်၏ အလေ့အကျင့်ပါ။

အကျွန်ုပ်သည် အဓိဋ္ဌာန်ပုတီးမစိပ်မီ ဦးစွာပထမ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားသခင်အား ရှိသေရှိခိုးပူဇော်ကန်တော့သည်။ ထို့နောက်တွင် . . .

"ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤဌာန၊ ဤလိုဏ်ဂူတော်ကြီးအတွင်းအပြင်၌ ရှိရှိကြကုန်သော ဒေဝတာနတ်များ၊ ပရလောကသားများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်းတို့နှင့် အကျွန်ုပ်၏ မိဟောင်း၊ ဖဟောင်း၊ ဘိုးဟောင်း၊ ဘွားဟောင်း၊ ဆွေဟောင်း၊ မိုးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ ကြွရောက်ကြပါရန် ပင့်ဖိတ်ကြားအပ်ပါသည်ခင်ဗျား။

ယခုကြွရောက်လာကြကုန် ပုဂ္ဂိုလ်သတ္တဝါများအနက် အကျွန်ုပ် (––––နေ့သား)ထက် အသက်အရွယ်ကြီးရင့်၍ အဖေအရွယ်ဆိုလေလျှင် အဖေဟုသဘောထားပါသည်။ အမေအရွယ်ဆိုလေလျှင် အမေဟုသဘောထားပါသည်။ အစ်ကိုအရွယ်ဆိုလေလျှင် အစ်ကိုဟုသဘောထားပါသည်၊ ညီအရွယ်ဆိုလေလျှင် ညီဟုသဘောထားပါသည်။ အစ်မအရွယ်ဆိုလေလျှင် အစ်မဟုသဘောထားပါသည်။ ညီမအရွယ်ဆိုလေလျှင် ညီမဟုသဘောထားပါသည်။

ထိုအတူ အကျွန်ုပ် (–––––နေ့သား)အား အသင်တို့ရင်၌ ဖြစ်သော သားသမီးအရင်းအချာကဲ့သို့လည်းကောင်း၊ တစ်အူတုံဆင်း မွေးရင်းသီးချာကဲ့သို့လည်းကောင်း၊ ဆွေမျိုးရင်းချာကဲ့သို့လည်းကောင်း၊ သွေးသောက်ညီအစ်ကို မောင်နှမကဲ့သို့လည်းကောင်း သဘောထား၍ စောင့်ရှောက်မစကူညီပြီး အကျွန်ုပ် (–––––နေ့သား)အား ပြောတိုင်းအောင်၊ လုပ်တိုင်းပြီး၊ ကြံတိုင်းနိုင်အောင်ပြုလုပ်ပေးတော်မူကြပါ။

အကြွင်းမရှိ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြပါကုန်သော လူနတ်ဗြဟ္မာ၊ အပါယ်လေးဘုံ သူလေးဘုံသားများနှင့် ဘုရားသိုက်၊ ရေသိုက်၊ ကုန်းသိုက်၊ ပညာသိုက်၌ စောင့်ရှောက်လျက်ရှိကြကုန်သော သိုက်နန်းရှင်၊ သိုက်ကြမ်း၊ သိုက်ချုပ်ဘိုးတော်ပါမကျန် သဗ္ဗေသတ္တာဟူသမျှတို့သည်လည်းကောင်း။

ယခုအကျွန်ုပ် (––––––နေ့သား) ပြုလုပ်မည့် ပုတီးစိပ်သော ကုသိုလ်တော်အပါအဝင် ဘဝထိုထိုကပြုလုပ်လာခဲ့သော ဒါနကုသိုလ်၊ ယခုပစ္စုပ္ပန် မျက်မှောက်ဘဝကာလ၌ ပြုလုပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ဟူသမျှတို့ကို အကျွန်ုပ် (––––နေ့သား)နှင့် အတူ ထပ်တူထပ်မျှရကြပါလျက် ဝမ်းမြောက်ဝမ်းသာ ကောင်းချီးနမော် သာဓုခေါ်တော်မူနိုင်ကြပါစေသော်ဝ်။





"အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော။
သာဓု . . . သာဓု . . . သာဓု . . .
အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော။
သာဓု . . . သာဓု . . . သာဓု . . .
အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော။
သာဓု . . . သာဓု . . . သာဓု . . ."

BURMESE CLASSIC .com

ပထမဦးစွာ ယင်းသို့အမျှဝေမေတ္တာပို့ပြီး သကာလ၊ အကျွန်ုပ်သည် (၁၀၈)လုံးကြိမ်ပုတီးကုံးကို စတင်၍ စိပ်ပါတော့သည်။ ဖြည်းဖြည်းနှင့် မှန်မှန်စိပ်သည်။ စိတ်ကိုတည်ငြိမ်ထား၍ အပြင်ကသောကများ မဝင်နိုင်အောင် မိမိစိတ်ကို တည်ငြိမ်အောင်ပြု၍ သရဏဂုံသုံးပါးစတင်၍ ပုတီးစိပ်ခဲ့၏။

ပုတီးအပတ်ရေ ကိုးပတ်ဆယ်ပတ်အရောက်တွင်မူ အကျွန်ုပ်၏ နားသီးဝတွင် စကားစိမ်းပန်းရနံ့က ထိတွေ့သွားသဖြင့် ခံစားမှုအသိစိတ်က သိလိုက်သည်။ ထိုသို့ဖြစ်ပျက်သည်မှာ အဆန်းမဟုတ်ပါ။ အကျွန်ုပ်၏ နှစ်ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ ဂန္ဓာရီလှည့်လည်ခဲ့ဖူးသော အတွေ့အကြုံများအရ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးတိုင်းမှာလိုလို အကျွန်ုပ်ကြုံခဲ့ဆုံခဲ့ရဖူးခဲ့၏။

အကျွန်ုပ်၏လက်က ပုတီးကိုဆက်ပြီး စိပ်မြဲတိုင်းပုတီးကိုစိပ်ခဲ့သည်။ စိတ်က ဗုဒ္ဓမြတ်စွာဘုရား၏ သရဏဂုံသုံးပါး၌အာရုံက ညွတ်နေသည်။ ထိုစဉ်ဝယ် ပုတီးအပတ်ရေ (၁၀၈) မရောက်မီဝယ် အကျွန်ုပ်၏ မှိတ်၍ထားသောမျက်စိအာရုံဝယ်၊ အကျွန်ုပ်ရှေ့တည့်တည့်တွင် ဖိတ်ဖြူစင်ကြယ်ဝတ်စားဆင်ယင်ထားသော ပုဂ္ဂိုလ်တစ်ဦးသည် အကျွန်ုပ်နှင့် မျက်နှာခြင်းဆိုင်ဝယ် တင်ပျဉ်ခွေထိုင်နေသည်ကို စိတ်အာရုံဝယ် ထင်ထင်ရှားရှား မြင်တွေ့နေရသည်။ ဤသည်တို့မှာ နက်္ခသုလိုက်ဂူတော်ကြီးဝယ် အဓိဋ္ဌာန်ပုတီးစိပ်နေစဉ် စိပ်နေဆဲကာလ၌ စိတ်အာရုံအတွင်း၌ပါတ်တွင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ရ၊ တွေ့ရ၊ ကြုံရခြင်းတို့ဖြစ်၏။

နံကသူလိုဏ်ဂူတော်ကြီးရှိ သာသနာပြုအဖွဲ့က သက်သတ်လွတ်ဟင်းသုံးမျိုးဖြင့် နေ့စဉ်နေ့တိုင်း ကျွေးမွေးညွှေ့ခဲ့သည်။ အကျွန်ုပ်သည် သက်သတ်လွတ်သမားမဟုတ်ပါ။ တွေ့ရာကြုံရာကို စားသောက်ရန် လေ့ကျင့်ထားသူတစ်ယောက်ဖြစ်သည်။ အကြောင်းကြောင်းကြောင့် ထမင်းနှင့်ဟင်းမရရှိသောအခါ တောတောင်ထဲ၌ သစ်သီးဝလံများကို စားသောက်၍ ကျင့်ကြံအားထုတ်ခဲ့သည်။ သို့သော် အကျွန်ုပ်သည် မီးလွတ်စားသောက်သူ တစ်ယောက်တော့မဟုတ်ပါ။

အကျွန်ုပ်သည် နံကသူလိုဏ်ဂူတော်ကြီးဝယ် သရဏဂုံပုတီး အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ (၉)ရက်ပြည့်မြောက်သောနေ့ဖြစ်သည်။ ဤနေ့တွင်ကား ထူးခြားမှုတစ်ခုကြုံတွေ့ခဲ့ရသည်။ ကြုံတွေ့ရပုံကား ဤသို့တည်း။

ဘုရားရှိခိုး၊ မေတ္တာပို့အမျှပေးဝေပြီး အဓိဋ္ဌာန်ကို စတင်၍ စိပ်သည်နှင့် အကျွန်ုပ်၏ ဂန္ဓာရုံထဲဝယ် ရူးရူးဝါးဝါးစကားစိမ်းပန်းအနံ့က ရရှိနေတော့သည်။ အကျွန်ုပ်သည် စိတ်အာရုံသမာဓိလွတ်၍ မသွားရလေအောင် စိပ်နေသောစိပ်ပုတီးထဲဝယ် စွဲစွဲမြဲမြဲထားရှိကာ ပုတီးစိပ်၍နေ၏။

ပုတီးအပတ်ရေ ငါးဆယ်ကျော်စိပ်ပြီးချိန်ဝယ် အကျွန်ုပ်၏ စိတ်အာရုံထဲဝယ် ရှေ့တည့်တည့်တွင် ပိတ်ဖြူစင်ကြယ်ဆင်မြန်းထားသော ပုဂ္ဂိုလ်တစ်ဦးသည် တင်ပျဉ်ခွေထိုင်ကာ အကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်၍လေ့လာအကဲခတ်နေသည်ကို မြင်တွေ့နေရသည်။ ယခုမှ အကျွန်ုပ်စိတ်အာရုံထဲဝယ် ပေါ်နေသောထိုပုဂ္ဂိုလ်ကို သေချာစွာကြည့်လိုက်သည်။ နှုတ်ခမ်းမွေးကျင်စွယ်နှင့် သျှောင်တစောင်းထုံးထားသည်ကို မြင်တွေ့ရ၏။

(၁၀၈)လုံး ကြိမ်ပုတီးကုံးဖြင့် သရဏဂုံပုတီးအပတ်ရေ (၁၀၈) ပတ်ပြည့်မြောက်သောအခါ လက်ကစိပ်ပုတီးကိုကိုင်လျက် အကျွန်ုပ်၏ မံသစက္ခုမျက်စိနှစ်လုံးဖွင့်၍ ကြည့်လိုက်သောအခါ စိတ်အာရုံထဲဝယ် မြင်တွေ့နေသည့် သျှောင်တစောင်းနှင့် ပိတ်ဖြူစင်ကြယ်ဝတ်ဆင်ထား





သော ထိုပုဂ္ဂိုလ်ကို အမှန်တကယ်မြင်တွေ့လိုက်ရ၏။

မကြာလှပါ။ အများဆုံးကြာမှ ငါးစက္ကန့်ခန့်သာကြာမည်ထင်ရသည်။ အကျွန်ုပ်၏ မျက်စေ့ရှေ့မှောက်တွင် အဓိုးအငွေ့ဖြစ်သွားကာ ပျောက်ကွယ်သွားတော့သည်။ ဤသည်မှာ အမှန်တကယ်သည်း ဖြစ်ကောင်းဖြစ်မည်။ ကျွန်ုပ်၏စိတ်ဆန္ဒအာရုံစွဲလမ်းမှုကြောင့် မရှိကိုအရှိဟု ထင်မြင်ယူဆခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်မည်။ ကေန်ကေ အဟုတ်အမှန်ဟု သေချာစွာမပြောနိုင်ပါ။

ထူးခြားချက်တစ်ခုမှာ ဤအချိန်၊ ဤအခါ၊ ဤသမယတွင် လိုဏ်ဂူတော်ကြီးအတွင်းရှိ အိမ်မြှောင်များအားလုံးသည် ကြွက်ကြွက်ညံအောင်စုတ်ထိုးသံကို ကြားလိုက်သည်။ အကျွန်ုပ်၏ တစ်ကိုယ်လုံးလည်း ကြက်သီးများ ဖြန်းခနဲထသွားသည်ကို သတိပြုလိုက်မိသည်။ ဘာကြောင့် ဤသို့ဖြစ်သည်ကို အကျွန်ုပ်ဉာဏ်မမီ၍ မသိသည်ကအမှန်ဖြစ်ပါ၏။

နံကသူလိုဏ်ဂူတော်ကြီးဝယ် အကျွန်ုပ်၏ သရဏဂုံပုတီး အဓိဋ္ဌာန် (၉)ရက်စိပ်လာခဲ့သည်မှာ ပြီးမြောက်ပြီဖြစ်၍ နောက်တစ်နေ့တွင် ရန်ကုန်မြို့သို့ ပြန်ရန်ပြင်ဆင်သည်။ မပြန်ခင် ဓမ္မမိတ်ဆွေကြီး ဆရာဦးသူတော်ကို အကျွန်ုပ်က သွားရောက်နှုတ်ဆက်၏။

ဆရာဦးသူတော်က ပြုံးပြုံးရွှင်ရွှင်ဖြင့် . . .

"နံကသူလိုဏ်ဂူတော်ကြီးကို ဆရာလည်းရောက်ဖူးနေဖူးပြီပဲ။ နောက်နောင်ကြုံကြိုက်ရင် အခုလိုပဲ ဆရာလာပြီး အဓိဋ္ဌာန်ဝင်ပါ။ မြန်မာနိုင်ငံအရပ်ရပ်က လူတွေလာရောက်ပြီး တရားလာကျင့်ကြတယ်။ ပုတီးအဓိဋ္ဌာန်လည်း ဝင်ကြပါတယ် . . ."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဆရာဦးသူတော် နံကသူလိုဏ်ဂူတော်ကြီး နောက်တစ်ကြိမ်လာရောက်ပြီး ပုတီးအဓိဋ္ဌာန်ဝင်နိုင်အောင်ကြိုးစားပါဦးမယ် . . ."

"ဆရာက ဘယ်ကိုခရီးဆက်ဦးမှာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မြို့ကို ပြန်မှာပါ ဆရာဦးသုတော် . . ."

"သာသနာပြုအဖွဲ့ထဲက ဓမ္မမိတ်ဆွေတစ်ယောက်လည်း ဒီနေ့ပဲ ရန်ကုန်မြို့ကို ကိစ္စတစ်ခုနဲ့သွားစရာရှိနေတယ်။ ဆရာ သူနဲ့အတူလိုက်သွားလေ . . ."

ဟူ၍ ဆရာဦးသုတော်ကပြောပြီး ရန်ကုန်အပြန်ခရီးတွင် အကျွန်ုပ်အတွက် ခရီးဖော်ရှာဖွေပေးသည်။ အကျွန်ုပ်တို့နှစ်ဦးသားသည် ဘေးမသီရန်မခဘဲ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြ၏။

အချိန်အားရရှိလျှင် အကျွန်ုပ်သည် လက်ပေါ်မေးတင်၍ အတွေးနယ်ဝင်ကာ အကျွန်ုပ် ဂန္ဓာရီခရီးလှည့်တည်ခဲ့သော ခရီးစဉ်များကို ပြန်လည်တွေးတော စဉ်းစားလေ့ရှိသည်။ ဤအခါတွင် နံ့ကသူလိုဏ်ဂူတော်ကြီးသို့ သွားရောက်၍ ပုတီးအဓိဋ္ဌာန်ဝင်ခဲ့သော အကြောင်းခြင်းရာတို့ကို ပြန်လည်တွေးတောမိလေတိုင်း ဝမ်းသာပီတိဖြစ်နေရ၏။

နံ့ကသူလိုဏ်ဂူတော်ကြီး တည်ရှိရာဖြစ်သော တောင်ကမ်းပါးကြီးသည် သိဒ္ဓိ၊ မဟိဒ္ဓိရှင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ ပျော်စံသည့် တောင်တန်းကြီးဖြစ်သည်ဟု နာမည်ကျော်ကြားနေသဖြင့် မြန်မာ့ဂမ္ဘီရ သိပ္ပ၊ ဝိဇ္ဇာရေ၊ လောကီပညာရပ်များကို လေ့လာလိုက်စားသူများနှင့် မာတ်ဆက်၊ ပဋ္ဌာန်းဆက်၊ ပါရမီဆက်ရှိသူများ ကိုယ်တိုင်သွားရောက်၍ မိမိတို့အလိုရှိသော လမ်းစဉ်အောင်မြင်ရေးအတွက် အဓိဋ္ဌာန်ဝင်သင့်သောနေရာဌာနထူးတစ်ခုဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါ၏။

❊ ❊ ❊ ❊ ❊

BURMESE CLASSIC .com



**စာရေးသူ၏ဝန်ခံချက်**

ပိန္နဲကွင်းတောရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ(စာအုပ်)၊ မဇော်ဝါ(ရောဝတီ)ရေးသားပြုစုသော "အေးမြမှန်ကူနံ့ကသူ" လိုဏ်ဂူတော်သမိုင်း(စာအုပ်)နှင့် ဆရာဦးသုတော်နှင့် တွေ့ဆုံမေးမြန်းဆွေးနွေးသောအချက်များကို အကျွန်ုပ်၏ မှတ်စုပဒေသာစာအုပ်တွင် ရေးသားမှတ်တမ်းတင်ထားရှိသည်ကို အခြေပြု၍ ရေးသားဖော်ပြခြင်းဖြစ်၏။

❊ ❊ ❊ ❊ ❊

အစဉ်ထာဝရ ဂါရဝတရားဖြင့်
ဆရာကြီးအရိန္နမာ

www.burmeseclassic.com